# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# သတင်းလွှာ

Ministry of Health and Sports Newsletter

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ

အတွဲ (၄)၊ အမှတ် (၁)














စာမျက်နှာ


❖ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးမှ ဝန်ထမ်းများသို့ (၂၀၁၉) ခုနှစ်အတွက် နှစ်သစ်ကူး နှုတ်ခွန်းဆက်လွှာနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ ၁

❖ Message to our staff members for 2019 ၄

❖ (၂၀၁၈) ခုနှစ်အတွင်း ကျင်းပဆောင်ရွက်ခဲ့သည့် အဓိကအခမ်းအနားများနှင့် တွေ့ဆုံဆွေးနွေးပွဲများ ၇

❖ ဆောင်ရွက်လုပ်ရှားမှု သတင်းများ ၂၉

❖ အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများ ၈၄

❖ ပြည်ပသို့ အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ လေ့လာရေးနှင့် သင်တန်း စေလွှတ်မှုများ ၁၁၃

❖ ပြောင်းလဲတိုးတက်ဆောင်ရွက်နိုင်မှုများ ၁၁၄




# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးမှ ဝန်ထမ်းများသို့ (၂၀၁၉) ခုနှစ်အတွက် နှစ်သစ်ကူးနှုတ်ခွန်းဆက်လွှာနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ

မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ မြို့ပေါ်နှင့် ကျေးလက်ဒေသများ၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူသောဒေသများ၊ ခက်ခဲသောဒေသများအားလုံးတွင် နေထိုင်ကြသော ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့ကြသော ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ဦးစွာပထမ ပြောကြားလိုပါသည်။ ဝန်ထမ်းများသည် လုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေ ပြီးပြည့်စုံမှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိတို့ လုပ်ငန်းတာဝန်များကို အကောင်းဆုံး ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများ အပြည့်အဝ လွှမ်းခြုံဆောင်ရွက်နိုင်ရန်အတွက် ရရှိထားသော ဘဏ္ဍာငွေအင်အား၊ လူအင်အား၊ ပစ္စည်းအင်အားများဖြင့် လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာမရွေးဘဲ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ပြည်သူများအား ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန်ဆိုသည့် တစ်ခုတည်းသောရည်မှန်းချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ မကြာမီရောက်ရှိတော့မည်ဖြစ်သော (၂၀၁၉-၂၀၂၀) ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေပိုမိုရရှိစေရန်အတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံတော်ဘဏ္ဍာငွေဖြင့် လုပ်ငန်းရပ်တည်ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပြည်ပအကူအညီ၊ အထောက်အပံ့များမှာ သေချာရေရာမှုမရှိဘဲ ခန့်မှန်းရခက်ပြီး အဆိုပါအထောက်အပံ့ရရှိမှုများမှာ နိုင်ငံရေး၊ စီးပွားရေးစသည့် အချက်အလက်များစွာအပေါ်တွင်မူတည်နေပြီး ၎င်းအချက်အလက်များမှာ မိမိတို့မှ ထိန်းချုပ်နိုင်စွမ်း မရှိပါ။

မိမိတို့အနေနှင့် သမားရိုးကျ စဉ်းစားတွေးခေါ်သည့် နည်းလမ်းများမှခွဲထွက်၍ ဆန်းသစ်တီထွင်သည့် ကိုင်တွယ် ဖြေရှင်းနည်းများကိုကြံဆပြီး ရှေ့အနာဂတ်တွင်ကြုံတွေ့ရမည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကိုလည်း မျှော်မှန်းထားရန် လိုအပ်မည်ဖြစ်ပါသည်။ မိမိတို့ကြုံတွေ့ရမည့် အကြောင်းခြင်းရာများကို အကောင်းမြင်သည့်ရှုထောင့်မှ ညှိနှိုင်းဆောင်ရွက်ကြရန်လည်း လိုအပ်ပါသည်။ လာမည့် (၂) နှစ်အတွင်း လုပ်ရိုးလုပ်စဉ်လုပ်ငန်းများမှ တတ်နိုင်သရွေ့ ခွဲထွက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

လက်ရှိအစိုးရ၏ ပထမ (၃) နှစ်တာကာလအတွင်း ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများနှင့်အညီ မိမိတို့၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အား အပြောင်းအလဲများနှင့် တိုးတက်မှုများစွာကို ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။ ထိုသို့ဖော်ဆောင်ပေးနိုင်ခဲ့ခြင်းမှာ "ပြောင်းလဲနေသော Epidemiological Situation ကို လိုက်၍ နည်းဗျူဟာများကို ပြောင်းလဲရမည်၊ ပြုပြင်မွမ်းမံဆောင်ရွက်ရမည် " ဟူသော ပြည်သူ့ကျန်းမာရေး၏ အခြေခံသဘောတရားနှင့် ကိုက်ညီကြောင်းတွေ့ရှိရပါသည်။

မိမိတို့၏ ကျန်းမာရေးစနစ်အား မီးရထားလမ်းစနစ်နှင့် နှိုင်းယှဉ်၍ ပြောကြားလိုပါသည်။ ပထမ (၃) နှစ်တာကာလအတွင်း လမ်းကြောင်းအတွက် လိုအပ်သောအရာများကို အံဝင်ခွင်ကျ ထည့်သွင်းပေးထားပြီးဖြစ်၍ လက်ရှိကာလတွင် အဆိုပါဖောက်လုပ်ထားသော လမ်းကြောင်းအတိုင်း မီးရထားတစ်စင်းခုတ်မောင်းသကဲ့သို့ ယုံကြည်ချက်ရှိရှိဖြင့် ရှေ့ဆက်၍ ချီတက်ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ခုတ်မောင်းနေသည့်ရထားအား ရပ်တန့်ခြင်း၊ အရှိန်လျှော့ချခြင်း၊ လမ်းကြောင်းအနည်းငယ်ပြောင်းလဲခြင်းနှင့် လမ်းကြောင်းသစ် ဖောက်လုပ်ခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

မိမိတို့အနေနှင့် မျှော်မှန်းထားသော အခက်အခဲများနှင့် မျှော်မှန်းထားခြင်းမရှိသော အခက်အခဲများကို အတိုင်းအတာတစ်ခုထိ ကျော်လွှားနိုင်ခဲ့ပြီဖြစ်ပါသည်။ မိမိတို့ ဝန်ထမ်းများအနေနှင့် ငွေအင်အား၊ လူအင်အား၊ ပစ္စည်းအင်အား၊ အလုပ်လုပ်ရသည့် ပတ်ဝန်းကျင်ကန့်သတ်မှုများနှင့် ပြည်သူလူထု၏ တိုးမြင့်လာသော တောင်းဆိုချက်များရှိသည့်ကြားက မိမိတို့ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်ခဲ့မှုများအား အထက်အဆင့်စီမံခန့်ခွဲသူများအနေနှင့် ယေဘုယျအားဖြင့် အားရကျေနပ်မှုရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဦးဆောင်သူတစ်ဦးအနေဖြင့် အောက်ခြေအဆင့်မှစ၍ အမြင့်ဆုံးအဆင့်ထိ ဝန်ထမ်းများအားလုံး၏ ကြိုးပမ်းဆောင်ရွက်မှုများအား အသိအမှတ်ပြုမှတ်တမ်းတင်ထားရှိပါကြောင်း ပြောကြားလိုပါသည်။ မိမိတို့အနေနှင့် ဝန်ထမ်းများ၏ တောင်းဆိုချက်များအားလုံးကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ခဲ့ခြင်းမရှိသော်လည်း ဝန်ထမ်းများမှ မိမိတို့အလုပ်အပေါ်တွင် အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

မိမိတို့အနေနှင့် ရှေ့ဆက်၍ လုပ်ငန်းများကို ယခင်ကထက် ပိုမိုပေါင်းစည်းညီညွတ်စွာဖြင့် အချင်းချင်းလေးစားမှု၊ အသင်းအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်မှု၊ ကူညီရိုင်းပင်းမှုတို့ဖြင့် ဖြစ်ပေါ်လာမည့် အကြောင်းခြင်းရာတို့ကို ကြိုတင်မျှော်တွေးကာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ကျန်းမာရေးနှင့် ၎င်း၏နီးနွယ်သောလုပ်ငန်းများ (အထွေထွေစီမံခန့်ခွဲမှု၊ ကုသရေး၊ သုတေသန၊ ပြည်သူ့ကျန်းမာရေးနှင့် သူနာပြုသားဖွားကျင့်ဝတ်ဆိုင်ရာအပါအဝင်) နှင့်ပတ်သက်၍ အငြင်းပွားဖွယ်ကိစ္စရပ်များ ပေါ်ပေါက်လာပါကလည်း ပူးပေါင်းညှိနှိုင်းအဖြေရှာမည့် အလေ့အထကိုလည်း ဖော်ဆောင်သွားမည်ဖြစ်ပါသည်။

နောင်လာမည့် (၂) နှစ်တာ ကာလအတွင်းတွင် အောက်ဖော်ပြပါလုပ်ငန်းများကို အဓိကဆောင်ရွက်သွားမည် ဖြစ်ပါသည် -

၁။ Checklist များအသုံးပြု၍ မိမိတို့၏လုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးခြင်း၊

၂။ စီမံချက်များ၊ စီမံကိန်းများ (Projects & Programs) ကို လိုအပ်သလိုသုံးသပ်ခြင်း၊

၃။ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs ၊ NGOs)၊ ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများ (CBOs)၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ (EHOs)၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခြားသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပိုမိုစနစ်ကျစွာနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ခြင်း၊

၄။ ရရှိထားသော ကျန်းမာရေးဆိုင်ရာဘဏ္ဍာငွေများကို ထိရောက်စွာ ခွဲဝေချထားပေးခြင်းနှင့် အကျိုးရှိစွာသုံးစွဲခြင်း (ဆေးနှင့် ဆေးပစ္စည်း ဝယ်ယူဖြန့်ဖြူးခြင်းလုပ်ငန်း)၊

၅။ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာသုတေသန (Implementation Research) များကို ပိုမိုဆောင်ရွက်ခြင်း၊

၆။ မြန်မာနိုင်ငံဆရာဝန်အသင်း (MMA)နှင့် ပူးပေါင်း၍ အရည်အသွေးမြှင့်သင်တန်းများကို အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ဆရာဝန်များထံ ဖြန့်ဝေထားပြီးသော Mobile Tablet များဖြင့် အီလက်ထရောနစ်နည်းပညာအသုံးပြု၍ ဆောင်ရွက်ခြင်း၊

၇။ အဆိုပါ Mobile Tablet များကို အကောင်းဆုံးအသုံးချနိုင်ရန်အတွက် ဆောင်ရွက်ခြင်း၊ ဥပမာ - DHIS2 ဖြင့် သတင်းအချက်အလက်များရယူဆောင်ရွက်ခြင်း၊ ကျန်းမာရေးဌာနများတွင် ဆေးဝါးရရှိမှုနှင့် အသုံးပြုမှုအခြေအနေကို ကြီးကြပ်ဆန်းစစ်ခြင်း၊ သုတေသနစစ်တမ်းအမျိုးမျိုးကို ကောက်ယူခြင်း၊

၈။ စီမံချက်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြားစီမံချက်များ၏ ဖော်ထုတ်ထားပြီးသော နည်းဗျူဟာများနှင့် ချိန်ထိုးဆောင်ရွက်ခြင်း၊

၉။ ဦးစီးဌာနများ၏ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုအရည်အသွေးများ ပိုမိုကောင်းမွန်စေရန် မြှင့်တင်ဆောင်ရွက်ခြင်း။

၁၀။ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများ၏ ကုသရေးဆိုင်ရာဝန်ဆောင်မှု အရည်အသွေးများ တိုးမြှင့်လာစေရန် ဆောင်ရွက်ခြင်းနှင့် အဆိုပါဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဆရာဝန်များ၏ ဆေးဝါးကုသမှုနှင့် ခွဲစိတ်ကုသမှုဆိုင်ရာ အရည်အသွေး တိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

၁၁။ ပြည်သူ့ကျန်းမာရေးနှင့် ဆေးရုံဆိုင်ရာ ကျန်းမာရေးသတင်းစနစ် (Cancer registry အပါအဝင်) နယ်ပယ်တွင် သတင်းအချက်အလက်ရရှိနိုင်မှုနှင့် စီမံခန့်ခွဲမှုစနစ် တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်း၊

၁၂။ အစည်းအဝေးများကျင်းပသည့်အကြိမ်အရေအတွက် လျှော့ချခြင်းနှင့် အဆိုပါအစည်းအဝေးများအား တတ်နိုင်သမျှ အချိန်တိုအတွင်း ပြီးစီးအောင်ဆောင်ရွက်ခြင်းအားဖြင့် ထိရောက်ပြီး အကျိုးရှိသည့်ရလဒ်များ ထွက်ပေါ်လာစေရန် ဆောင်ရွက်ခြင်း၊

၁၃။ ဝန်ကြီးဌာနအတွင်း အီလက်ထရောနစ် ရုံးစာစီမံခန့်ခွဲမှုစနစ် (Electronic in house memo transmission system) စတင်တည်ထောင်ဆောင်ရွက်ခြင်း၊

၁၄။ ဆေးနှင့်ဆေးပစ္စည်းစီမံခန့်ခွဲမှုစနစ် (Supply chain management system) အား ရိုးရှင်း၍ ပြီးပြည့်စုံပြီး လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ တုံ့ပြန်ပြောင်းလဲနိုင်သော စနစ်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

၁၅။ မကူးစက်တတ်သောရောဂါများ လျော့ကျစေရန်အတွက် ဦးစားပေးအာရုံစိုက်၍ ဆောင်ရွက်ခြင်း၊

၁၆။ ကလေးသူငယ်များ၏ အာဟာရအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

၁၇။ ပြည်သူ့ကျန်းမာရေးနှင့်ဆေးရုံသတင်းစနစ်အား ကျစ်လျစ်ပြီး ပြီးပြည့်စုံ၍ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်မည့် သတင်းစနစ်တစ်ခုဖြစ်လာစေရန် ဆောင်ရွက်ခြင်း၊

၁၈။ ဝန်ထမ်းအိမ်ရာများဦးစားပေးဆောင်ရွက်ခြင်း (Year of housing) နှင့်သတင်းအချက်အလက်များစနစ်အားဖြည့်ဆောင်ရွက်ခြင်း(Year of information)စသည့် ဆောင်ပုဒ်များကို ဆက်လက်အကောင်အထည်ဖော်ခြင်း၊

၁၉။ အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁)၏ လုပ်ငန်းများကို အင်တိုက်အားတိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

၂၀။ အထူးကုဆရာဝန်များ၊ သူနာပြုများနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များကို လိုအပ်ချက်အရ မွေးထုတ်ခြင်းနှင့်

၂၁။ "Healthy Myanmar" ရည်မှန်းချက်ကို ပြည့်မီစေရန် "ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး" (Exercise is Medicine) ဆောင်ပုဒ်အား အလေးအနက်ထားဆောင်ရွက်ခြင်းနှင့် ကျောင်းကျန်းမာရေး၊ ကျန်းမာရေးအသိပညာမြင့်တင်ရေးလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း။

အဓိကအရေးပါသောလုပ်ငန်းတစ်ရပ်မှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၊ ဌာနခွဲများ၊ ဌာနစိတ်များ တစ်ခုချင်းအနေဖြင့် မိမိတို့၏ လုပ်ငန်းများနှင့်ရလဒ်များမှာ ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်သို့ ပြည့်မီခြင်း ရှိမရှိ ပြန်လည်သုံးသပ်ရန်ဖြစ်ပါသည်။ အဆိုပါအဖွဲ့အစည်းများအနေဖြင့် မှန်ကန်သည့်လမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းပါက မအောင်မြင်နိုင်စရာ အကြောင်းမရှိပါ။ လက်ရှိအစိုးရ၏ ကျန်ရှိသောသက်တမ်း (၂) နှစ်တာကာလအတွင်း မိမိတို့အနေဖြင့် သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို အရှိန်အဟုန်မြှင့်၍ စနစ်တကျ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ပြင် မိမိတို့တွင်ရှိသော အရင်းအမြစ်များကိုလည်း အကျိုးရှိထိရောက်စွာ၊ အလေအလွင့်နည်းပါးစွာဖြင့် သုံးစွဲဆောင်ရွက်ရမည် ဖြစ်ပါသည်။

မိမိအနေနှင့် ကျစ်လျစ်ပြီး ရေရှည်တည်တံ့မှုရှိသော၊ ထိရောက်ပြီး အလေအလွင့် နည်းပါးသော၊ ပြည်သူ့ကျန်းမာရေးနှင့် ဆေးဝါးကုသမှုနယ်ပယ် (၂) ရပ်စလုံးကို လွှမ်းခြုံနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကြီး ပေါ်ထွန်းလာစေရန် မျှော်လင့်ပါကြောင်းနှင့် သို့မှသာ ပြည်သူလူထုအား ထိထိရောက်ရောက်နှင့် အလေအလွင့် နည်းပါးစွာ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားလိုပါသည်။ မိမိတို့အနေနှင့် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် အချင်းချင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး ဝေးလံခက်ခဲသောဒေသရှိ ပြည်သူများကိုလည်း မေ့လျော့မထားရန် လိုအပ်မည်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် "စည်းလုံးညီညာ အောင်ကြောင်းဖြာ" (United we stand, Divided we fall)၊ "တစ်ဦးနှင့်တစ်ဦး ကူညီဆောင်ရွက်ခြင်းသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အန္တိမရည်မှန်းချက်ကို ပြည့်မီစေရန် အကောင်းဆုံးနည်းလမ်း" (Helping each other is the best approach to achieve our ultimate objectives of the MOHS in no time) စသည့် ဆောင်ပုဒ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အတူတကွပူးပေါင်းဆောင်ရွက်ခြင်းသည် တစ်ဦးချင်းဆောင်ရွက်မှုထက် သာလွန်သော တိုးတက်မှုကို ရရှိမည်ဖြစ်ပြီး အဆိုပါတိုးတက်မှုမှာ ထပ်ကိန်းဖြင့် ဆတိုး တိုးတက်မှုဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပေသည်။

**ဒေါက်တာမြင့်ထွေး**

**ပြည်ထောင်စုဝန်ကြီး**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## Message to our staff members for 2019

Firstly, I would like to convey my sincere token of appreciation to all of you serving our population residing in all states and regions, far and near, urban and rural, easy to reach as well as hard to reach areas. You have done great jobs in spite of the fact that not all working conditions are fully favorable. We have distributed all the resources that we have for carrying out health care activities with the sole aim of improving the health status of the population, irrespective of the creed, race, religion, social status, and residence of stay. We will try our level best to get more budgetary resources from the government in 2019-2020 financial year, which is starting soon. After all, we need to stand on our own feet. External resources will come and go and it is unpredictable. Incoming resources will depend on several factors and some or many are beyond our control.

We need to do more out-of-the-box thinking, field innovative approaches, also look forward and above the horizon and consider challenges as opportunities. We should discern issues from positive perspectives with a compromising attitude. To the extent possible, we will not do business as usual in the coming two years.

We have made several changes and improvements in our health care delivery system during the first three years of this government as per the demand of the evolving situations. This is very much in line with one of the basic principles of public health, i.e., change or modify the strategy or our mode of work as per the changing epidemiological situation.

I would like to give an analogy of the railway system to that of our health system. We have put in place many things on track during the first three years and now we need to move ahead with confidence like an engine of the train, moving on the path that we have created. We can stop or slow down the train whenever there is a need. In addition, we may do some slight track changes and we can even put additional tracks, if need be.

We are successful to a certain extent in overcoming the challenges, both expected and unexpected. Senior management is generally satisfied with the works of our staff given the fact that we have limited resources in terms of budget, human resource for health, working environment, existing capacity and capability of our staff and increasing demand from the population at large.

As the head of the Ministry of Health and Sports, I would like to put on record my sincere appreciation to all my staff members starting from the lowest to the highest level of the echelon. This is particularly more so because you have shown your devotion or commitment to your work in spite of the fact that we could not be able to give all the demand that you have put forward.

We will continue to work more cohesively, proactively, respecting, teaming, helping and cooperating each other more so than before. We will also inculcate the spirit of compromise whenever there is a contentious issue on any health and health related activites in the context of general, medical, research, public health, nursing and midwifery ethics, etc.

In the coming two years we will do more, among others, on

(1) monitoring our activities using check lists,

(2) evaluating our projects and programs as and when required,

(3) working more closely and systematically with INGOs, NGOs, CBOs, EHOs, like-minded organizations, development partners and UN agencies,

(4) allocating and spending our available health budget more wisely and judiciously – including procurement of supplies and equipment,

(5) conducting more implementation research,

(6) doing joint capacity building activities electronically (with Myanmar Medical Association) starting t he latter part of 2019 through the use of tablets already distributed to basic health services staff and medical doctors,

(7) making the best and optimum use of our tablets on many perspectives – data transmission using DHIS II, monitoring medicine availability at health institutions, conducting survey research on many aspects,

(8) implementing program activities by way of cross referencing the strategies of various programs already formulated,

(9) upgrading and fine tuning financial management of departments under our ministry,

(10) enhancing the quality of medical services rendered at various health institutions as well as improving clinical and surgical acumen of our doctors working in various health institutions,

(11) improving data availability and data management system in the field of public health and hospital information system – including cancer registry

(12) conducting less number of meetings and making every meeting effective and finishing in a shortest possible period of time and resulting in an effective, output or outcome oriented meeting,

(13) developing and establishing electronic in-house memo transmission system,

(14) making our supply chain management system simple yet responsive and dynamic,

(15) concentrating and prioritizing more on reducing the burden of non-communicable diseases,

(16) promoting nutrition status of children as a priority area of work by way of proactively collaborating with relevant ministries,

(17) making our health and hospital information system dynamic, responsive, and compact yet comprehensive,

(18) continuing the slogan "Year of Housing" and "Year of Information",

(19) continuing vigorously the activities of our NHP 2017-2021 in a systematic manner,

(20) producing specialist doctors, nurses and para medical professionals as per the specific requirement of respective disciplines, and last but not the least,

(21) seriously pursuing the theme "Exercise is Medicine" with objective of achieving "Healthy Myanmar". We will further heighten the momentum of our school health and health literacy promotion activities applying various modus operandi.

One crucial aspect is that each unit or section or division or department in the Ministry of Health and Sports should review its own work and output with reference to respective set objectives or goals. Are we achieving as per the intended direction? If each entity is going in that direction, there is no way that we cannot be successful. As time left for this government is only two years, we need to step up or increase our momentum of work and also carry out our duties systematically. We should also not lose sight of efficient utilization of resources while at the same time reducing the wastage to the minimum.

I am looking forward to have a compact, sustainable and efficient health care delivery system covering both public health and clinical domain so that we can serve our population effectively and efficiently. Let us work together as a closely knitted team. We will not forget our population living in remote and hard-to-reach areas. Let us also follow the notion of "United we stand" and "Divided we fall" and "Helping each other is the best approach to achieve our ultimate objectives of the Ministry of Health and Sports in no time". Combined action is synergistic and progressive and progress can be observed exponentially and geometrically rather than arithmetically.

**Dr Myint Htwe**

**Union Minister for Health and Sports**

# ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့သည့် အဓိကအခမ်းအနားများနှင့်တွေ့ဆုံဆွေးနွေးပွဲများ

- **၃-၁-၂၀၁၈**
  - MPH နှင့် MHA ဘွဲ့ရရှိခဲ့ကြသော ဆရာဝန်များမှ လာရောက်ဂါရဝပြုတွေ့ဆုံခြင်း။
- **၈-၁-၂၀၁၈**
  - (၄၆)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံနှင့် သွေးခြင်ဆီအစားထိုးကုသဆောင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- **၁၀-၁-၂၀၁၈**
  - ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာမဟာသိပ္ပံ(MPTM)ဘွဲ့ရ ဆရာဝန်များနှင့်တွေ့ဆုံခြင်း။
- **၁၁-၁-၂၀၁၈**
  - သစ်လွင်ဆေးဘက်ကျွမ်းကျင် (ဓာတ်မှန်/အကြော/ဆေးဝါး)ဝန်ထမ်းများအားတွေ့ဆုံခြင်း။
  - ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၈) သို့ တက်ရောက်ခြင်း။
- **၁၂-၁-၂၀၁၈**
  - (၁၈) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
- **၁၃-၁-၂၀၁၈**
  - ကျန်းမာဖျတ်လတ်သော သက်ကြီးရွယ်အိုဘဝကို လူတိုင်းပိုင်ဆိုင်ရရှိရေးနှင့် သက်ကြီးရွယ်အိုစောင့်ရှောက် ရေးလုပ်ငန်းများအားမြန်မာနိုင်ငံ၏ ရှုထောင့်အမြင်မှဆွေးနွေးခြင်း စာတမ်းဖတ်ပွဲသို့ တက်ရောက်ခြင်း။
  - မေးရိုးနှင့်မျက်နှာခွဲစိတ် Maxillo-facial ဆေးလက်တွေ့ပညာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများ၊ အထူးကု ဆရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း။
- **၁၄-၁-၂၀၁၈**
  - ကမ္ဘာ့ရန်ပုံငွေအဖွဲ့၊ Office of Inspector General (OIG) မှ Lead Auditor ဖြစ်သူ Mr. Augustine Agyeman-Duah နှင့် တွေ့ဆုံခြင်း။
  - နှလုံးနှင့် သွေးကြောရောဂါဆေးပညာ (Cardiac-Medicine) ဘာသာရပ်၊ နှလုံးနှင့် သွေးကြောရောဂါ ခွဲစိတ်ကု (Cardiac-Surgery) ဘာသာရပ်၊ ဦးနှောက်နှင့် အာရုံကြောရောဂါဆေးပညာ (Neuro-Medicine) ဘာသာရပ်နှင့် ဦးနှောက်နှင့် အာရုံကြောရောဂါခွဲစိတ်ကု (Neuro-Surgery) ဘာသာရပ်များမှ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံခြင်း။
  - ရန်ကုန်မြို့ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဧည့်ရိပ်သာ၌ ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ယခုထက်ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခြင်း။
- **၁၆-၁-၂၀၁၈**
  - ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ကျင်းပသော သူနာပြု/ သားဖွား/ နှီးနွှယ်သင်တန်း ကျောင်းများမှ ကျောင်းအုပ်ကြီး/ ကျောင်းအုပ်များ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
  - အင်္ဂလန်နိုင်ငံ University of Oxford မှ Professor David Alan Warrell နှင့် ဩစတြေးလျနိုင်ငံ Toxinology Department , Adelaide မှ Professor Julian White AM တို့အဖွဲ့အား တွေ့ဆုံခြင်း။
- **၁၇-၁-၂၀၁၈**
  - ထိုင်းနိုင်ငံ ပိုလိုအားကစားအဖွဲ့ချုပ်မှ Honorary Adviser, Mr. Thomas Ash Claytor နှင့်အဖွဲ့အား တွေ့ဆုံခြင်း။
  - 3MDG Fund မှ ညွှန်ကြားရေးမှူး Mr. Oren Ginzburg နှင့် LIFT Fund မှ ညွှန်ကြားရေးမှူး Ms. Katy Webly တို့အား တွေ့ဆုံခြင်း။
  - မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E Ms. Tone Tinnes အားတွေ့ဆုံခြင်း။

- **၁၈-၁-၂၀၁၈** - အစားအသောက် ဓာတုဗေဒဆိုင်ရာ နိုင်ငံတကာအဆင့်မီ ရည်ညွှန်းဓာတ်ခွဲခန်းနှင့် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
- **၁၉-၁-၂၀၁၈** - အားကစားနှင့် ကာယပညာဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၂၀-၁-၂၀၁၈** - (၆၄) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံသို့ တက်ရောက်ခြင်း။
  - မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း။
- **၂၁-၁-၂၀၁၈** - ၂၀၁၈ ခုနှစ်၊ ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲသို့ တက်ရောက်ခြင်း။
- **၂၂-၁-၂၀၁၈** - အမေရိကန်နိုင်ငံ၊ Duke University, Global Health Institute မှ Director ဖြစ်သူ Dr. Christopher V. Plowe; Division of Infection Diseases, Global Heath Institute and Nicholas School of Environment, Duke University မှ Professor Gregory C. Gray; အမေရိကန်နိုင်ငံ၊ University of Maryland, Department of Geographical Sciences မှ Associate Professor Tatina Loboda တို့ ပါဝင်သောအဖွဲ့အားတွေ့ဆုံခြင်း။
- **၂၉-၁-၂၀၁၈** - တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ကထိကများ၊ နည်းပြဆရာ/ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား/သူများနှင့် တွေ့ဆုံခြင်း။
- **၃၀-၁-၂၀၁၈** - သားဖွားသင်တန်းကျောင်း (နေပြည်တော်) ၏ ပထမအကြိမ် သားဖွားဒီပလိုမာ အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်ခြင်း။
- **၁-၂-၂၀၁၈** - ဂျာမနီနိုင်ငံ၊ သံအမတ်ကြီး Mrs. Dorothee Janetzke-Wenzel နှင့်အဖွဲ့အား တွေ့ဆုံခြင်း။
  - စင်ကာပူသမ္မတနိုင်ငံ၊ သံအမတ်ကြီး H.E. Ms. Vanessa Elisabeth Chan Yuen Ying နှင့်တွေ့ဆုံခြင်း။
- **၃-၂-၂၀၁၈** - ASEAN Society of Colorectal Surgeons ညီလာခံသို့ တက်ရောက်ခြင်း။
  - ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံရှိလူနာဆောင်များ၊ ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုခြင်းနှင့် ဆေးရုံရှိဝန်ထမ်းများနှင့်တွေ့ဆုံခြင်း။
- **၆-၂-၂၀၁၈** - နေပြည်တော်စည်ပင်ရိပ်သာရှိ လွှတ်တော်ကိုယ်စားလှယ်များအတွက်ဖွင့်လှစ်ထားသော ကျန်းမာရေးဆေးခန်းနေရာတွင် လွှတ်တော်ကိုယ်စားလှယ်များအား အခြေခံကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ပေးလျက်ရှိနေသည်ကို သွားရောက်ကြည့်ရှုစစ်ဆေးခြင်း။
  - အင်ဒိုနီးရှားနိုင်ငံ၊ သံအမတ်ကြီး H.E. Dr. Ito Sumardi နှင့် အဖွဲ့အားတွေ့ဆုံခြင်း။
- **၇-၂-၂၀၁၈** - Safe Delivery Mobile Application (အန္တရာယ်ကင်းစွာမွေးဖွားခြင်းဆိုင်ရာ မိုဘိုင်းအပလီကေးရှင်း) စတင်မိတ်ဆက်ဆောင်ရွက်ခြင်း အခမ်းအနားသို့တက်ရောက်ခြင်း။
- **၈-၂-၂၀၁၈** - ၂၀၁၈ခုနှစ်၊ အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့်မသန်စွမ်းစက်ဘီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခြင်း။
  - ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း (Community Clinics) လုပ်ငန်းများ ဆန်းစစ်ဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- **၉-၂-၂၀၁၈** - မြန်မာနိုင်ငံ အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့်ဆေးပစ္စည်းများဆိုင်ရာ အာဏာပိုင်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၁၄-၂-၂၀၁၈** - မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ (၁/၂၀၁၈) အကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။

- **၁၅-၂-၂၀၁၈** - အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအား တင်ပြအစီရင်ခံခြင်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ခြင်း။
  - ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း၏ ဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံခြင်း ။
- **၁၆-၂-၂၀၁၈** - သူနာပြုတက္ကသိုလ်၊ရန်ကုန်၏ (၂၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- **၁၇-၂-၂၀၁၈** - အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းဆိုင်ရာ နိုင်ငံတကာအစည်းအဝေးနှင့် အသည်းရောဂါဆိုင်ရာ အာဆီယံနိုင်ငံများဆွေးနွေးပွဲသို့တက်ရောက်ခြင်း။
  - သန်လျင်မြို့အထွေထွေရောဂါကုဆေးရုံကြီး၏ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဆေးရုံအတွင်းကြည့်ရှုစစ်ဆေးခြင်း။
- **၁၈-၂-၂၀၁၈** - လှိုင်သာယာမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း။
- **၁၉-၂-၂၀၁၈** - ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် GC Corporation ဥက္ကဋ္ဌတို့အားတွေ့ဆုံခြင်း။
- **၂၀-၂-၂၀၁၈** - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံပွဲသို့တက်ရောက်ခြင်း။
- **၂၂-၂-၂၀၁၈** - B.Sc (Sports) သိပ္ပံဘွဲ့ (အားကစားပညာ) ရရှိသော ဘွဲ့ရကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံခြင်း။
  - မြန်မာနိုင်ငံဆိုင်ရာကျူးဘားနိုင်ငံ၊သံအမတ်ကြီး H.E. Mr. Hector Conde Almeida အားတွေ့ဆုံခြင်း။
- **၂၄-၂-၂၀၁၈** - ၂၀၁၈ ခုနှစ် ရာသီတုပ်ကွေးရောဂါကာကွယ်တုံ့ပြန်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
  - (၁၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ညီလာခံအစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၂၅-၂-၂၀၁၈** - USAID HIV/AIDS Flagship(UHF)Project စီမံချက် စတင်ဆောင်ရွက်ခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။
  - ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာအဖွဲ့၏ နှစ်ပတ်လည်နှင့် အသစ်ပြန်လည်ဖွဲ့စည်းရေး အစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၂၆-၂-၂၀၁၈** - ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဝတ္တုတို၊ ဆောင်းပါး၊ ဓာတ်ပုံပြိုင်ပွဲဆုရရှိသူများနှင့် အတက်ကြွဆုံးလှုပ်ရှားပါဝင်ခဲ့သည့်ဒေသများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့တက်ရောက်ခြင်း။
- **၂၇-၂-၂၀၁၈** - အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများတွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ခြင်း။
- **၂၈-၂-၂၀၁၈** - UNIDO Regional Director and Representative Mr. Stein R. Hansen အား တွေ့ဆုံခြင်း။
  - Interagency Coordination Committee (ICC) (၁/၂၀၁၈) အစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၆-၃-၂၀၁၈** - ကျောင်းကျန်းမာရေးဗဟိုကော်မတီအစည်းအဝေး (၁/၂၀၁၈) သို့ တက်ရောက်ခြင်း။
- **၇-၃-၂၀၁၈** - ဂျပန်နိုင်ငံဓာတ်မှန်ပညာရပ်ဆိုင်ရာအသင်း Japanese Society of Radiological Technology (JSRT) မှ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ Mr.Yasuo Okuda နှင့်အဖွဲ့အား တွေ့ဆုံခြင်း။
- **၉-၃-၂၀၁၈** - မြန်မာ CDC ဖွဲ့စည်းနိုင်ရေးနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကွန်ပျူတာစနစ် ဆောင်ရွက်နေမှု ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
  - နိုင်ငံ့ဝန်ထမ်းဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်များအား အကာအကွယ်ပေးရေး ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
  - ရခိုင်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်တွင်း/ပြည်ပသတင်းမီဒီယာများ ပိုမိုသိရှိလာစေရေး ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ခြင်း။

- ၁၀-၃-၂၀၁၈ - ဆေးရုံသတင်းအချက်အလက်ဆိုင်ရာ ကွန်ပျူတာစနစ် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- ၁၁-၃-၂၀၁၈ - မြန်မာကျောက်ကပ်ဖောင်ဒေးရှင်း တည်ထောင်မှုအောင်မြင်ခြင်းအခမ်းအနားသို့ တက်ရောက်ခြင်း။
- ၁၂-၃-၂၀၁၈ - ကမ္ဘာ့ရန်ပုံငွေအဖွဲ့၊ Office of Inspector General (OIG) မှ အဖွဲ့ခေါင်းဆောင်ဖြစ်သူ Mr. Augustine Agyeman- Duah အား တွေ့ဆုံခြင်း။
  - ရေကူးအားကစားဖွံ့ဖြိုးတိုးတက်ရေးတွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အရိုးရောဂါကုဆေးရုံကြီး (ကြည့်မြင်တိုင်)တို့အား ရှောင်တခင်ဝင်ရောက်ကြည့်ရှုခြင်း။
- ၁၄-၃-၂၀၁၈ - Gavi, the Vaccine Alliance Board Retreat အစည်းအဝေးသို့ တက်ရောက်ခြင်း။
- ၁၆-၃-၂၀၁၈ - ငလျင်ဘေးအန္တရာယ်အပေါ် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ခြင်း။
- ၁၈-၃-၂၀၁၈ - မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့ (ဒွါဒသမအကြိမ်) နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ခြင်း။
- ၂၀-၃-၂၀၁၈ - ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်များ(Standardized Health Messages) စာအုပ်မိတ်ဆက်ပွဲ၊ စံပြဆေးရုံများဆုချီးမြှင့်ပွဲနှင့် ရှမ်းပြည်နယ်ကျန်းမာရေးသံတမန် ခန့်အပ်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- ၂၂-၃-၂၀၁၈ - စင်ကာပူကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း Singapore Health Services Pte. Ltd. မှ Professor Dr.Tay Boon Keng ဦးဆောင်သော အဖွဲ့နှင့်တွေ့ဆုံခြင်း။
- ၂၃-၃-၂၀၁၈ - ကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားခြင်း။
- ၂၆-၃-၂၀၁၈ - ပြောင်းရွှေ့နေထိုင်သူများဆိုင်ရာအဖွဲ့အစည်း (International Organization for Migration, IOM) မှ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးဦးဆောင်သောအဖွဲ့မှ လာရောက်ဂါရဝပြုတွေ့ဆုံခြင်း။
  - The Union အဖွဲ့၏ Mr. Tara Singh Bam ဦးဆောင်သောအဖွဲ့မှ လာရောက်ဂါရဝပြု တွေ့ဆုံခြင်း။
  - ပထဝီအနေအထားတည်နေရာဆိုင်ရာ ဂြိုလ်တုအခြေပြုအချက်အလက်များ (Geographical Information System-GIS) ကို ကျန်းမာရေးဆိုင်ရာစီမံကိန်းများရေးဆွဲခြင်းနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း အနုစိတ်စီမံချက်များ ရေးဆွဲခြင်းလုပ်ငန်းများတွင် အသုံးပြုရန်တင်ပြသော အစည်းအဝေးသို့ တက်ရောက်ခြင်း။
- ၂၈-၃-၂၀၁၈ - မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားခြင်း။
- ၂၉-၃-၂၀၁၈ - မြန်မာနိုင်ငံ အမျိုးသားပြန်လည်သန့်စွမ်းရေး နည်းဗျူဟာနှင့်အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်သဘောတူညီမှုနှင့် အစီအစဉ်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ခြင်း။
  - တီဘီရောဂါတိုက်ဖျက်ရေး သုံးလပတ်လုပ်ငန်းစီမံချက်ရေးဆွဲရေးညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
  - ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၈)သို့တက်ရောက်၍ ဆောင်ရွက်ရန်ရှိသည်များကို အသေးစိတ်လမ်းညွှန်မှာကြားခြင်း။
  - Korean Asean Friendship Association-Myanmar (KAFA-Myanmar) အဖွဲ့မှ အထွေထွေမန်နေဂျာဖြစ်သူ Mr. Lee Jae Myung ဦးဆောင်သောအဖွဲ့အား တွေ့ဆုံခြင်း။
- ၃၁-၃-၂၀၁၈ - မကွေးတိုင်းဒေသကြီးအတွင်း ဆေးရုံများအား ကြည့်ရှုစစ်ဆေးခြင်း။

- ၄-၄-၂၀၁၈ - လုပ်ငန်းခွင်မဝင်မီ သားဖွားဆရာမအတတ်ပညာရပ်ဆိုင်ရာများကို လေ့ကျင့်သင်ကြားပေးမည့် နည်းပြဆရာများအတွက် လက်တွေ့အသုံးချလက်စွဲစာအုပ်အား အသိပေးဖြန့်ဖြူးခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- ၅-၄-၂၀၁၈ - ကင်ဆာမှတ်ပုံတင်စာရင်းစနစ်စီမံချက်နှင့်ပတ်သက်၍ Vital Strategies အဖွဲ့နှင့် Bloomberg Data for Health Initiative အဖွဲ့တို့မှတာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံခြင်း။
  - UNAIDS အဖွဲ့မှ Country Director ဖြစ်သူ Mr. Oussama Tawil နှင့်အဖွဲ့အား တွေ့ဆုံခြင်း။
  - ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe နှင့်အဖွဲ့အား တွေ့ဆုံခြင်း။
  - National Golf Range Myanmar Limited မှတာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံခြင်း။
  - ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်ဦးဆောင်သောအဖွဲ့မှ ဂါရဝပြု တွေ့ဆုံခြင်း။
  - တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ လမ်းညွှန်အမှာစကားပြောကြားခြင်း။
- ၆-၄-၂၀၁၈ - သင်္ကြန်ကာလအတွင်း အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် အထွေထွေကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးပွဲ၌ လမ်းညွှန်အမှာစကားပြောကြားခြင်း။
  - မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားနိုင်ငံသံအမတ်ကြီး H.E. Mr. Hector Conde Almeida အား တွေ့ဆုံခြင်း။
- ၇-၄-၂၀၁၈ - ဗဟိုအဆင့် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနား (၂၀၁၈) ခုနှစ် - World Health Day (2018) သို့ တက်ရောက်ခြင်း။
- ၈-၄-၂၀၁၈ - မိုးကုတ်မြို့၊ ကျပ်ပြင်ပြည်သူ့ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - ဆေးတက္ကသိုလ်(မန္တလေး)၏ အကြိမ်(၅၀)မြောက် ဘွဲ့နှင်းသဘင်အောင်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ၌ ဂုဏ်ပြုအမှာစကားပြောကြားခြင်း။
- ၁၀-၄-၂၀၁၈ - Global Fund ရန်ပုံငွေအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် UNOPS အဖွဲ့၊ Save the Children အဖွဲ့တို့ နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးပွဲနှင့် M-HSCC အစည်းအဝေးသို့တက်ရောက်ခြင်း။
- ၁၄-၄-၂၀၁၈ - Roadmap for Trauma Care in Myanmar နှင့်စပ်လျဉ်း၍ AO Alliance ၏ Managing Director နှင့် Myanmar National Trauma Roadmap Steering Committee အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးခြင်း။
- ၁၇-၄-၂၀၁၈ - ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပပြုလုပ်သည့် Global Ministerial Summit on Patient Safety, 2018 သို့ တက်ရောက်ခြင်း။
- ၁၈-၄-၂၀၁၈ - အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာကော်မတီ၏ ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်ခြင်း။
  - ဆေးဝါးဝယ်ယူဖြန့်ဖြူးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ခြင်း။
- ၂၀-၄-၂၀၁၈ - အာဆီယံမြို့ကြီးများ၌ HIV ကင်းစင်ရေး ဒေသဆိုင်ရာအစည်းအဝေးသို့ တက်ရောက်ခြင်း။
  - မွန်ပြည်နယ်အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခြင်း။
- ၂၃-၄-၂၀၁၈ - ကျူးဘားနိုင်ငံ၊ ဟာဗားနားမြို့တွင် ၂၀၁၈ ခုနှစ်၊ ဧပြီလ (၂၃)ရက်မှ (၂၇)ရက်နေ့အထိ ကျင်းပပြုလုပ်သည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ နိုင်ငံတကာညီလာခံ (International Convention on Public Health "Cuba Salud 2018") သို့တက်ရောက်ခြင်း။

- ၃၀-၄-၂၀၁၈ - ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)မှ ဆရာ/ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် တွေ့ဆုံခြင်း။
- ၁-၅-၂၀၁၈ - 11th Lower Mekong Initiative One Health Systems Mapping and Analysis Resources Toolkit (OH- SMART) ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ခြင်း။
- ၂-၅-၂၀၁၈ - Better Health Program နှင့်ပတ်သက်၍ Head of Prosperity Fund နှင့် Director of Global Health and Ruth Spear တို့ဦးဆောင်သောအဖွဲ့အား တွေ့ဆုံခြင်း။
  - Defeat-NCD Partnership အဖွဲ့နှင့် UNOPS အဖွဲ့တို့မှတာဝန်ရှိသူများအား တွေ့ဆုံခြင်း။
  - မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း (Myanmar Private Hospitals Association ) ဥက္ကဋ္ဌ ဒေါက်တာထင်ပေါ်နှင့်အဖွဲ့အား တွေ့ဆုံခြင်း။
- ၃-၅-၂၀၁၈ - လျှင်ဘေးအပါအဝင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားသည့်အခါ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ခြင်း။
  - အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများနှင့် တွေ့ဆုံခြင်း။
- ၄-၅-၂၀၁၈ - အဓိကဆေးဝါးနှင့် ဆေးပစ္စည်းများစာရင်း ရွေးချယ်သတ်မှတ်ဆုံးဖြတ်ခြင်း (Meeting on Finalization of Essential Medicines and Commodities ) အစည်းအဝေးသို့ တက်ရောက်ခြင်း။
- ၇-၅-၂၀၁၈ - မိုးရာသီတွင် အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါအပါအဝင် အခြားသော ရောဂါဖြစ်ပွားမှုများ လျော့နည်းကျဆင်းရေးအတွက် တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခြင်း။
  - FCTC 2030 Strategy ကို ပူးတွဲဆန်းစစ်အကဲဖြတ်မည့် ကိုယ်စားလှယ်အဖွဲ့ (Joint Assessment Mission Team for FCTC 2030 Strategy) အား တွေ့ဆုံခြင်း။
  - ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းလျာထားမှု ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ခြင်း။
- ၈-၅-၂၀၁၈ - မြန်မာနိုင်ငံ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး မဟာဗျူဟာ (FCTC 2030: Myanmar Strategy) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ Greater Mekong Sub-region Health Security Project Review Mission အဖွဲ့အား တွေ့ဆုံခြင်း။
- ၉-၅-၂၀၁၈ - မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ (၂၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲသို့ တက်ရောက်ခြင်း။
  - ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မြန်မာနိုင်ငံအတွက်ရရှိသောရန်ပုံငွေများကို ပြည်သူများအတွက် ယခုထက် ပိုမိုအကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ခြင်း။
  - UNFPA မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Ms. Janet Elizabeth Jackson အား တွေ့ဆုံခြင်း။
- ၁၀-၅-၂၀၁၈ - 3MDG Fund မှ Fund Director နှင့် 3MDG Fund Board's member များအား တွေ့ဆုံခြင်း။
- ၁၂-၅-၂၀၁၈ - Zifam Pyrex Myanmar Co., Ltd. ၏ Beta Lactam ဆေးဝါးစက်ရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခြင်း။
- ၁၃-၅-၂၀၁၈ - တရုတ်ပြည်သူ့သမ္မတနိုင်ငံ(တရုတ်-တိုင်ပေ) တွင် ကျင်းပခဲ့သည့် Asian Dragon Boat Championships International Open 2018 ပြိုင်ပွဲ အောင်ပွဲရ မြန်မာ့ရိုးရာလှေအသင်းအား ဂုဏ်ပြုဆု ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။

- ၁၅-၅-၂၀၁၈ - မြေလျှင်ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- ၁၆-၅-၂၀၁၈ - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး အစည်းအဝေးပွဲသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားခြင်း။
  - နိုင်ငံသားတိုင်းကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှုအားကောင်းစေရန် Mobile Medical Team ဖြင့်ကျေးရွာများသို့အလှည့်ကျကွင်းဆင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးပွဲသို့တက်ရောက်ခြင်း။
- ၁၈-၅-၂၀၁၈ - ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ Assistant Secretary-General Ms. Laura Londen ဦးဆောင်သော UNFPA အဖွဲ့အားတွေ့ဆုံခြင်း။
- ၁၉-၅-၂၀၁၈ - လှိုင်သာယာပြည်သူ့ဆေးရုံကြီး၏ ပကတိမြေပြင်အခြေအနေတွင် ကျန်းမာရေးဝန်ဆောင်မှုများပေးနေသည်ကို ရှောင်တခင်ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း။
- ၂၈-၅-၂၀၁၈ - ထိန်းချုပ်ဆေးဝါးများနှင့်ပတ်သက်၍ အသေးစိတ်ပြန်လည်သုံးသပ်ခြင်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
- ၂၉-၅-၂၀၁၈ - တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း။
- ၃၀-၅-၂၀၁၈ - ဂျီနီဗာမြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖြစ် ခန့်အပ်ပြီးဖြစ်သူ ဦးကျော်မိုးထွန်းမှ လာရောက် ဂါရဝပြုတွေ့ဆုံခြင်း။
  - ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခြင်း။
  - မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့နှင့် UK နိုင်ငံ RCGP မှ တာဝန်ရှိသူများမှ လာရောက်တွေ့ဆုံခြင်း။
- ၃၁-၅-၂၀၁၈ - ၂၀၁၈ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားဖွင့်ပွဲသို့ တက်ရောက်ခြင်း။
- ၁-၆-၂၀၁၈ - ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)၊ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခြင်း။
  - ဂျပန်နိုင်ငံ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်သည့် ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာ ဒီပလိုမာသင်တန်းဖွင့်ပွဲသို့ တက်ရောက်ခြင်း။
  - မြန်မာနိုင်ငံရှိ ဆရာဝန်များ၏အရည်အသွေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဆောင်ရွက်နိုင်ရေးညှိနှိုင်းအစည်းအဝေးပွဲသို့ တက်ရောက်ခြင်း။
  - Pacific AA Foundation မှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ Android Tablet များနှင့် ခေတ်မီဆေးဝါးစာအုပ်များ လှူဒါန်းပွဲအား တက်ရောက်၍ကျေးဇူးတင်စကားပြောကြားခြင်း။
- ၂-၆-၂၀၁၈ - ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နယ်ပြည်သူ့ဆေးရုံနှင့် သုံးခွမြို့နယ်ပြည်သူ့ဆေးရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း။
- ၆-၆-၂၀၁၈ - ရန်ကုန်မြို့၊ ဂျပန်နိုင်ငံသံရုံးမှ ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံခြင်း။
  - သွားဘက်ဆိုင်ရာဆရာဝန်များနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ခြင်း။
- ၇-၆-၂၀၁၈ - ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ Country Health Emergency Preparedness and International Health Regulations, Health Emergencies Program မှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့အား တွေ့ဆုံခြင်း။
  - ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ World Food Program (WFP) မှ အာရှပစိဖိတ်ဒေသ Regional Director နှင့်အဖွဲ့အားတွေ့ဆုံခြင်း။

- **၈-၆-၂၀၁၈**
  - (၆) ကြိမ်မြောက် အာရှနှင့်ပစိဖိတ်လူဦးရေဆိုင်ရာ ကာလလယ်သုံးသပ်မှုညီလာခံသို့ ပေးပို့ရမည့် မြန်မာနိုင်ငံအမျိုးသားအဆင့်အစီရင်ခံစာရေးဆွဲရေးအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားခြင်း။
  - ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲနှင့် အမျိုးသားအသည်းရောင်ရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံချက်မှ တာဝန်ရှိသူများက ဆောင်ရွက်နေသောလုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီးအား တင်ပြခြင်း။
  - ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ တာဝန်ရှိသူများက ဆောင်ရွက်နေသောလုပ်ငန်းများကို ရှင်းလင်းတင်ပြခြင်း။
  - အရှေ့တောင်အာရှဒေသဆိုင်ရာ တားမြစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်အား တွေ့ဆုံခြင်း။
- **၁၂-၆-၂၀၁၈**
  - 3MDG Fund Director Mr. Oren Ginzdurg နှင့်အဖွဲ့အား တွေ့ဆုံခြင်း။
  - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ကျောင်းကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၁၃-၆-၂၀၁၈**
  - ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှရရှိသောရန်ပုံငွေနှင့် Biennial Work Plan တွင်ပါရှိသောလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းပွဲသို့ တက်ရောက်လမ်းညွှန်မှာကြားခြင်း။
- **၁၆-၆-၂၀၁၈**
  - ၂၀၁၈ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခြင်း။
  - ရန်ကုန်မြို့၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှဝန်ထမ်းများနှင့် တွေ့ဆုံခြင်း။
- **၁၇-၆-၂၀၁၈**
  - ရန်ကုန်မြို့၊ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းတွင် အရေးပေါ်လူနာများကုသခြင်းနှင့် လွှဲပြောင်းခြင်း ဆေးခန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်ပါဝင်ဆင်နွှဲခြင်း။
- **၂၀-၆-၂၀၁၈**
  - လူဦးရေအခြေပြု ကင်ဆာရောဂါစာရင်းကောက်ယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
  - The International Committee of the Red Cross (ICRC) မှ Resident Representative နှင့်အဖွဲ့အားတွေ့ဆုံခြင်း။
- **၂၁-၆-၂၀၁၈**
  - အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ်နှင့်အဖွဲ့မှ ရှင်းလင်းတင်ပြပွဲသို့ တက်ရောက်ခြင်း။
- **၂၃-၆-၂၀၁၈**
  - စတုတ္ထအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အခမ်းအနားသို့ တက်ရောက်ခြင်း။
  - China Sinopharm International Corporation မှ Country Representative အား တွေ့ဆုံခြင်း။
  - အားကစားသမားများကုသမှုခံယူသည့်အနေဖြင့် တားမြစ်ဆေးဝါးများကို သုံးစွဲရသည့်အခါ ကင်းလွတ်ခွင့်ရရှိနိုင်မှု အခြေအနေများကို ရှင်းလင်းသင်ကြားမည့်သင်တန်းသို့ သွားရောက်ကြည့်ရှုခြင်း။
  - မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဌ ဦးသိန်းအောင်နှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ ဧည့်ခန်းမ၌ တွေ့ဆုံခြင်း။
  - ဒေါ်ခင်ကြည် အမျိုးသမီးဆေးရုံသို့ ရောင်တခင်ဝင်ရောက် ကြည့်ရှုစစ်ဆေးခြင်း။
  - သက်ကြီးဝါရင့်အားကစားကလောင်ရှင်ကြီးများအား ဂါရဝပြုကန်တော့ပွဲသို့ တက်ရောက်ခြင်း။
  - ၂၀၁၇ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမားဆုများချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- **၂၄-၆-၂၀၁၈**
  - ကုသရေးနှင့်သင်ကြားရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
  - ကျိုက္ကဆံ အားကစားကွင်းတွင် အားကစားလေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးခြင်း။
- **၂၅-၆-၂၀၁၈**
  - Myanmar National Conference on Tobacco Control and Prevention of Non-Communicable Diseases (NCDs) ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
  - မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဌနှင့်အဖွဲ့အားတွေ့ဆုံခြင်း။

- **၂၇-၆-၂၀၁၈** - ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ (၃/၂၀၁၈) အစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၂၈-၆-၂၀၁၈** - စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေးသတင်းစနစ်တွင် အသုံးပြုနေသောပုံစံများနှင့် လက်စွဲ စာအုပ် ပြုပြင်မွမ်းမံခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
  - မြန်မာနိုင်ငံရောဂါထိန်းချုပ်ရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်ရေးသင်တန်းကျောင်း အကောင်အထည်ဖော်ဆောင်ရေး စီမံကိန်းများအတွက် အကူအညီပေးရေးဆိုင်ရာစာလွှာ(Exchange Letter) လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့တက်ရောက်ခြင်း။
- **၁-၇-၂၀၁၈** - ဗဟိုသားဖွားသင်တန်းကျောင်း (ရန်ကုန်)သို့ သွားရောက်၍ သင်တန်းသားများနှင့် တွေ့ဆုံခြင်း။
  - မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့မှ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့်အဖွဲ့အား တွေ့ဆုံခြင်း။
  - မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုအဖွဲ့အား တွေ့ ဆုံခြင်း။
- **၂-၇-၂၀၁၈** - တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ စီမံချက်ဘဏ္ဍာငွေသုံးစွဲခြင်းနှင့် အခြားစီမံခန့်ခွဲမှုဆိုင်ရာညှိနှိုင်းရေး ကော်မတီ (Inter-agency Coordinating Committee-ICC) ၏တတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်ခြင်း။
  - အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လုပ်ငန်းလမ်းညွှန်အမှာစကားပြောကြားခြင်း။
- **၄-၇-၂၀၁၈** - မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး အဆင့်မြှင့်တင်တိုးချဲ့ဆောက်လုပ်ရန် အဆိုပြုတင်ပြ သည့် အစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၅-၇-၂၀၁၈** - United Kingdom နိုင်ငံ၏ အမျိုးသားကျန်းမာရေးစနစ် (NHS) တည်ထောင်မှု နှစ် (၇၀) ပြည့် အထိမ်း အမှတ် အခမ်းအနားသို့ တက်ရောက်ခြင်း။
  - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ Mobile Tablet များ လှူဒါန်းပေးအပ်ပွဲသို့ တက်ရောက်ခြင်း။
- **၉-၇-၂၀၁၈** - အမေရိကန်ပြည်ထောင်စုတွင် ကျင်းပပြုလုပ်သည့် Family Planning 2020: Reference Group Meeting သို့ တက်ရောက်ခြင်း။
- **၁၂-၇-၂၀၁၈** - International Organization for Migration (IOM) ညွှန်ကြားရေးမှူးချုပ်အား ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများမှ တွေ့ဆုံခြင်း။
  - ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ငါးနှစ်စီမံကိန်းရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ Initial Capacity Assessment အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- **၁၆-၇-၂၀၁၈** - ၂၀၁၈ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးဒိုပြိုင်ပွဲစတင်ကျင်းပခြင်းအား တက်ရောက်ကြည့်ရှု အားပေးခြင်း။
- **၁၇-၇-၂၀၁၈** - နှလုံးရောဂါနှင့် နှလုံးရောဂါဆိုင်ရာအရေးပေါ်အခြေအနေများ ကုသခြင်းနှင့် စနစ်တကျ လွှဲပြောင်း ညွှန်းပို့ ပေးခြင်း ဆရာဖြစ် သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- **၁၈-၇-၂၀၁၈** - ပိုလီယိုရောဂါအပါအဝင် ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ဒေသဆိုင်ရာအရာရှိ (Regional Surveillance Officer) များအား လမ်းညွှန်အမှာစကားပြောကြားခြင်း။
- **၁၉-၇-၂၀၁၈** - ဆေးသုတေသနဦးစီးဌာနနှင့် ဂျပန်နိုင်ငံ University of Miyazaki တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ရေတွင် အာဆင်းနစ်ပါဝင်မှုဆိုင်ရာ သုတေသနတွေ့ရှိချက်များကို ရှင်းလင်းပွဲသို့ တက်ရောက်ခြင်း။
  - Samaritan's Purse အဖွဲ့မှ တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီး တွေ့ဆုံခြင်း။

- **၂၀-၇-၂၀၁၈**
  - ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)၊ အဆင့်မြင့် (၅)ထပ်ဆောင်သစ်ကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - ဆေးတက္ကသိုလ်များနှင့် ဆေးဘက်ဆိုင်ရာ နီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဘွဲ့ကြို/ဘွဲ့လွန် သင်တန်း ဝင်ခွင့်ဆိုင်ရာကိစ္စရပ်များ၊ သင်ကြားရေးကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး တက်ရောက်ခြင်း။
  - ဂျပန်နိုင်ငံအစိုးရ အထောက်အပံ့ဖြင့် ရန်ကုန်နှလုံးရောဂါနှင့် ဦးနှောက်အာရုံကြောရောဂါ အထူးကု ဆေးရုံသစ်ကြီး တည်ဆောက်ရေးစီမံကိန်း အသိပေးမိတ်ဆက်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
  - (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ အားကစားအဖွဲ့ချုပ်များမှ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မှုနှင့် ပတ်သက်သည့် ကိစ္စရပ်များအား ရှင်းလင်းတင်ပြသည့် အစည်းအဝေးသို့တက်ရောက်ခြင်း။

- **၂၁-၇-၂၀၁၈**
  - ရေချိုခရုမှတဆင့်ကူးစက်သော ကပ်ပါးပိုးကြောင့် Schistosomiasis ရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။

- **၂၂-၇-၂၀၁၈**
  - UK နိုင်ငံမှ Clinical Lead for Aortovascular Surgery, Barts Heart Centre at St Bartholomew's Hospital နှလုံးခွဲစိတ်ကုသမှုပညာ ပါမောက္ခဒေါက်တာအောင်ရဲဦးအား တွေ့ဆုံခြင်း။
  - အရေးပေါ်ကုသမှုဆေးပညာ သင်ကြားမှုသင်ယူမှုကဏ္ဍ ပိုမိုတိုးတက်စေရေး ဆေးတက္ကသိုလ်များနှင့် အမေရိကန်နိုင်ငံ Stanford University တို့ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခြင်း။

- **၂၃-၇-၂၀၁၈**
  - ကလေးသေဆုံးမှုစောင့်ကြပ်လေ့လာခြင်းနှင့်တုန့်ပြန်ဆောင်ရွက်ခြင်း အကောင်အထည်ဖော်ဆောင်ရွက်မှု လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာ အသိပေးဖြန့်ဝေခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။
  - မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာမှတ်ပုံတင်ခြင်းစနစ်နှင့် ကျန်းမာရေးဆိုင်ရာသတင်းအချက်အလက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆန်းစစ်သုံးသပ်မှု အစည်းအဝေးသို့ တက်ရောက်ခြင်း။
  - University Of Maryland, Baltimore, School Of Medicine မှ Professor Henry J. Silverman အား တွေ့ဆုံခြင်း။

- **၂၄-၇-၂၀၁၈**
  - မြန်မာနိုင်ငံဆိုင်ရာ ကိုးရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး HE. Mr. Lee Sang-Hwa နှင့်အဖွဲ့အား တွေ့ဆုံခြင်း။
  - ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် ပြိုင်ပွဲများ စတင်ကျင်းပခြင်း။
  - ပထမအကြိမ် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ကွင်းဆင်းဆောင်ရွက်မှု ကျွမ်းကျင်မှုဆိုင်ရာ (၉) လ သင်တန်းစတင်ခြင်း အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခြင်း။

- **၂၅-၇-၂၀၁၈**
  - မြန်မာနိုင်ငံကြက်ခြေနီအသင်း အကြိမ် (၈၀) မြောက် ဗဟိုကောင်စီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - University of Melbourne မှ Prof. Allan D Lopez နှင့်အဖွဲ့အား တွေ့ဆုံခြင်း။

- **၂၈-၇-၂၀၁၈**
  - ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ပြည်သူ့ဆေးရုံသို့ ရှောင်တခင်ဝင်ရောက် ကြည့်ရှုစစ်ဆေးခြင်း။

- **၂၉-၇-၂၀၁၈**
  - ရေဘေးသင့်ဒေသများတွင် လုပ်ဆောင်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ယခုထက် ပိုမိုအရှိန်အဟုန်မြင့် အားဖြည့်ဆောင်ရွက်ရေးအစည်းအဝေးသို့ တက်ရောက်ခြင်း။
  - ရေဘေးအပါအဝင် ဘေးအန္တရာယ်ကျရောက်သောဒေသများနှင့် ယာယီကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအတွက် ကျန်းမာရေးသတိပေးနှိုးဆော်ချက်ထုတ်ပြန်ခြင်း။

- ၃၀-၇-၂၀၁၈ - ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအမျိုးမျိုးတွင် ထိရောက်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရေး အသွင်ယူလေ့ကျင့်ခန်းများ (Tabletop Exercises) ဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပသော (၂၀၁၈) ခုနှစ် အာရှကလပ် အမျိုးသားဘော်လီဘော ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- ၃၁-၇-၂၀၁၈ - ကုသရေးဦးစီးဌာန၌ ရောဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်းနှင့် သဘာဝဘေးအန္တရာယ် ကွပ်ကဲရေးရုံး (Command and Control Center) ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။
  - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ (၂၀၁၈) ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်သို့ တက်ရောက်စိုက်ပျိုးခြင်း။
  - အမျိုးသားအဆင့်ကျောင်းတွင်း အာဟာရကျွေးမွေးရေးအစီအစဉ် လုပ်ငန်းအတွေ့အကြုံ ရှင်းလင်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
  - "အပြည်ပြည်ဆိုင်ရာ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးညီလာခံ (22nd International AIDS Conference 2018)" သို့ တက်ရောက်ခြင်း။
- ၁-၈-၂၀၁၈ - ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ရေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံးနှင့်မြို့သစ်ရပ်ကွက် ရေးဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှုခြင်း။
  - အသက်ကယ်အင်္ကျီ (Life Jacket) များလှူဒါန်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ခြင်း။
- ၂-၈-၂၀၁၈ - ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် မစ္စတာတိုရှိအိုနီရှိမူရနှင့် အဖွဲ့အား တွေ့ဆုံခြင်း။
- ၃-၈-၂၀၁၈ - ရေလွှမ်းမိုးရာဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်နေမှုများအား ကွင်းဆင်းပံ့ပိုးခြင်း။
  - မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Mrs. Tone Tinnes ဦးဆောင်သော UNOPS အဖွဲ့အပါအဝင် စစ်တွေအထွေထွေရောဂါကု ဆေးရုံကြီးအတွက် ရေရှည်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးအဖွဲ့အား တွေ့ဆုံခြင်း။
  - ၂၀၁၈ ခုနှစ်၊ အာရှကလပ် (အမျိုးသား) ဘော်လီဘောပြိုင်ပွဲကို တက်ရောက်အားပေးခြင်း။
- ၄-၈-၂၀၁၈ - ကိုရီးယားနိုင်ငံ Chung-Ang University နှင့် ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်တို့ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခြင်း။
  - ရေချိုခရုမှတဆင့် ကူးစက်တတ်သော Schistosomiasis ရောဂါကုသသည့် ဆေးဝါးနှင့် ရောဂါစစ်ဆေးသည့် ဓာတ်ခွဲပစ္စည်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့်အခမ်းအနားသို့ တက်ရောက်ခြင်း။
  - ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆေးနှင့်ဆေးပစ္စည်းများ သိုလှောင်ဖြန့်ဖြူးပို့ဆောင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း။
  - ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဆေးသိုလှောင်ရုံများသို့ ကြည့်ရှုစစ်ဆေးခြင်း။
- ၅-၈-၂၀၁၈ - ပကတိမြေပြင်လက်တွေ့အခြေအနေတွင် ကျန်းမာရေးဝန်ဆောင်မှုပေးနေမှုနှင့် လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးနိုင်ရန် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ခြင်း။
  - ၂၀၁၈ခုနှစ်၊ PROTECH တံခွန်စိုက်ကြက်တောင်ပြိုင်ပွဲဆုပေးပွဲသို့ တက်ရောက်ဆုချီးမြှင့်ခြင်း။
  - ရေဘေးအန္တရာယ်ကျရောက်နေသောဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် ဆေးဝါးများနှင့် အလှူငွေ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။
- ၇-၈-၂၀၁၈ - Sea Lion Co Ltd, မှ Managing Director ဒေါက်တာဝင်းဇော်အောင်နှင့်အဖွဲ့က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို ဆေးပညာသင်ကြားမှု၊ သင်ယူမှုဆိုင်ရာ ထောက်ပံ့ပေးအပ်မည့် အစီအစဉ်များကို လာရောက်တင်ပြခြင်း။

- **၈-၈-၂၀၁၈** - Health Manpower Database, MoHS Mail Server နှင့် ကျန်းမာရေးဝန်ထမ်းများသို့ ဖြန့်ဝေမည့် Mobile Tablet များတွင် အချက်အလက်များထည့်သွင်းခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။
  - တနင်္သာရီတိုင်းဒေသကြီးတွင် ငှက်ဖျားရောဂါ ကပ်ရောဂါအသွင်ဖြစ်ပွားမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၉-၈-၂၀၁၈** - ရေဘေးသင့်ဒေသများရှိပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အသုံးပြုနိုင်ရန် အလှူငွေပေးအပ်လှူဒါန်းခြင်း။
- **၁၀-၈-၂၀၁၈** - ဓာတ်မှန်၊ ဓာတ်ရောင်ခြည်၊ အဏုမြူရောင်ခြည်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၁၁-၈-၂၀၁၈** - နာကျင်မှုဝေဒနာကို သက်သာပျောက်ကင်းစေနိုင်သော ထိန်းချုပ်ဆေးဝါးများအား လူနာများအတွက် လိုအပ်သလိုအသုံးပြုနိုင်ရေး အမျိုးသားအဆင့်ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- **၁၂-၈-၂၀၁၈** - လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်ထောင်စုဝန်ကြီးများ ပါဝင်ဆင်နွှဲ၊ အားကစားပြိုင်ပွဲများနှင့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခြင်း။
- **၁၃-၈-၂၀၁၈** - (၂၀၁၈) ခုနှစ်၊ (၂၄)ကြိမ်မြောက်အာရှသက်ငယ်တန်း၊ အသက်(၁၈)နှစ်အောက် (Junior) နှင့် အသက်(၁၅)နှစ်အောက် (Cadet) စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - ဆေးရုံများ၌ ဆေးဝါးကျွမ်းကျင်ဝန်ထမ်းများ၏ အခန်းကဏ္ဍမြှင့်တင်နိုင်ရေး တွေ့ဆုံညှိနှိုင်းရန် ဆေးဝါးတက္ကသိုလ် (မန္တလေး) သို့ သွားရောက်ခြင်း။
- **၁၄-၈-၂၀၁၈** - သတင်းအချက်အလက်ကို အခြေခံ၍ မူဝါဒများချမှတ်ဆောင်ရွက်ခြင်းဆိုင်ရာ အသိပေးတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။
- **၁၅-၈-၂၀၁၈** - ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးသံတမန်များ ခန့်အပ်ပွဲ၊ ကျန်းမာရေးဆိုင်ရာစံပြအချက်အလက်များစာအုပ်မိတ်ဆက်ပွဲနှင့် တက္ကသိုလ်ဝင်တန်း ထူးချွန်သားသမီးများအား ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
  - (၂၀၁၈-၂၀၁၉) ပညာသင်နှစ် ဗဟိုအဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်အခမ်းအနားသို့ တက်ရောက်ခြင်း။
  - နိုင်ငံရပ်ခြားတွင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့ ပညာရပ်များသွားရောက်သင်ယူမည့် ပညာတော်သင်များအား လမ်းညွှန်အမှာစကားပြောကြားခြင်း။
- **၁၇-၈-၂၀၁၈** - သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်သူ သက်မွေးပညာသင်တန်းကျောင်း ဖွင့်လှစ်သင်ကြားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခြင်း။
- **၁၈-၈-၂၀၁၈** - Management of Cardiac Emergencies, High Risk Management and Proper Referral ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- **၁၉-၈-၂၀၁၈** - မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (ပခုက္ကူ) သို့ သွားရောက်ခြင်း။
- **၂၁-၈-၂၀၁၈** - (၁၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (Myanmar Health Sector Coordination Committee, M-HSCC) အစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၂၂-၈-၂၀၁၈** - ကျန်းမာရေးစောင့်ရှောက်သူများအတွက် ဆီးချို၊ သွေးချိုရောဂါ ပြုစုကုသရေးသင်တန်း(Health Care Professional Training for Diabetes Management under Myanmar Diabetes Care Program) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်း (၁/၂၀၁၈) သို့ တက်ရောက်ခြင်း။
  - အကျဉ်းထောင်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများမိတ်ဆက်ခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။

- ၂၄-၈-၂၀၁၈ - (၁၃)ကြိမ်မြောက် မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ သွားဘက်ဆိုင်ရာ ဆေးပညာပူးပေါင်းဆောင်ရွက်မှု ညီလာခံ (13th International Dental Collaboration of the Mekong River Region) သို့ တက်ရောက်ခြင်း။
  - ဂျပန်နိုင်ငံ Okayama တက္ကသိုလ်၏ အကူအညီဖြင့် ပထမဦးဆုံးအကြိမ်ဖွင့်လှစ်လျက်ရှိသည့် ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာဒီပလိုမာ (Medical Engineering Diploma) သင်တန်းသို့ သွားရောက်ကြည့်ရှုခြင်း။
  - ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်ဘတ်စကက်ဘောပြိုင်ပွဲများ တက်ရောက်အားပေးခြင်း။
- ၂၅-၈-၂၀၁၈ - မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံခြင်း။
  - ခုတင် (၅၀၀) အထူးကုဆေးရုံကြီး (ရန်ကုန်) သို့ သွားရောက် စစ်ဆေးခြင်း။
  - အဆိပ်သင့်ခြင်းဆိုင်ရာကုသမှု (Management of Common Poisoning in Myanmar) ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- ၂၆-၈-၂၀၁၈ - ဂျပန်နိုင်ငံမှ IT ပညာရှင် Mr. Hiro Konishi က ကွန်ပျူတာအသုံးပြု လူနာမှတ်တမ်း၊ ဆေးနှင့်ဆေးပစ္စည်း သိုလှောင်ဖြန့်ဖြူးရေးမှတ်တမ်းစနစ်တို့နှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုကို လာရောက်တင်ပြခြင်း။
  - ဂျာမနီနိုင်ငံ Freiburg University တွင် Psychosomatic Basic Care Training တက်ရောက်မည့် ပညာတော်သင်များနှင့် တွေ့ဆုံခြင်း။
- ၂၇-၈-၂၀၁၈ - ဆက်သွယ်ရေးနည်းပညာသုံး မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာမှတ်ပုံတင်ခြင်း စီမံချက် (Mobile Birth and Death Registration Project) နှင့် ပတ်သက်၍ UNICEF နှင့် Telenor Myanmar တို့မှ လာရောက်ရှင်းလင်းတင်ပြခြင်း။
- ၂၈-၈-၂၀၁၈ - ပကတိလက်တွေ့အခြေအနေတွင် ကျန်းမာရေးဝန်ဆောင်မှုပေးနေမှုအခြေအနေများနှင့် လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးနိုင်ရန် မျက်စိအထူးကုဆေးရုံ (ရန်ကုန်) သို့ သွားရောက်ကြည့်ရှုခြင်း။
- ၂၉-၈-၂၀၁၈ - (၅၇)ကြိမ်မြောက်အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအသင်း အပူပိုင်းဆေးပညာကွန်ရက်၏အုပ်ချုပ်မှုအဖွဲ့အစည်းအဝေး (SEAMEO TROPMED Network ၏ 57th Governing Board Meeting) အလုပ်သဘောတည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခြင်း။
- ၃၀-၈-၂၀၁၈ - ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဆိုင်ရာ မြန်မာ-ဂျပန် ပထမအကြိမ်ပူးတွဲညှိနှိုင်းမှုအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်း (Community Health Clinic) လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း အစည်းအဝေးသို့ တက်ရောက်ခြင်း။
- ၁-၉-၂၀၁၈ - ရေချိုခရုမှတစ်ဆင့်ကူးစက်သော သန်ပြားကောင်ရောဂါ (Schistosomiasis) ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကွင်းဆင်းတွေ့ရှိချက်နှင့် အကြံပြုချက်များ တင်ပြသည့်အစည်းအဝေးသို့ တက်ရောက်ခြင်း။
- ၃-၉-၂၀၁၈ - မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုဆိုင်ရာစီမံချက်၏ ဒေသတွင်း ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- ၄-၉-၂၀၁၈ - ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူဖြန့်ဖြူးရေးလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခြင်း။
- ၅-၉-၂၀၁၈ - Six Mekong nations call for accelerated action to eliminate malaria before 2030 အခမ်းအနားသို့ တက်ရောက်ခြင်း။
  - ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။

- **၆-၉-၂၀၁၈** - ၂၀၁၈ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၇) နှစ်အောက် ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား တက်ရောက်ခြင်း။
- **၇-၉-၂၀၁၈** - အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ကျင်းပပြုလုပ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှ ဒေသဆိုင်ရာနိုင်ငံများ၏ (၇၁) ကြိမ်မြောက် ဒေသဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီအစည်းအဝေး၏ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၈-၉-၂၀၁၈** - မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ (၂၀၁၇-၂၀၁၈) ခုနှစ် နှစ်ပတ်လည်မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်ခြင်း။
  - လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးနိုင်ရန် နေပြည်တော်ခုတင် (၁၀၀၀)ဆေးရုံကြီးမှ ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း။
- **၉-၉-၂၀၁၈** - မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ ပထမအကြိမ် စုံညီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - သူနာပြုများ လုပ်ငန်းဆောင်ရွက်နေမှု၊ ပညာသင်ကြားနိုင်မှုအခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောင်တခင်သွားရောက်ခြင်း။
  - အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ Mulia Hotel ဟိုတယ်တွင်ကျင်းပပြုလုပ်သော 37th OCA General Assembly သို့ တက်ရောက်ခြင်း။
- **၁၀-၉-၂၀၁၈** - (၄၇) ကြိမ်မြောက် မြန်မာနိုင်ငံဆေးသုတေသန ညီလာခံ ပြုလုပ်ကျင်းပမည့် အစီအစဉ်နှင့်ညီလာခံအတွက် သီးသန့် အင်တာနက်ဝက်ဘ်ဆိုက် (website) ပြုလုပ်သွားမည့်အစီစဉ်များအား လာရောက်တင်ပြခြင်း။
  - ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်း (၄/၂၀၁၈) သို့ တက်ရောက်အမှာစကားပြောကြားခြင်း။
- **၁၁-၉-၂၀၁၈** - ဆေးတက္ကသိုလ်များမှ အင်္ဂလိပ်စာဌာန၊ ဌာနမှူးများမှ ဆေးပညာနှီးနွယ် အင်္ဂလိပ်စာကျွမ်းကျင် သင်တန်းများဖွင့်လှစ်သင်ကြားမည့် အစီအစဉ်ကို လာရောက်တင်ပြခြင်း။
  - မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Kerem Divanlioglu အား တွေ့ဆုံခြင်း။
  - မကူးစက်နိုင်သောရောဂါများနှင့်ပတ်သက်၍ အသိပေးဆွေးနွေးတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။
- **၁၂-၉-၂၀၁၈** - 4th ASEAN Health Cluster 2 အစည်းအဝေးသို့ တက်ရောက်ခြင်း။
  - (၁၈)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အားကစားနည်း(၈)နည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အားနည်းချက်များနှင့် အားသာချက်များကို ရှင်းလင်းသုံးသပ်သည့် အစည်းအဝေးသို့ တက်ရောက်ခြင်း။
  - မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Hong Liang အား တွေ့ဆုံခြင်း။
  - အစားအသောက်ဓာတုဗေဒဆိုင်ရာ နိုင်ငံတကာအဆင့်မီ ရည်ညွှန်းဓာတ်ခွဲခန်းအပါအဝင် ဓာတ်ခွဲခန်းများတွင် လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုရန်/သိရှိရန်နှင့် လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) သို့ သွားရောက်ခြင်း။
- **၁၃-၉-၂၀၁၈** - "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး" (Exercise is Medicine) Healthy Myanmar အားကစားလှုပ်ရှားမှုသို့ တက်ရောက်ခြင်း။
  - ပရဆေးပင်များစိုက်ပျိုးထားရှိမှု၊ တိုင်းရင်းဆေးပညာပြတိုက်အပါအဝင် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများအား သိရှိရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အမျိုးသားပရဆေးဥယျာဉ်သို့ သွားရောက်ခြင်း။
  - အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ ဌာနေကိုယ်စားလှယ်အသစ် Mr. Stephan Pierre Sakaliane နှင့် အဖွဲ့အား တွေ့ဆုံခြင်း။

- **၁၄-၉-၂၀၁၈**
  - အားကစားဒီပလိုမာဘွဲ့ ပေးအပ်နိုင်ရေးနှင့် နည်းပြသင်တန်းဖွင့်လှစ်နိုင်ရေး အားကစားပညာ ရပ်ဆိုင်ရာ ကော်မတီဖွဲ့စည်းနိုင်ရေးအစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၁၅-၉-၂၀၁၈**
  - သူနာပြုတက္ကသိုလ်၊ မန္တလေး နှစ် (၂၀)ပြည့်အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခြင်း။
  - အထက်မြန်မာပြည်ရှိ တက္ကသိုလ်များနှင့် ဆေးရုံများရှိ သုတေသနလုပ်ငန်းများအားဖြည့်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၁၆-၉-၂၀၁၈**
  - အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) သို့ သွားရောက်ခြင်း။
- **၁၇-၉-၂၀၁၈**
  - မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel နှင့် အဖွဲ့အား တွေ့ဆုံခြင်း။
  - (၅)ကြိမ်မြောက် အရှေ့တောင်အာရှဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် မြန်မာဗိုဗီနမ် အသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပခြင်း။
  - ပြင်ဦးလွင်ခရိုင်၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ပရဆေးပျိုးဥယျာဉ်တည်ဆောက်မည့်မြေနေရာအား ကွင်းဆင်းကြည့်ရှုခြင်း။
  - အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ဂျပန်နိုင်ငံ၊ University of Toyama မှ Dr. Katsuhiro Konno နှင့် အဖွဲ့အား တွေ့ဆုံခြင်း။
- **၁၈-၉-၂၀၁၈**
  - ကျူးဘားနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Hector Conde Almeida အား တွေ့ဆုံခြင်း။
- **၁၉-၉-၂၀၁၈**
  - လက်ထောက်ညွှန်ကြားရေးမှူးများအဖြစ် ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား လမ်းညွှန်စကားပြောကြားခြင်း။
  - သားဆက်ခြားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလမ်းညွှန်စာအုပ်ဖြန့်ဝေခြင်းအခမ်းအနားသို့ တက်ရောက်ခြင်း။
  - ၂၀၁၈ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ မိတ်ဆက်လက်ဖက်ရည်ဝိုင်း အခမ်းအနားသို့ တက်ရောက်ခြင်း။
- **၂၀-၉-၂၀၁၈**
  - ကျန်းမာရေးသတင်းအချက်အလက် မူဝါဒရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
  - ၂၀၁၈ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- **၂၁-၉-၂၀၁၈**
  - နေပြည်တော်၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ၌ Training on Hospital Infection Prevention and Control ဖွင့်ပွဲအခမ်းအနား တက်ရောက်ခြင်း။
  - ၂၀၁၈ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ခြင်း။
- **၂၂-၉-၂၀၁၈**
  - Stanford University နှင့် ပူးပေါင်း၍ အရေးပေါ်ကုသမှုဆေးပညာ (Emergency Medicine) ဒီပလိုမာ သင်တန်း ဖွင့်လှစ်မည့်ကိစ္စအား လာရောက်တင်ပြခြင်း။
  - နှလုံးရောဂါဝေဒနာရှင်ကလေးငယ်များကို လာရောက်ကူညီကုသပေးနေသော Japan Heart အဖွဲ့နှင့် Akemi-Chan ဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံခြင်း။
  - ရန်ကုန်မြို့၊ ရန်ကင်းကလေးဆေးရုံကြီး၊ (၆) ထပ် တိုးချဲ့ဆောင်သစ် (Cardiac Complex) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
- **၂၃-၉-၂၀၁၈**
  - နိုင်ငံတကာ ပြိုင်ပွဲများ ကျင်းပမည့် အားကစားကွင်းနေရာများနှင့် ပြင်ဦးလွင်ရှိ အားကစား လေ့ကျင့်ရေး စခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း။
  - လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးနိုင်ရန်နှင့် လုပ်ငန်းများ အားဖြည့်ဆောင်ရွက်ပေးနိုင်ရန် တက္ကသိုလ်များဆေးရုံ (ရန်ကုန်)မှ ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း။

    ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာရှင်များ ညီလာခံ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခြင်း။

- **၂၄-၉-၂၀၁၈**
  - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ဦးစီးအရာရှိရာထူးဖြင့် အလုပ်တာဝန်စတင်ထမ်းဆောင်မည့် ဝန်ထမ်းများအား လမ်းညွှန်အမှာစကားပြောကြားခြင်း။
  - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ Website နှင့် Social Media များတွင် ပြည်သူများအား အသိပေးတင်ပြသည့် သတင်းရေးသားဖော်ပြခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ခြင်း။
  - အမျိုးသားအဆင့် ဘက်စုံကျောင်းကျန်းမာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၇-၂၀၂၂)အသိပေးမိတ်ဆက်ခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။
- **၂၇-၉-၂၀၁၈**
  - ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခြင်း။
  - တိုင်းရင်းဆေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းဆေးပညာရပ်အကြံပေးအဖွဲ့နှင့်တွေ့ဆုံခြင်း။
- **၃-၁၀-၂၀၁၈**
  - သားအိမ်ခေါင်းကင်ဆာအကြိုအဆင့်ကို စစ်ဆေးခြင်းနှင့် ကုသခြင်းဆိုင်ရာလမ်းညွှန်စာအုပ် အသိပေးခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။
- **၅-၁၀-၂၀၁၈**
  - ဒုတိယအကြိမ်မြောက် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆီသို့ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - ၂၀၁၈ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ အမျိုးသားတံခွန်စိုက်ဆုဖလား၊ အမျိုးသမီးတံခွန်စိုက်ဆုဖလားနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားများဆွတ်ခူး၍ ဆုချီးမြှင့်ခြင်း။
  - ၂၀၁၈ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၉) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- **၆-၁၀-၂၀၁၈**
  - အိန္ဒိယနိုင်ငံတွင် ကျင်းပပြုလုပ်သည့် Mahatma Gandhi International Sanitation Convention နှင့် မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ကမ္ဘာ့ကင်ဆာညီလာခံတို့သို့ တက်ရောက်ခြင်း။
  - ဆေးတက္ကသိုလ်နှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ဆရာ၊ ဆရာမများအားဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- **၇-၁၀-၂၀၁၈**
  - ၂၀၁၈ခုနှစ် အာရှလူငယ် U-15 နှင့် U-17 တံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့ ဗိုလ်လုပွဲများနှင့် ဆုပေးပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး၍ ဆုများချီးမြှင့်ခြင်း။
  - ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန၊ မန္တလေး ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် IMAGING CENTER ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- **၈-၁၀-၂၀၁၈**
  - နှလုံးသွေးကြောပိုက်ထည့် စမ်းသပ်ကုသခန်း (Cardiac Catheterization Laboratory) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
- **၉-၁၀-၂၀၁၈**
  - ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၁၀-၁၀-၂၀၁၈**
  - ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် မီဒီယာမှတဆင့် လူထုလှုံ့ဆော်လှုပ်ရှားပွဲ စတင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခြင်း။
  - (၂၀၁၈-၂၀၁၉) ခု၊ ဘဏ္ဍာရေးနှစ် ဆေးနှင့်ဆေးပစ္စည်းဝယ်ယူနိုင်ရေး ရန်ပုံငွေခွဲဝေလျာထားမှုအတွက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၁၁-၁၀-၂၀၁၈**
  - Agence Francaise De Developpement (AFD)၊ Foundation Merieux နှင့် Institut Pasteur တို့က အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များအား လာရောက်တင်ပြခြင်း။
  - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး" အစီအစဉ်အား ဝန်ကြီးဌာနများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။

- **၁၃-၁၀-၂၀၁၈** - မြန်မာ့အားကစားလောက ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် ပွင့်လင်းမြင်သာစွာ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
- **၁၇-၁၀-၂၀၁၈** - အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)၊ ဒုတိယနှစ်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်ခြင်း။
  - ရမည်းသင်းခရိုင်ဆေးရုံ၊ ညောင်ရွှေမြို့နယ်ဆေးရုံနှင့် နန်းပန်မြို့ဆေးရုံများသို့ သွားရောက်ခြင်း။
- **၁၈-၁၀-၂၀၁၈** - မြန်မာနိုင်ငံတွင် အသည်းအစားထိုးခွဲစိတ်ခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် Kyushu University Hospital မှ ကလေးခွဲစိတ် အထူးကု ဆရာဝန်ကြီး Professor Dr. Tomoaki Taguchi၊ Japan Heart အဖွဲ့နှင့် တာဝန်ရှိသူများမှ လာရောက်တင်ပြခြင်း။
- **၁၉-၁၀-၂၀၁၈** - မကူးစက်နိုင်သောရောဂါများဆိုင်ရာ စီမံချက်မန်နေဂျာများနှင့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၂၀-၁၀-၂၀၁၈** - လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးနိုင်ရန် ပေါင်းလောင်းတိုက်နယ်ပြည်သူ့ဆေးရုံ၊ လွိုင်လင်လေး တိုက်နယ်ပြည်သူ့ဆေးရုံနှင့် မိုးဗြဲတိုက်နယ်ပြည်သူ့ဆေးရုံတို့သို့ သွားရောက်ကြည့်ရှုခြင်း။
- **၂၁-၁၀-၂၀၁၈** - (၃)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင် မသန်စွမ်းအားကစားအဖွဲ့အား ဂုဏ်ပြုပွဲသို့ တက်ရောက်ခြင်း။
  - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကယားပြည်နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်/တိုက်နယ် ဆရာဝန်များသို့ Mobile Tablet များ ဖြန့်ဝေခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။
- **၂၂-၁၀-၂၀၁၈** - Japan International Medical Cooperation Organization (JIMCO) အဖွဲ့မှ ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နေမှုများအား လာရောက်တင်ပြခြင်း။
  - (၈)ကြိမ်မြောက် အားကစားဆိုင်ရာ အာဆီယံ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် အခြားဆက်စပ် အစည်းအဝေးများသို့ တက်ရောက်ခြင်း။
- **၂၃-၁၀-၂၀၁၈** - ASEAN+Japan အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့တက်ရောက်ခြင်း။
- **၂၄-၁၀-၂၀၁၈** - ကမ္ဘာ့ပိုလီယိုကင်းစင်ရေးနေ့အထိမ်းအမှတ် စုပေါင်းလူထုစက်ဘီးစီးနင်းပွဲသို့ တက်ရောက်ခြင်း။
- **၂၇-၁၀-၂၀၁၈** - ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလှေလှော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- **၂၈-၁၀-၂၀၁၈** - လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးနိုင်ရန် ရွှေသောင်ယံတိုက်နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ခြင်း။
- **၂၉-၁၀-၂၀၁၈** - (၂၀၁၈-၂၀၁၉)ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူရန်အတွက် ဘဏ္ဍာငွေခွဲဝေချထားရေး ညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - သားဖွား ဒီပလိုမာသင်တန်း သင်ရိုးညွှန်တမ်းနှင့် လက်စွဲစာအုပ်စာတန်းများ မိတ်ဆက်ခြင်း အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - Japan International Coorperation Agency – JICA ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား တွေ့ဆုံခြင်း။
- **၃၀-၁၀-၂၀၁၈** - ကမ္ဘာ့ရန်ပုံငွေအဖွဲ့ဆိုင်ရာ အရှေ့တောင်အာရှဒေသကိုယ်စားပြု မဲဆန္ဒနယ်တွင် ပါဝင်သော နိုင်ငံများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - ၂၀၁၈ခုနှစ် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ လွိုင်ကော်၊ မုံရွာ) ကျောင်းများ၏ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်ခြင်း။
  - ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၉)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
- **၃၁-၁၀-၂၀၁၈** - ရန်ကုန်ပြည်သူ့ဆေးရုံကြီးတိုးချဲ့ပြုပြင်မွမ်းမံ ပြင်ဆင်ရေးညှိနှိုင်းအစည်းအဝေးတက်ရောက်ခြင်း။

- **၁-၁၁-၂၀၁၈**
  - Mobile Tablet များ အသုံးပြု၍ ကျန်းမာရေးဝန်ဆောင်မှု အားဖြည့်ဆောင်ရွက်ရန်နှင့် စပ်လျဉ်း၍ World Health Partners အဖွဲ့မှ ရှင်းလင်းတင်ပြခြင်း။
  - Lamp Medical Aid (LAMP) မှ Dr. Sung Woo နှင့် အဖွဲ့က နေပြည်တော်တွင် ကမ္ဘာ့အဆင့်မီ ပုဂ္ဂလိကဆေးတက္ကသိုလ်နှင့် ဆေးရုံ တည်ထောင်သွားလိုကြောင်း ရှင်းလင်းတင်ပြခြင်း။
  - အီလက်ထရောနစ် ကျန်းမာရေးစနစ် တည်ဆောက်မှု ကျောရိုးနောက်ခံပုံစံ ပေါ်ပေါက်လာရေး စုပေါင်းအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
  - (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခြင်း။
  - ရောဂါဗေဒပညာတိုးတက်ရေးဆိုင်ရာ အစုအဖွဲ့မှ ပါမောက္ခ ဒေါက်တာရဲမြင့်ဦးဆောင်သောအဖွဲ့မှ ရောဂါဗေဒနှင့် ဓာတ်ခွဲမှုဆိုင်ရာပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းတင်ပြခြင်းသို့ တက်ရောက်ခြင်း။
- **၃-၁၁-၂၀၁၈**
  - The South East Asian Women and Sports Seminar 2018 ဖွင့်ပွဲသို့ တက်ရောက်ခြင်း။
- **၄-၁၁-၂၀၁၈**
  - (၁၉)ကြိမ်မြောက်အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းများနှင့် ပတ်သက်သည့် ပေါင်းစပ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
  - ၂၀၁၈ခုနှစ် (၂၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် (အရေးဗစ်) ပြိုင်ပွဲ၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- **၅-၁၁-၂၀၁၈**
  - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်/တိုက်နယ် ဆရာဝန်များသို့ Mobile Tablet များ ဖြန့်ဝေခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။
  - ပြည်သူ့ကျန်းမာရေးကြီးကြပ်သင်တန်း ဆရာ၊ ဆရာမများအတွက် Training of Trainers သင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- **၆-၁၁-၂၀၁၈**
  - ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Mr. Hideo Watanabe နှင့်အဖွဲ့မှတွေ့ဆုံခြင်း။
- **၈-၁၁-၂၀၁၈**
  - ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် နိုင်ငံတကာဖွံ့ဖြိုးရေးဌာနကြီး (Department for International Development, DFID)၊ UK နိုင်ငံတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း။
  - (၂၀၁၇) ခုနှစ် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း နှစ်ပတ်လည်လုပ်ငန်းဆန်းစစ် ဆွေးနွေးပွဲ၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- **၉-၁၁-၂၀၁၈**
  - သူနာပြုသင်တန်းကျောင်း၊ နေပြည်တော်၏ ပထမအကြိမ် သူနာပြု သားဖွား ဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
- **၁၀-၁၁-၂၀၁၈**
  - Hanho, Myanmar Social Development and Service Co., Ltd မှ Managing Director Mr. Jeon Iksang နှင့် အဖွဲ့အား တွေ့ဆုံခြင်း။
  - ငှက်ဖျားရောဂါ ကင်းစင်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဒေါက်တာစောလွင် (ရောဂါနှိမ်နင်းရေးဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်) က ရှင်းလင်းတင်ပြခြင်း။
  - (၁၇) ကြိမ်မြောက် အာရှဒေသကျောရိုးအာရုံကြောမကြီး ဆေးပညာကွန်ရက်ညီလာခံနှင့် (၁၅) ကြိမ်မြောက် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာညီလာခံပူးပေါင်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခြင်း။
  - အာဆီယံ ဆေးဘက်ဆိုင်ရာ နည်းပညာ (ဓာတ်ခွဲ) တက္ကသိုလ်/ကျောင်းများ အသင်း၏ (၄)ကြိမ်မြောက် ညီလာခံဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခြင်း။
- **၁၁-၁၁-၂၀၁၈**
  - (၅)နိုင်ငံဖိတ်ခေါ် Criterium Bike Race 2018 စက်ဘီးပြိုင်ပွဲနှင့် ငြိမ်းချမ်းရေးအထိမ်းအမှတ်လူထု စက်ဘီးစီးပွဲတော်သို့ တက်ရောက်ခြင်း။

- **၁၂-၁၁-၂၀၁၈** - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ မွန်ပြည်နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်/တိုက်နယ် ဆရာဝန်များသို့ Mobile Tablet များ ဖြန့်ဝေခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။

- **၁၃-၁၁-၂၀၁၈** - (၂၀၁၈)ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုကာကွယ် ထိန်းသိမ်းရေးနေ့ အကြိုလမ်းလျှောက်ခြင်းနှင့် ကိုယ်ကာယလေ့ကျင့်ခန်းအခမ်းအနားတက်ရောက်ခြင်း။
  - First Consultative Meeting on Development of Referral Guidelines အခမ်းအနားသို့ တက်ရောက်ခြင်း။
  - နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် - ၁၀၀၀)၊ ဆီးချိုရောဂါပညာပေးကုသဌာနနှင့် အထူးကုပြင်ပလူနာဌာန (၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။

- **၁၄-၁၁-၂၀၁၈** - ကမ္ဘာ့ ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခြင်း။
  - GMS Health Security Project ၏ ဒုတိယနှစ် လုပ်ငန်းစီမံကိန်းနှင့် ရခိုင်ပြည်နယ်တွင် Schistosomiasis ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြခြင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။

- **၁၅-၁၁-၂၀၁၈** - ORBIS International မှ Program Manager Ms. Alana Calise နှင့်အဖွဲ့က မြန်မာနိုင်ငံတွင် မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်မည့်အစီအစဉ်များကိုရှင်းလင်းတင်ပြပွဲသို့ တက်ရောက်ခြင်း။
  - ကမ္ဘာ့ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာ အသိပေးရက်သတ္တပတ် (၂၀၁၈) အခမ်းအနားသို့ တက်ရောက်ခြင်း။

- **၁၆-၁၁-၂၀၁၈** - တီဘီရောဂါဖြစ်ပွားမှုကို မပျက်မကွက် သတင်းပေးပို့တိုင်ကြားခြင်းဆိုင်ရာ စတင်ဆောင်ရွက်ခြင်းနှင့် အသိပေးရှင်းလင်းတင်ပြပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။

- **၁၇-၁၁-၂၀၁၈** - ဆေးတက္ကသိုလ်များတွင် နိုင်ငံတကာ အဆင့်မီ မျှော်မှန်းရလဒ်အခြေခံသော စုစည်းချိတ်ဆက်သင်ကြားခြင်း သင်ရိုးညွှန်းတမ်းပေါ်ပေါက်လာရေး ဆောင်ရွက်နေမှု ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
  - မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Deputy Chief of Mission ဖြစ်သူ Dr. Sumit Seth အား တွေ့ဆုံခြင်း။
  - ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့မှ မကြာမီတာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်ဖြစ်သူ Mrs. Janet E. Janson အား တွေ့ဆုံခြင်း။

- **၁၈-၁၁-၂၀၁၈** - ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဘီလီယက်နှင့် စနူကာပြိုင်ပွဲ နှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ဆုချီးမြှင့်ခြင်း။
  - ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဝူရှူး(ထောက်လု)ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးခြင်း။
  - မြန်မာ့အားကစား ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် ကိုရီးယားနိုင်ငံမှ ကူညီဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြရန် ကိုရီးယားနိုင်ငံမှ Mr. Daesung Moon နှင့်အဖွဲ့ကို တွေ့ဆုံခြင်း။

- **၁၉-၁၁-၂၀၁၈** - ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုနှင့်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
  - ၂၀၁၉ခုနှစ်၊ ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပပြုလုပ်မည့် (၃၀)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ထည့်သွင်းကျင်းပမည့် Sports and Event နှင့်ပတ်သက်သည့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။

- **၂၀-၁၁-၂၀၁၈** - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်/တိုက်နယ် ဆရာဝန်များအား Mobile Tablet များ ဖြန့်ဝေခြင်းအခမ်းအနားသို့ တက်ရောက်ခြင်း။

- **၂၃-၁၁-၂၀၁၈** - (၂၇) ကြိမ်မြောက် အသင့်ထုတ်ပိုးစားသောက်ကုန် လုပ်ငန်းဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
- **၂၄-၁၁-၂၀၁၈** - မြန်မာ-အမေရိကန် ဆေးပညာရှင်များအဖွဲ့၏ အခမဲ့ကွင်းဆင်း ဆေးကုသမှု အောင်မြင်ခြင်းအထိမ်းအမှတ် အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခြင်း။
- **၂၅-၁၁-၂၀၁၈** - နိုင်ငံတကာ ဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
- **၂၆-၁၁-၂၀၁၈** - မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှုမြင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ခြင်း။
- **၂၈-၁၁-၂၀၁၈** - ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ကျင်းပပြုလုပ်သည့် Gavi Board Meeting သို့ တက်ရောက်ခြင်း။
- **၂၉-၁၁-၂၀၁၈** - (၁၂) ကြိမ်မြောက် National Health Cluster Meeting သို့ တက်ရောက်ခြင်း။
- **၁-၁၂-၂၀၁၈** - (၂၀၁၈)ခုနှစ်၊ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် အိပ်ချ်အိုင်ဗွီ၊ တီဘီရောဂါဆိုင်ရာ ပညာပေးလှုံ့ဆော်မှု အခမ်းအနားသို့ တက်ရောက်ခြင်း။
- **၃-၁၂-၂၀၁၈** - မြို့နယ်ပြည်သူ့ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများတွင် ဆောင်ရွက်မည့် SOP နှင့် Guideline များ ရေးဆွဲပြုစုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
  - တိုက်ကွမ်ဒိုအားကစားရုံသစ် ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။
  - (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ လေ့ကျင့်နေမှုနှင့် ပြိုင်ပွဲ ကျင်းပမည့်အားကစားကွင်း/ရုံများအား ကြည့်ရှုခြင်း။
- **၅-၁၂-၂၀၁၈** - လုပ်ငန်းခွင်ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင် ကျန်းမာရေးဌာနခွဲမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပွဲသို့ တက်ရောက်ခြင်း။
- **၇-၁၂-၂၀၁၈** - ၂၀၁၈ ခုနှစ်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာ အားကစားပြိုင်ပွဲများမှ ဆုတံဆိပ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော အားကစားအဖွဲ့ချုပ်များနှင့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက် ဆုချီးမြှင့်ခြင်း။
  - အမျိုးသားခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက် နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း။
  - (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီး ကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
- **၈-၁၂-၂၀၁၈** - ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒီဇင်ဘာလဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်ခြင်း။
  - ကရင်ပြည်နယ်အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တွေ့ဆုံညှိနှိုင်းဖြည့်ဆည်းပေးခြင်း။
- **၉-၁၂-၂၀၁၈** - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကရင်ပြည်နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်/တိုက်နယ် ဆရာဝန်များသို့ Mobile Tablet များ ဖြန့်ဝေခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။
- **၁၀-၁၂-၂၀၁၈** - (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
  - ရခိုင်ပြည်နယ်အတွင်း ရေချိုခရုမှတစ်ဆင့်ကူးစက်တတ်သော သံပြားကောင်ရောဂါ၏ လက်ရှိဖြစ်ပွားမှု အခြေအနေအား ဆန်းစစ်သုံးသပ်ခြင်း အစည်းအဝေးသို့ တက်ရောက်ခြင်း။
  - ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း(WHO FCTC) မှ ဦးဆောင်သော အဖွဲ့မှ FCTC Investment Case Myanmar သုတေသန အစီရင်ခံစာနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြခြင်းသို့ တက်ရောက်ခြင်း။

- **၁၁-၁၂-၂၀၁၈**
  - ရွေ့လျားဓာတ်ခွဲယာဉ် (Mobile Laboratory Van) များအား တိုင်းဒေသကြီးနှင့်ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့တက်ရောက်ခြင်း။
  - ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းဆိုင်ရာ သုတေသနတွေ့ရှိချက် အစီရင်ခံစာကို ရှင်းလင်းတင်ပြပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။

- **၁၂-၁၂-၂၀၁၈**
  - အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ၏ ဒုဥက္ကဌ ဦးဆောင်သော အဖွဲ့အား တွေ့ဆုံခြင်း။
  - အနာကြီးရောဂါတိုက်ဖျက်ရေး ညီလာခံ (၂၀၁၈) သို့ တက်ရောက်ခြင်း။
  - အနာကြီးရောဂါ တိုက်ဖျက်ရေးညီလာခံ (၂၀၁၈) အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်ခြင်း။

- **၁၃-၁၂-၂၀၁၈**
  - တိုင်းရင်းဆေးပညာလောက ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းဆေးပညာဆိုင်ရာ အကြံပေးအဖွဲ့နှင့်တွေ့ဆုံဆွေးနွေးခြင်း။
  - UNAIDS အဖွဲ့မှ Country Director, Oussama Tawil နှင့်အဖွဲ့အား တွေ့ဆုံခြင်း။

- **၁၄-၁၂-၂၀၁၈**
  - ဦးဆောင်မှု၊ စီမံခန့်ခွဲမှုနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများအတွက် Gavi မှ ပံ့ပိုးပေးမည့် ထောက်ပံ့ငွေနှင့် ပတ်သက်သော ပဏာမဆန်းစစ်မှုရလဒ်များ တင်ပြခြင်းအစည်းအဝေးသို့ တက်ရောက်ခြင်း။
  - Leadership Management and Coordination (LMC) Proposal Debriefing of GAVI Scoping Mission သို့ တက်ရောက်ခြင်း။
  - Medecins Scans Frontieres (MSF-Holland) အဖွဲ့မှ Head of Mission, Ms. Karen Godley နှင့် Ms. Francesca Quinto တို့အား တွေ့ဆုံခြင်း။

- **၁၅-၁၂-၂၀၁၈**
  - ကျန်းမာရေးအချက်အလက်များအား အကျိုးရှိထိရောက်စွာတင်ပြခြင်း ကျွမ်းကျင်မှုဆိုင်ရာသင်တန်းဖွင့်ပွဲသို့ တက်ရောက်ခြင်း။

- **၁၆-၁၂-၂၀၁၈**
  - 2018, Pocari  Sweat Run မာရသွန်အပြေးပြိုင်ပွဲသို့ တက်ရောက်ခြင်း။

- **၁၈-၁၂-၂၀၁၈**
  - VBDC Annual Review Meeting (2018)  သို့ တက်ရောက်ခြင်း။

- **၁၈-၁၂-၂၀၁၈**
  - Raphael International မှ Mr. Jin Young Roh နှင့်အဖွဲ့အား တွေ့ဆုံခြင်း။

- **၂၀-၁၂-၂၀၁၈**
  - GAVI - Health Systems Strengthening 2 (HSS 2) Grant ဖြင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လာရောက်ရှင်းလင်းတင်ပြခြင်းအားတွေ့ဆုံခြင်း။
  - (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက် ဆုချီးမြှင့်ခြင်း။

- **၂၁-၁၂-၂၀၁၈**
  - မကူးစက်နိုင်သောရောဂါများကြိုတင်ကာကွယ်ရေးအသိပညာပေး Viber Sticker Package ဗဟိုအဆင့်စတင်မိတ်ဆက်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။

- **၂၂-၁၂-၂၀၁၈**
  - မြန်မာနိုင်ငံဆေးကောင်စီ၊ ဆေးပညာသင်ကြားရေးစံချိန်စံညွှန်းပြည့်မီကြောင်း တရားဝင်အသိအမှတ်ပြုရေးကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း။
  - ပုဂ္ဂလိက သူနာပြုနှင့်သားဖွားသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းအဆင့်ဆင့်တင်ပြခြင်း အခမ်းအနားသို့တက်ရောက်ခြင်း။
  - ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးဆေးကုဌာန Cardiac Catheterization Lab တွင် အသုံးပြုသော ဆေးရုံသုံးပစ္စည်း လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။

- ၂၃-၁၂-၂၀၁၈
  - ဒဂုံဇေရာအဝေးပြေးယာဉ်ရပ်နားစခန်း ဆေးခန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း။
  - ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်ရေးလိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်လှိုင်သာယာပြည်သူ့ဆေးရုံသို့ သွားရောက်လှည့်လည်ကြည့်ရှုခြင်း။
- ၂၆-၁၂-၂၀၁၈
  - မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်းလုပ်ငန်းများမြှင့်တင်ရေး အစည်းအဝေးသို့ တက်ရောက်ခြင်း။
  - ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေးဌာနခွဲမှ တာဝန်ရှိသူများမှ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပွဲသို့ တက်ရောက်ခြင်း။
- ၂၇-၁၂-၂၀၁၈
  - စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေးသတင်းစနစ် (DHIS -2) ကို အသုံးပြု၍ အီလက်ထရောနစ် ကျန်းမာရေးသတင်းစနစ် ဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားသို့ တက်ရောက်ခြင်း။
  - မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ဒုတိယ ဥက္ကဋ္ဌနှင့် အဖွဲ့အား တွေ့ဆုံခြင်း။
  - ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းမှ World Cancer Day အခမ်းအနားကျင်းပရေးနှင့် ပတ်သက်၍ လာရောက်တင်ပြခြင်း။
- ၂၈-၁၂-၂၀၁၈
  - (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲ၏ ဒုတိယပိုင်းအစီအစဉ်သို့ တက်ရောက်ခြင်း။
- ၃၀-၁၂-၂၀၁၈
  - မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် ပြည်သူ့ဆေးရုံ၌ ပြုလုပ်ကျင်းပခဲ့သည့် ခေတ်မီဆက်သွယ်ရေး နည်းပညာသုံး ဓာတ်မှန်စက် (Tele-radiology) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း။
  - တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တွေ့ဆုံညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ခြင်း။
  - မွန်ပြည်နယ်၊ ရေးမြို့နယ်ပြည်သူ့ဆေးရုံသို့ ခေတ်မီဆေးပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးခြင်း။
- ၃၁-၁၂-၂၀၁၈
  - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်/ တိုက်နယ်ဆရာဝန်များသို့ Mobile Tablet များဖြန့်ဝေခြင်း အခမ်းအနားသို့ တက်ရောက်ခြင်း။

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံ ပြင်ဆင်ရေးညှိနှိုင်းအစည်းအဝေးကျင်းပခြင်း





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အောက်တိုဘာလ (၃၁)ရက်နေ့တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သော ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင် မွမ်းမံပြင်ဆင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် မြန်မာနိုင်ငံတွင် စံပြဆေးရုံကြီးတစ်ခု ဖြစ်စေရေးအတွက် တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်း စီမံကိန်းများကို (၂၀၁၂)ခုနှစ်၊ ဒီဇင်ဘာလတွင် လွှတ်တော်မှ အတည်ပြုဆုံးဖြတ်ပေးခဲ့ပြီး (၂၀၁၃)ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အစိုးရသစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည့် ကာလမှစ၍ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ဆေးရုံနှင့်ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအပါအဝင် အများပြည်သူနှင့်သက်ဆိုင်သောနေရာများသန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများမှစတင်၍ လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ဌာနများတွင် ပြင်ပလူနာလာရောက်ပြသကုသမှု သည် (၂၀၁၃) ခုနှစ်တွင် (၄၄၅,၇၉၀) ဦးရှိခဲ့ပြီး (၂၀၁၇)ခုနှစ်တွင် (၄၄၀,၂၃၁)ဦး ဖြင့် လူနာဦးရေ နှစ်ဆခန့် မြင့်မားလာပါကြောင်း၊ (၂၀၁၇) ခုနှစ်တွင် အတွင်းလူနာ (၈၉,၈၇၂)ဦး၊ ခွဲစိတ်ကုသလူနာ (၂၃,၇၄၅)ဦး တက်ရောက်ကုသမှုခံယူခဲ့ပါကြောင်း" တင်ပြခဲ့ပါသည်။

ဆက်လက်၍ RGHR အဖွဲ့မှ Consultant Mr. Robin Cross နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထောက်အကူပြုအဖွဲ့၊ နာယက ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံ ပြင်ဆင်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာကျော်မြင့်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်တို့က အသီးသီး အကြံပြုဆွေးနွေးခဲ့ကြပြီး အစည်းအဝေးတက်ရောက်လာကြသည့် ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/ဌာနမှူးများကလည်း ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ ကြပါသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ ဆေးရုံအထောက်အကူပြုအဖွဲ့ဝင်များ၊ ဆေးရုံတိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး ကော်မတီအဖွဲ့ဝင်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ် (၁) ရန်ကုန် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ Rangoon General Hospital Reinvigoration Charitable Trust (RGHR) နှင့် Article 25 အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

# အနာကြီးရောဂါတိုက်ဖျက်ရေး ညီလာခံ (၂၀၁၈) ကျင်းပခြင်း






အနာကြီးရောဂါတိုက်ဖျက်ရေး ညီလာခံ (၂၀၁၈) ကို ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၊ နေပြည်တော်၌ စတင်ကျင်းပခဲ့ရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ချီးမြှင့်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် “အနာကြီးရောဂါသည်များအား အယူအဆလွဲမှားစွာဖြင့် ခွဲခြားဆက်ဆံခံရမှု (stigma and discrimination)များ လျော့နည်းပပျောက်ရေးနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်မှာကြားခဲ့သည့် အနာကြီးရောဂါတိုက်ဖျက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း (၂၀၀၃)ခုနှစ်မှ စတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် လူဦးရေ (၁၀,၀၀၀)တွင် ရောဂါဖြစ်ပွားသူ (၁)ဦး ထက်နည်းပါးကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အနာကြီးရောဂါ တိုက်ဖျက်ရေး ရည်မှန်းချက်ပြည့်မီသော်လည်း အချို့တိုင်းဒေသကြီးနှင့်ပြည်နယ်များ အတိုင်းအတာတွင်မူ များပြားလျက်ရှိပါကြောင်း၊ အနာကြီးရောဂါ လူနာအသစ်များသည် နှစ်စဉ် (၃၀၀၀)ခန့် အသစ်တွေ့နေရဆဲ ဖြစ်ခြင်းနှင့် အနာကြီးရောဂါ ကိုယ်အင်္ဂါချို့ယွင်းမှုအဆင့် (၂) ဖြစ်ပွားမှုများသည် ကလေးငယ်များတွင် တွေ့ရှိရဆဲဖြစ်ကြောင်း၊ အမျိုးသားအဆင့် အနာကြီးရောဂါတိုက်ဖျက်ရေးမဟာဗျူဟာ (National Leprosy Control Strategy 2019-2023) ကို ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ အနာကြီးရောဂါ လုံးဝကင်းစင်ပပျောက်သည့် မြန်မာနိုင်ငံ (Leprosy Free Myanmar) ဖြစ်လာစေရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း” ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ichiro Maruyama နှင့် The Nippon Foundation ၏ ဥက္ကဋ္ဌ Mr. Yohei Sasakawa တို့က ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် (၂) ဒေါက်တာသာထွန်းကျော်က မြန်မာနိုင်ငံတွင် အနာကြီးရောဂါဖြစ်ပွားမှု လက်ရှိအခြေအနေ၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် တွေကြုံရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ရှင်းလင်း တင်ပြခဲ့ကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Global Leprosy Program အဖွဲ့ခေါင်းဆောင် Dr. Erwin Cooreman က ကမ္ဘာ့အနာကြီးရောဂါဖြစ်ပွားမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲကို ဆက်လက် ကျင်းပခဲ့ရာ အမြဲတမ်းအတွင်းဝန် (၁) ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ Mr. Yohei Sasakawa၊ Technical Advisory Group အဖွဲ့ဝင် ဒေါက်တာကျော်ညွန့်စိန်၊ Dr. Erwin Cooreman၊ အနာကြီးရောဂါတိုက်ဖျက်ရေး စီမံချက်မန်နေဂျာ ဒေါက်တာချန်ထွန်းအောင်တို့က ဖြေကြားရှင်းလင်းခဲ့ကြပါသည်။ အဆိုပါ ညီလာခံကြီးကို ဒီဇင်ဘာလ (၁၂)ရက်နေ့နှင့် (၁၃)ရက်နေ့၊ (၂)ရက်ကြာ ကျင်းပခဲ့ပါသည်။

## (၁၈) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



(၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ (၁၂) ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပရာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက "မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံကို (၂၀၀၁) ခုနှစ် မှစတင်ပြီး နှစ်စဉ် ကျင်းပခဲ့ရာ ယခုဆိုလျှင်(၁၈)ကြိမ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ ယခု ညီလာခံကို မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေး ဝါးများ အဆင့်အတန်း မြင့်မားတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေး ဆရာတို့၏ ကျင့်ဝတ် သိက္ခာမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေး ပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှု ပေးနိုင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ပါ ကြောင်း" ပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေးက ဖတ်ကြားခဲ့ပါသည်။ ယင်းနောက် ဒုတိယသမ္မတသည် ဧည့်သည်တော်များနှင့်အတူ တိုင်းရင်း ဆေးဝါးပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။ ညပိုင်း တွင် ဒုတိယသမ္မတသည် ညီလာခံဂုဏ်ပြုညစာစားပွဲသို့ တက် ရောက်ခဲ့ပါသည်။

## (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



(၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ (၂၈) ရက်နေ့တွင်နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန - ၂ (MICC-II) ၌ ကျင်းပရာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဒုတိယသမ္မတက "နယကြီး (၄)ပါးကို အခြေခံသည့် မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးနည်းစနစ်များကို အမျိုးသား ရေးအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက် အောင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် အသိဉာဏ် မူပိုင်ခွင့်ကိစ္စများ အတွက် Intellectual Property Right (IPR) ဌာနနှင့်လည်း ညှိနှိုင်းဆောင်ရွက် လျက်ရှိပါကြောင်း" ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ဖတ်ကြားခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် အမျိုးသားလွှတ်တော် ကျန်းမာ ရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတို့မှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ် များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ တိုင်းရင်းဆေးပညာရပ် ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ အသင်းမှပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ တာ ဝန်ရှိသူများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူလုပ်ငန်းရှင်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ ပါသည်။ ညပိုင်းတွင် ဒုတိယသမ္မတသည် ညီလာခံ ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်ခဲ့ပါသည်။

# (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခြင်း









အာဆီယံလူငယ်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုများ ရရှိလာစေရေး၊ မိမိတို့၏ အားကစားစွမ်းရည်များကို ထုတ်ဖော်ပြသခွင့် ရရှိလာစေခြင်းဖြင့် အာဆီယံဒေသတွင်း ထူးချွန်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ တက္ကသိုလ်အားကစားသမားများအကြား သက်ဆိုင်ရာတက္ကသိုလ်အသီးသီး၏ အချက်အလက်များနှင့် ယဉ်ကျေးမှုဆိုင်ရာများကို အချင်းချင်း လေ့လာဖလှယ်ခွင့်ရရှိရေး ရည်ရွယ်ချက်များဖြင့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့မှ (၁၉) ရက်နေ့အထိ မြန်မာနိုင်ငံ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အိမ်ရှင်အဖြစ် လက်ခံလျက် လူငယ်နှင့် ချစ်ကြည်ရေး (Youth & Friendship) ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့ပါသည်။

(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲကို နိုင်ငံပေါင်း (၁၁) နိုင်ငံမှ အုပ်ချုပ်သူနည်းပြ၊ အားကစားသမား စုစုပေါင်း (၂,၀၇၈) ဦးတို့သည် အားကစားနည်း (၁၇) နည်းတွင် ပြိုင်ပွဲပေါင်း (၂၀၁) မျိုးဖြင့် ယှဉ်ပြိုင်ဆင်နွှဲခဲ့ကြပါသည်။ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ (၁၀) ရက်နေ့၊ ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Sports Complex ရှိ Indoor Stadium ၌ ကျင်းပခဲ့ရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ပြိုင်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြိုင်ပွဲကျင်းပရေးဆိုင်ရာနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး အရှေ့တောင် အာရှတက္ကသိုလ်များ အားကစားကောင်စီ အထွေထွေအတွင်းရေးမှူး Mr. Muhamad Mohd Hanif က ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အုပ်ချုပ်သူနည်းပြ (၁၀၄) ဦး၊ အားကစားသမား (၃၅၄) ဦး၊ စုစုပေါင်း (၄၅၈) ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအားကစားသမားများက ရွှေတံဆိပ် (၂၄) ခု၊ ငွေတံဆိပ် (၂၆) ခုနှင့် ကြေးတံဆိပ် (၂၉) ခု၊ စုစုပေါင်း ဆုတံဆိပ် (၇၉) ခုဖြင့် နိုင်ငံအလိုက် အဆင့်သတ်မှတ်ချက်တွင် စတုတ္ထနေရာ၌ ရပ်တည်ခဲ့ပါသည်။ ထိုင်းနိုင်ငံသည် ရွှေတံဆိပ် (၆၂) ခု အပါအဝင် စုစုပေါင်း ဆုတံဆိပ် (၁၅၂) ခုဖြင့် ပထမ နေရာတွင် လည်းကောင်း၊ အင်ဒိုနီရှားနိုင်ငံသည် ရွှေတံဆိပ် (၄၄) ခု အပါအဝင် စုစုပေါင်း ဆုတံဆိပ် (၁၁၃) ခုဖြင့် ဒုတိယနေရာတွင် လည်းကောင်း၊ မလေးရှားနိုင်ငံသည် ရွှေတံဆိပ် (၃၇) ခု အပါအဝင် စုစုပေါင်း ဆုတံဆိပ် (၁၂၉) ခုဖြင့် တတိယနေရာတို့တွင် လည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြပါသည်။

ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ (၁၉) ရက်နေ့၊ ညနေ (၅:၀၀) နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း Sports Complex ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယသမ္မတဦးမြင့်ဆွေတက်ရောက်၍ မိန့်ခွန်းပြောကြားကာ ပိတ်သိမ်းပေးခဲ့ပါသည်။

# Mobile Tablet များ အသုံးပြု၍ မြို့နယ်ဆရာဝန်များ၊ တိုက်နယ်ဆရာဝန်များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်များအားမြှင့်တင်ခြင်း









ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် မြို့နယ်ဆရာဝန်များ၊ တိုက်နယ်ဆရာဝန်များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်များကို မြှင့်တင်နိုင်ရန်၊ ပြည်သူများ၏ ကျန်းမာရေးအသိပညာမြင့်မားတိုးတက်လာစေရန်နှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် ရည်ရွယ်၍ ခေတ်မီပြောင်းလဲတိုးတက်လာသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ (Information and Communication Technology) နှင့်အညီ Mobile Tablet များကို အသုံးပြုပြီး အားဖြည့်ဆောင်ရွက်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် (၂၁-၁၀-၂၀၁၈) ရက်နေ့တွင် ကယားပြည်နယ်၊ (၅-၁၁-၂၀၁၈) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ (၁၂-၁၁-၂၀၁၈) ရက်နေ့တွင် မွန်ပြည်နယ်၊ (၂၀-၁၁-၂၀၁၈) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ (၉-၁၂-၂၀၁၈) ရက်နေ့တွင် ကရင်ပြည်နယ်၊ (၃၁-၁၂-၂၀၁၈) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ (၁၃-၁-၂၀၁၉) ရက်နေ့တွင် ရခိုင်ပြည်နယ်တို့တွင် မြို့နယ်/တိုက်နယ်ဆရာဝန်စုစုပေါင်း (၄၀၂) ဦးနှင့် အခြေခံကျန်းမာရေးဝန်ထမ်းစုစုပေါင်း (၁၀,၇၈၄) ဦး၊ စုစုပေါင်း (၁၁,၁၈၆) ဦးတို့အား Mobile Tablet များ ဖြန့်ဝေပေးခဲ့ပါသည်။

Mobile Tablet များကို အသုံးပြုသည့် အကျိုးကျေးဇူးအနေဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများသည် Mobile Tablet များတွင် ထည့်သွင်းထားသော ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ သိသင့်သိထိုက်သည့် အသိပညာပေးလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန်များ၊ ကူးစက်ရောဂါများ၊ မကူးစက်နိုင်သောရောဂါများအပါအဝင် ရောဂါနှင့် ရောဂါလက္ခဏာဆိုင်ရာ အချက်အလက်များ အစရှိသော စာအုပ်စာတမ်းစုစုပေါင်း (၁၂၀) ကျော်ကို အချိန်နှင့်တစ်ပြေးညီ အင်တာနက် မလိုအပ်ဘဲ Offline ကိုးကားအသုံးပြုနိုင်မည် ဖြစ်ပါသည်။

မြို့နယ်ဆရာဝန်များနှင့် တိုက်နယ်ဆရာဝန်များကို ဖြန့်ဝေပေးသည့် Tablet များတွင် ဆေးတက္ကသိုလ်များ၊ အထွေထွေရောဂါကုဆေးရုံကြီးများ၊ အထူးကုဆေးရုံကြီးများနှင့် စီမံချက်မန်နေဂျာများ အသီးသီးကပေးပို့လာသည့် ကုသရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ စံကုထုံးများအပါအဝင် စာအုပ်စာတမ်းပေါင်း (၅၃၀) ကျော်ကို ထည့်သွင်းပေးထားပါသည်။ ထို့အပြင် နိုင်ငံ့ဝန်ထမ်းနည်းရေးရာနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စာအုပ်များကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ မှိငြမ်းဆောင်ရွက်နိုင်ရန် ထည့်သွင်းပေးထားပါသည်။

Mobile Tablet များအတွင်း ဖုန်း Sim Card များလည်း ထည့်သွင်းထားသည့်အတွက် အင်တာနက်မှတစ်ဆင့် Online အသုံးပြုပြီး သတင်းအချက်အလက်များ ရယူဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website နှင့် Facebook Page၊ ဦးစီးဌာနများ၏ Website များနှင့် Facebook Page များကိုလည်း Online မှတစ်ဆင့် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ပြီး တိကျမှန်ကန်သော သတင်းအချက်အလက်များကို ပြည်သူများထံ ပြန်လည်အသိပေး ဖြန့်ဝေနိုင်မည်ဖြစ်ပါသည်။

Mobile Tablet များကို ကျန်းမာရေးဝန်ထမ်းများ အသုံးပြုရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ထည့်သွင်းထားသည့် စာအုပ်စာတမ်းများနှင့် Application များကို User Friendly ဖြစ်စေရန်နှင့် သုံးစွဲရလွယ်ကူစေရန် စီစဉ်ဆောင်ရွက်ထားရှိပြီး Micro SD ကတ်များ၊ ဖုန်းမှန်မကွဲ စတစ်ကာများ၊ Tablet ကာဗာအဖုံးများနှင့် Mobile Tablet များ ဘက်ထရီ အားဖြည့်ရန်အတွက် Power Bank များကိုလည်း ထောက်ပံ့ပေးခဲ့ပါသည်။

ဗဟိုမှ ထပ်မံပေးပို့လိုသည့် သို့မဟုတ် Update ပြုလုပ်လိုသည့် Mobile Application များ၊ လမ်းညွှန်ချက်များနှင့် စာအုပ်စာတမ်းများကိုလည်း Mobile Device Management System အသုံးပြု၍ ဖြန့်ဝေထားသည့် Tablet များသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကူးစက်ရောဂါဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေများ ကြုံတွေ့ရသည့်အခါဖြစ်စေ၊ ကပ်ရောဂါအသွင်ဖြင့် ရောဂါများဖြစ်ပွားသည့်အခါဖြစ်စေ၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသည့်အခါဖြစ်စေ ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်း များနှင့် သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများအတွက် လိုအပ်သော ပညာရပ်ဆိုင်ရာအကူအညီများ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့် ဆောင်ရွက်ရန်အချက်များကို Tablet မှ တစ်ဆင့် အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားနိုင်မည် ဖြစ်သည့် အတွက် ရောဂါကာကွယ် တားဆီးနှိမ်နင်းခြင်း လုပ်ငန်းများကို အထူးထိရောက် လျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ရောဂါဖြစ်ပွားသူများအား ဆန်းစစ်လေ့လာမှုများ ပြုလုပ်ရာတွင်လည်း ကျန်းမာရေးအသိပညာ နည်းပါးခြင်းကြောင့် လည်းကောင်း၊ ကျန်းမာရေးစာတတ်မြောက်မှု နည်းပါးခြင်း ကြောင့် လည်းကောင်း၊ ရောဂါကြိုတင်ကာကွယ်မှု နည်းလမ်းများ ကို မသိရှိခြင်းနှင့် ရောဂါများ၏လက္ခဏာများကို မသိရှိခြင်း ကြောင့်လည်းကောင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက် နေထိုင်မှု အလေ့အကျင့်များကို လိုက်နာရန် မသိရှိခြင်းကြောင့် လည်းကောင်း ရောဂါများဖြစ်ပွားသည်များကို တွေ့ရှိရသဖြင့် Mobile Tablet များအသုံးပြု၍ ပြည်သူများ၏ ကျန်းမာရေး အသိပညာမြှင့်တင်ခြင်းဖြင့် ရောဂါမဖြစ်ပွားအောင် ကာကွယ်ပေး နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးသတင်းအချက်အလက်များကိုလည်း အချိန် နှင့်တစ်ပြေးညီရယူခြင်း၊ ပေးပို့ခြင်း၊ ဖလှယ်ခြင်းနှင့် ဖြန့်ဝေခြင်း များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

Mobile Tablet များမှတစ်ဆင့် ကျန်းမာရေးဆိုင်ရာ စစ်တမ်း (Survey) များနှင့် သတင်းအချက်အလက်များကိုလည်း ကောက်ယူနိုင်မည် ဖြစ်ပါသည်။

ကျန်းမာရေးဌာနအလိုက်၊ ဆေးရုံများအလိုက် ဆေးနှင့် ဆေးပစ္စည်း လစဉ်အသုံးပြုမှု၊ ဆေးဝါးပစ္စည်း လုံလောက်မှု၊ ပြတ်တောက်မှုနှင့် ထပ်မံလိုအပ်မှုအခြေအနေများကို သိရှိနိုင်ရန် (Logistics Reporting System) အား Mobile Tablet များကို အသုံးပြု၍ စာရင်းဇယားများဖြည့်သွင်းခြင်းကို စတင်စမ်းသပ် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျန်းမာရေးဌာနအလိုက်၊ ဆေးရုံအလိုက်၊ မြို့နယ်အလိုက်၊ ခရိုင်အလိုက်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်၊ ဆေးနှင့်ဆေးပစ္စည်းများ၏ Stock Balance ကို ဆန်းစစ်နိုင် မည်ဖြစ်ပြီး အချိန်နှင့် တစ်ပြေးညီ စီမံခန့်ခွဲမှုများကို ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အဆိုပါ Mobile Tablet များကို အသုံးပြုပြီး သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်း ဒေသကြီး/ပြည်နယ်နှင့် ဗဟိုသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် Mobile Tablet များကို ရွေ့လျားစာကြည့်တိုက်သဖွယ် အသုံးပြုနိုင်မည် ဖြစ်ပြီး ၎င်းတို့၏ အရည်အသွေးနှင့် လုပ်ငန်း စွမ်းဆောင်ရည်များ ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ပိုမို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မြို့နယ်နှင့် တိုက်နယ်ဆရာဝန်များအနေဖြင့်လည်း Mobile Tablet များကို အသုံးပြုခြင်းအားဖြင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးများ ပိုမိုမြင့်မားလာမည်ဖြစ်ပြီး Tele-education, Tele-consultation နှင့် Tele-medicine လုပ်ငန်းများ ဆောင်ရွက်နိုင်အောင်လည်း မိမိတို့ဝန်ကြီးဌာနက ဆက်လက်ပံ့ပိုးပေးမည်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ထမ်းများအတွက် စဉ်ဆက်မပြတ် ဆေး ပညာသင်ကြားရေးလုပ်ငန်းများ (Continuing Medical Education - CME) နှင့် ဆေးပညာရှင်များ၏ ကျင့်ဝတ်နှင့် အရည်အသွေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး (Continuing Professional Development) အတွက်လည်း အဓိကအထောက်အကူဖြစ်စေမည် ဖြစ် ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံ တော်က ချမှတ်ထားသည့် e-Government လုပ်ငန်းစဉ်များနှင့် အညီ ICT နည်းပညာအသုံးပြုပြီး ပြည်သူများအတွက် ကျန်း မာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ကျန်းမာရေးအသိပညာပေး လုပ်ငန်းများ၊ ကျန်းမာရေး သတင်းအချက်အလက်ဆိုင်ရာ လုပ် ငန်းများကို ပြည်သူ့ဆေးရုံများအပါအဝင် ဗဟိုအဆင့်၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်နှင့် ကျေး လက်ကျန်းမာရေးဌာနအဆင့်ဆင့်တို့၌ ယခင်ကထက် တိုးမြှင့် အားဖြည့်ပြီး စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



## ကျန်းမာဖျတ်လတ်သော သက်ကြီးရွယ်အိုဘဝနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပခြင်း



မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့က ကျင်းပသည့် ကျန်းမာဖျတ်လတ်သော သက်ကြီးရွယ်အိုဘဝနှင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲ (Symposium on "Active Ageing and Geriatric Care; Myanmar Perspectives") ကို ဇန်နဝါရီလ(၃)ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးကပြောကြားရာတွင် "ငယ်ရွယ်စဉ်ကလေးဘဝကပင် ဘဝတစ်သက်တာ အားကစားလေ့ကျင့်ခန်း ပုံမှန်ပြုလုပ်နေထိုင်တတ်သော အလေ့အကျင့်နှင့် အဆီဓာတ်၊ အချိုဓာတ်၊ အငန်ဓာတ်လွန်ကဲသော အစားအသောက်များအား ရှောင်ကြဉ်စားသောက်တတ်သည့် အလေ့အကျင့်များကို မွေးမြူကျင့်သုံးစေရန် ဆောင်ရွက်ခြင်းမှတဆင့် အသက်အရွယ်ရလာသောအခါ သွေးတိုး၊ နှလုံး၊ ဆီးချိုစသည့် ရောဂါများ ဖြစ်ပွားခြင်းကို ထိရောက်စွာလျော့ချ၍ ကျန်းမာဖျတ်လတ်သောသက်ကြီးရွယ်အိုဘဝကို လူတိုင်း ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း၊ ယခုစာတမ်းဖတ်ပွဲမှတစ်ဆင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို မီးမောင်းထိုးပြသကဲ့သို့ ဆွေးနွေးပွဲမှ ပေါ်ထွက်လာသော ဆွေးနွေးချက်ရလဒ်များကို အလေးအနက်ထား၍ ယခုတက်ရောက်လာသော ပညာရှင်ကြီးများအပါအဝင် အားလုံးနှင့် အတူတကွပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ (၂၅၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

## (၄၆)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကျင်းပခြင်း



(၄၆)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံကို ဇန်နဝါရီလ (၈)ရက်နေ့တွင် ရန်ကုန်မြို့ရှိ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက "ယခုညီလာခံ၏ ဆောင်ပုဒ်ဖြစ်သော 'ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်ရေး၊ စောစီးစွာရောဂါရှာဖွေ၍ ကုသမှုခံယူနိုင်ရေး၊ ကင်ဆာရောဂါဖြစ်ပွားသော်လည်း အသက်မသေဆုံးစေရေး' (To Prevent, Detect, Treat & Live with Cancer) မှာ မကူးစက်တတ်သောရောဂါများ အဖြစ်များနေသည့် မိမိတို့နိုင်ငံ၏ လိုအပ်ချက်၊ အခြေအနေ၊ အချိန်အခါနှင့် အထူး သင့်လျော်ပါကြောင်း၊ ပြည်တွင်း၌ပြုလုပ်သော မည်သည့် သုတေသနလုပ်ငန်းမဆို တရားဝင်ဖွဲ့စည်းထားသော သုတေသနဆိုင်ရာ ကျင့်ဝတ်ကော်မတီများ၏ အတည်ပြုချက်ကို ရယူဆောင်ရွက်မှသာလျှင် ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၍ တွေ့ရှိချက်များ၊ ထောက်ခံချက်များကို ရေးသားဖော်ပြထုတ်ဝေရာတွင် တရားဝင်ဖြစ်မည်ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။

ညီလာခံသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သုတေသီပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဦးစီးဌာနများ၊ ပြည်တွင်းပြည်ပတက္ကသိုလ်များ၊ နီးနွယ်ဝန်ကြီးဌာနများ၊အမေရိကန်၊အင်္ဂလန်၊အိုင်ယာလန်၊ဩစတြေးလျ၊ ဆွစ်ဇာလန်၊ ဂျပန်၊ ကိုရီးယားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ သုတေသီများ စုစုပေါင်း (၄၅၀)ခန့် တက်ရောက်ကြပါသည်။ ညီလာခံတွင် သုတေသနစာတမ်း (၁၁၀)စောင်၊ ပိုစတာစာတမ်း (၈၀)စောင်တို့အား တင်သွင်းဖတ်ကြားပြသခဲ့ပြီး ဇန်နဝါရီလ (၈) ရက်နေ့မှ (၁၂) ရက်နေ့ထိကျင်းပခဲ့ပါသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် WHO Collaborating Centre for Research and Training on Malaria ဖွင့်ပွဲအခမ်းအနားသို့ ဆက်လက် တက်ရောက်ပြီး အဆိုပါ Centre ဆိုင်းဘုတ်အား ဖွင့်လှစ်ပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သစ်လွင်ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများအားတွေ့ဆုံခြင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဇန်နဝါရီလ (၁၁) ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ သစ်လွင်ဆေးဘက်ကျွမ်းကျင် (ဓာတ်မှန်/ အကြော/ ဆေးဝါး) ဝန်ထမ်းများအားတွေ့ဆုံ၍ သြဝါဒအမှာစကား ပြောကြားရာ“ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၌ အထူးကုဆရာဝန်များကဲ့သို့ပင် အလွန်အရေးပါကြောင်း၊ အလုပ်အကိုင်ရာထူးများ ယခုထက်ပိုမို၍ တိုးမြင့်နိုင်မည့် အခွင့်အလမ်းရရှိရေးအတွက် ဖွဲ့စည်းပုံတိုးချဲ့ခြင်း၊ လုပ်ငန်းခွင်တွင် ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်နိုင်ရေး၊ ဝန်ထမ်းအိမ်ရာများရရှိရေးနှင့် အခြားကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း” ပြောကြားပါသည်။

ထို့နောက် သစ်လွင်ဆေးဘက်ကျွမ်းကျင် ဝန်ထမ်းများက လိုအပ်သည်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တင်ပြချက်များအလိုက် ချက်ခြင်းဖြည့်ဆည်းပေးနိုင်သည့် ကိစ္စရပ်များကို ချက်ချင်းဖြည့်ဆည်းပေးခဲ့ပြီး ရေရှည်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အဆင့်လိုက်၊ အပိုင်းလိုက် ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းပေးခဲ့သည်။ တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် ဆေးဘက်ကျွမ်းကျင်(၂) (ဓာတ်မှန်/ အကြော/ ဆေးဝါး) သစ်လွင် (၃၅) ဦး တက်ရောက်ကြပါသည်။

## အရည်အသွေးစစ်ဆေးသော နိုင်ငံတကာအဆင့်မီ အစားအသောက်ဓာတုဗေဒဆိုင်ရာ ရည်ညွှန်းဓာတ်ခွဲခန်းနှင့် စာကြည့်တိုက်အဆောက်အဦးများ ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အရည်အသွေးစစ်ဆေးသော နိုင်ငံတကာအဆင့်မီ အစားအသောက် ဓာတုဗေဒဆိုင်ရာ ရည်ညွှန်းဓာတ်ခွဲခန်း (Food Chemistry Laboratory and Molecular Laboratory) အဆောက်အဦးများ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ (၁၈) ရက်နေ့တွင် အဆိုပါ အဆောက်အဦးရှေ့ မြက်ခင်းပြင်တွင် ကျင်းပခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကား ပြောကြားရာတွင် “ဓာတ်ခွဲခန်းကို တည်ဆောက်ဖွင့်လှစ်နိုင်ရေး အတွက် ထောက်ပံ့ကူညီခဲ့သော United States Pharmacopeia (USP) နှင့် EU GIZ အဖွဲ့တို့အား ကျေးဇူးတင်ရှိကြောင်း၊ ဘေးအန္တရာယ်ကင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များဖြစ်စေရန် စစ်ဆေးနိုင်ခြင်းသည် ပြည်သူအားလုံးအတွက် လွန်စွာအကျိုးရှိကြောင်း၊ ထို့အပြင် ခေတ်မီစာကြည့်တိုက် ဖွင့်လှစ်နိုင်သည့်အတွက် ဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် စာကြည့်တိုက်ကို အသုံးပြုသည့် အလေ့အကျင့်၊ စာဖတ်ခြင်း၊ လေ့လာဆွေးနွေးစကားဝိုင်းဖွဲ့ပြောဆိုခြင်း၊ အလေ့အကျင့်များ ပြုလုပ်ကြပါရန် တိုက်တွန်းကြောင်း” ပြောကြားခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marcial က အမှာစကားပြောကြားပါသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ပြည်သူ့လွှတ်တော် ကျန်းမာရေး၊ အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန် (ကျန်းမာရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ USP ၊ USAID ၊ TRD ၊ UNIDO တို့မှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

## (၆၄) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံကျင်းပခြင်း




ဇန်နဝါရီလ (၂၀) ရက်နေ့တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ ကျင်းပသော (၆၄) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ရာ "နောင်တွင် ဆရာဝန်များ ဆမသက်တမ်း တိုးသောအခါတွင် Continuing Medical Education (CME) အစီအစဉ်များသို့ တက်ရောက်မှုကို ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း၊ အထွေထွေရောဂါကုဆရာဝန် (GP) များသည် ပြည်သူလူထုအများစု၏ ကျန်းမာရေးကို အများဆုံးစောင့်ရှောက်ပေးနေသောကြောင့် အထွေထွေရောဂါကု ဆရာဝန်များအသင်း (General Practitioners Society) ၏ အခန်းကဏ္ဍသည် အလွန်အရေးပါကြောင်း" ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာရဲမြင့် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့နှင့် မြန်မာနိုင်ငံဆေးကောင်စီတို့မှ ပေးပို့သောသဝဏ်လွှာများကို ဖတ်ကြားခဲ့ကြသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ အငြိမ်းစားပညာရှင်ကြီးများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆရာဝန်အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ညီလာခံအား ဇန်နဝါရီလ (၂၀) ရက်နေ့မှ (၂၄) ရက်နေ့အထိ ကျင်းပခဲ့ပါသည်။

## မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဇန်နဝါရီလ (၂၀) ရက်နေ့တွင် ရန်ကုန်၊ တာမွေမြို့နယ်၊ အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ဧည့်ရိပ်သာ၌ မြန်မာနိုင်ငံကျန်းမာရေးမှူး အသင်းမှ ဥက္ကဋ္ဌ ဦးစိုးအောင်၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ ဦးဆောင်သောအဖွဲ့အား တွေ့ဆုံခဲ့ပါသည်။

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းမှ ဦးစွာတင်ပြရာ လက်ထောက်ကျန်းမာရေးမှူး (RHA နှင့် CHA) များကို ဘွဲ့လွန်သင်တန်းများတက်ရောက်ခွင့်ရရှိနိုင်ရေး၊ CHA များကို Diploma ဘွဲ့ပေးအပ်နိုင်ရေး၊ ကျန်းမာရေးမှူးများကို ညွှန်ကြားရေးမှူးအဆင့်အထိ တိုးမြှင့်ပေးနိုင်ရေး၊ ဘွဲ့လွန်ရ ကျန်းမာရေးမှူးများအား ရာထူးတိုးမြှင့် ခံစားခွင့်ပြုနိုင်ရေးနှင့် ရခိုင်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စီမံချက်လုပ်ငန်းများ ဆောင်ရွက်နေမှုကို တင်ပြခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက "မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၏ဆောင်ရွက်မှုများကို အသိအမှတ်ပြုချီးကျူးပါကြောင်း၊ RHA နှင့် CHA များကို ဘွဲ့လွန်သင်တန်းတက်ရောက်ခွင့်ရရှိစေရေးကိစ္စ၊ CHA များကို Diploma ဘွဲ့ပေးနိုင်ရန်ကိစ္စ စသည့်အချက်များကိုအခြေခံအားဖြင့်သဘောတူသည်ဖြစ်၍ သက်ဆိုင်ရာဌာနများနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးမှူးများကို ညွှန်ကြားရေးမှူးအထိ တာဝန်ထမ်းဆောင်နိုင်ရေးကိစ္စအတွက် ဖွဲ့စည်းပုံကိုလည်း တိုးချဲ့လျက်ရှိပါကြောင်း၊ ဘွဲ့လွန် MPH နှင့် B.comm.H ဘွဲ့ရ ကျန်းမာရေးမှူးများအား ရာထူးတိုးမြှင့် ခံစားခွင့်ပြုနိုင်ရေးအတွက်လည်း လက်ရှိဆောင်ရွက်လျက်ရှိကြောင်း" ပြောကြားသည်။

## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံတွင် မျက်နှာ၊ မေးရိုးနှင့် ခံတွင်း ခွဲစိတ်ကုသဆောင်သစ် ဖွင့်လှစ်ခြင်း



နေပြည်တော်၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ၌ မျက်နှာ၊ မေးရိုးနှင့် ခံတွင်း ခွဲစိတ်ကုသဆောင်သစ် ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇန်နဝါရီလ (၂၃) ရက်နေ့တွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာသာထွန်းကျော်တို့က ခွဲစိတ်ကုသဆောင်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားရာ "များပြားလာသည့် မျက်နှာ၊ မေးရိုး ထိခိုက်ဒဏ်ရာများအား အချိန်နှင့်တပြေးညီ ကုသမှုပေးနိုင်ရေးအတွက် ဗဟိုအဆင့် ဆေးရုံများနှင့် တိုင်းဒေသကြီး/ပြည်နယ် ဆေးရုံကြီးများတွင် မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုသဆောင်များကို မကြာမီ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း" ပြောကြားသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဗဟိုအဆင့် ဆေးရုံကြီးများ ကွပ်ကဲရေးမှူး၊ ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်သန္တာလွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး ကလေးကုသဆောင်၊ Institutional based Immunization Section တွင် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှု အားပေးခဲ့ပါသည်။

အငြိမ်းစား နိုင်ငံ့ဝန်ထမ်းဆေးရုံသည် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများသာမက မိသားစုဝင်များ၊ လက်ရှိဝန်ထမ်းများ၊ နီးစပ်ရာနယ်မြေ၊ မြို့နယ်များတွင်ရှိကြသည့် ပြည်သူလူထုတစ်ရပ်လုံးအား တန်းတူညီမျှကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါသည်။

## ပထမအကြိမ် သားဖွားဒီပလိုမာအောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကျင်းပခြင်း



ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သားဖွားသင်တန်းကျောင်း(နေပြည်တော်)၏ သားဖွားဒီပလိုမာရရှိသူ (၅၄) ဦးအား ပထမအကြိမ် သားဖွားဒီပလိုမာအောင်လက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီလ (၂၉) ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC-II) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "သားဖွားဆရာမများသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပြည်သူများ၏ ကျန်းမာရေးအတွက် အလွန်အရေးကြီးသော လုပ်ဖော်ကိုင်ဖက် ရှေ့တန်းတိုက်စစ်မှူးများ ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးအသိပညာ ယခုထက် ပိုမိုမြင့်မားလာစေရေးအတွက် မိမိတို့ဝန်ကြီးဌာနက ပြုစုထုတ်ဝေထားသော ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ်ကို အသုံးပြု၍ သားဖွားဆရာမများက ပြည်သူလူထုအား အသိပညာပေးစေလိုပါကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဤစာအုပ်ကို အလွယ်တကူ သယ်ယူမိုင်ငြမ်းနိုင်ရန်အတွက် မိုဘိုင်းတက်ဘလက်ဖုန်းများတွင် မကြာခင်ထည့်သွင်းဖြန့်ဝေရန် စီစဉ်လျက်ရှိကြောင်း၊ သူနာပြု/သားဖွားတို့၏ ကျင့်ဝတ် (၈) ချက်ကို ဦးထိပ်ထားကာ ပြည်သူနှင့် ဆက်ဆံရာတွင်လည်း တတ်နိုင်သမျှသည်းခံကြပြီး ဆက်ဆံရေး ကောင်းမွန်စေလိုပါကြောင်း" ပြောကြားသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၊ NGO များမှ ကိုယ်စားလှယ်များ၊ သူနာပြုသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်း(နေပြည်တော်)တို့မှ ကျောင်းအုပ်များ၊ ဆရာမများ၊ ကျောင်းသူ/ကျောင်းသားများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပါသည်။

## အူမကြီးနှင့် စအိုလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုဆရာဝန်များ၏ (၉) ကြိမ်မြောက် အာဆီယံအဆင့် ဆွေးနွေးပွဲညီလာခံကျင်းပခြင်း




အူမကြီးနှင့် စအိုလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုဆရာဝန်များ၏ (၉) ကြိမ်မြောက် အာဆီယံအဆင့် ဆွေးနွေးပွဲညီလာခံ (9th Biennial Congress of ASEAN Society of Colorectal Surgeons) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် ရန်ကုန်မြို့၊ အင်းလျားကန်ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက "မြန်မာနိုင်ငံတွင် ပထမဦးဆုံး ပြုလုပ်သော ဤဆွေးနွေးပွဲ ညီလာခံကြီးသည် အူမကြီးနှင့် စအိုလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုဆရာဝန်များအကြား အတွေ့အကြုံ၊ အသိပညာနှင့် ခွဲစိတ်နည်းပညာအသစ်များအား ဆွေးနွေး ဖလှယ်ရန်အကျိုးရှိသော စင်မြင့်နေရာတစ်ခုဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ အူမကြီးနှင့် စအိုလမ်းကြောင်းဆိုင်ရာ ကင်ဆာရောဂါ ဖြစ်ပွားသူလူနာ ကမ္ဘာပေါ်တွင် နှစ်စဉ် (၁) သန်းခန့်ရှိသည်ဟု သိရှိရပြီး ဤကင်ဆာရောဂါ၏ ဝန်ထုပ်ဝန်ပိုး လျှော့ချနိုင်ရန် အတွက် ရောဂါဖြစ်ပွားမှုရှိမရှိ စောစီးစွာ စစ်ဆေးရန်နှင့် ဖြစ်ပွားပါ က ထိရောက်စွာခွဲစိတ်ကုသရန် လိုအပ်သည်သာမက ရောဂါ ဖြစ်ပွားမှုကို လျှော့ချနိုင်ရန်အတွက် အစားအသောက်၊ အနေအထိုင်၊ အပြုအမူများ၊ အူမကြီးနှင့် ကနဦး သတိပေးလက္ခဏာများကို ပြည်သူများသိရှိရန် ကျန်းမာရေးအသိပညာပေးခြင်း အပါအဝင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ကြောင်း" ပြောကြားခဲ့ပါသည်။

ထို့နောက် ASEAN Society of Colorectal Surgeons မှ Prof: Errawan R. Wiradisuria၊ မြန်မာနိုင်ငံ ဆရာဝန် အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာအေးအောင်နှင့် Colorectal Surgeons အဖွဲ့မှ ဒေါက်တာရှိန်မြင့်တို့က အသီးသီးနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ညီလာခံအထိမ်းအမှတ် ဆေးပစ္စည်း ပြခန်းအား ပြည်ထောင်စုဝန်ကြီးနှင့် Prof: Errawan R. Wiradisuria တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပါသည်။ ညီလာခံကို (၂) ရက်ကြာ ကျင်းပခဲ့ပါသည်။

## လွှတ်တော်ကိုယ်စားလှယ်များအား အခြေခံကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးခြင်း



ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် နေပြည်တော် စည်ပင်ရိပ်သာရှိ လွှတ်တော်ကိုယ်စားလှယ်များအတွက် ဖွင့်လှစ်ထားသော ကျန်းမာရေး ဆေးခန်းနေရာတွင် လွှတ်တော်ကိုယ်စားလှယ်များအား အခြေခံကျန်းမာရေး စစ်ဆေးမှုပြုလုပ်ပေးလျက်ရှိနေသည်ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။

ဖေဖော်ဝါရီလ (၅)ရက်နေ့မှ စတင်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၉၅) ဦးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂၇၁) ဦးတို့ကို တစ်ရက်လျှင် ပျမ်းမျှ (၂၀) ဦးခန့် ရက်ချိန်းကြိုတင် သတ်မှတ်ပြီး အခြေခံကျန်းမာရေး စစ်ဆေးမှု လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပါသည်။ အခြေခံ ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်းများတွင် အခြေခံ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ၊ ရောဂါရာဇဝင်နှင့် ခန္ဓာကိုယ်ရုပ်ပိုင်းဆိုင်ရာ အခြေခံစစ်ဆေးမှုများ၊ သွေးပေါင်ချိန်နှင့် ECG၊ သွားကျန်းမာရေးစစ်ဆေးမှုနှင့် မျက်စိစမ်းသပ်စစ်ဆေးမှုများ ပါဝင်ပြီး တွေ့ရှိချက်များအပေါ် အခြေခံ၍ လိုအပ်သော ထပ်မံစစ်ဆေးမှုနှင့် ကုသမှုများအတွက် နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံရှိ သက်ဆိုင်ရာ ပါရဂူများထံ ညွှန်းပို့မည်ဖြစ်ကာ ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

## အန္တရာယ်ကင်းစွာ မွေးဖွားခြင်းဆိုင်ရာ မိုဘိုင်းအပလီကေးရှင်း စတင်မိတ်ဆက်ဆောင်ရွက်ခြင်းအခမ်းအနားကျင်းပခြင်း




မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ အထူးသဖြင့် သားဖွားဆရာမများအနေဖြင့် ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးစဉ် အရေးပေါ်အခြေအနေများနှင့် ကြုံတွေ့ပါက အထောက်အကူဖြစ်စေနိုင်မည့် Safe Delivery Mobile Application (အန္တရာယ်ကင်းစွာ မွေးဖွားခြင်းဆိုင်ရာ မိုဘိုင်းအပလီကေးရှင်း) စတင်မိတ်ဆက်ဆောင်ရွက်ခြင်းအခမ်းအနားကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးဌာနခွဲနှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံရုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက “ယခုမိုဘိုင်းအပလီကေးရှင်းသည် မိခင်နှင့် မွေးကင်းစကလေးများ၏ သေဆုံးမှုနှင့် ရောဂါဖြစ်ပွားမှုများကို လျော့ချရာတွင် ကြီးမားသော ကျိုးသက်ရောက်မှုများ ရှိမည်ဟု ယုံကြည်ကြောင်း” ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen နှင့် Maternity Foundation နှင့် Danish Medical Women's Association မှ တာဝန်ရှိသူများက ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြပြီး Safe Delivery Mobile Application အသုံးပြုမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြပါသည်။ Safe Delivery Mobile Application ကို အာဖရိကနှင့် အရှေ့တောင်အာရှ နိုင်ငံပေါင်း (၄၀) ကျော်တွင် အသုံးပြုလျက်ရှိပါသည်။

## (၂၀၁၇-၁၈) ပညာသင်နှစ် ကျောင်းအခြေပြု သန်ချဆေးတိုက်ကျွေးခြင်း

ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ယခင်ဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်များအားလုံးရှိ အခြေခံပညာမူလတန်းသာမက အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကိုပါ သန်ချဆေး (Albendazole 400 mg) ကို (၆) လခြား နှစ်ကြိမ်တိုက်ကျွေးခြင်းကို (၂၀၁၇-၁၈) ပညာသင်နှစ်မှစ၍ နှီးနွယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်အတူ ဆောင်ရွက်လျက်ရှိပါသည်။

(၂၀၁၇-၁၈) ပညာသင်နှစ်အတွက် ပထမ Round အဖြစ် (၂၀၁၇) ခုနှစ်၊ ဩဂုတ်လဒုတိယအပတ် (ကျောင်းကျန်းမာရေးသီတင်းပတ်) အတွင်းတွင် ကျောင်းသားပေါင်း (၈.၂) သန်းခန့်အားတိုက်ကျွေးနိုင်ခဲ့ပြီး လွှမ်းခြုံမှု (၉၁.၃%) ရှိခဲ့ပါသည်။

ဒုတိယ Round အဖြစ် (၅-၂-၂၀၁၈) ရက်နေ့မှ (၉-၂-၂၀၁၈) ရက်နေ့အတွင်း ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့တိုက်ကျွေးရာတွင် အာဟာရဌာနခွဲမှ မြန်မာနိုင်ငံအဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်း ဆောင်ရွက်နေသည့် စာရင်းကောက်ကွက် (Cluster) များရှိ ရပ်ကွက်၊ ကျေးရွာများတွင်ပါဝင်သော အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများအား စစ်တမ်းကောက်ယူ ပြီးစီးချိန်တွင် စာရင်းကောက်အဖွဲ့များက တိုက်ကျွေးခဲ့ပါသည်။ သန်ချဆေးတိုက်ကျွေး



ရန် ရည်မှန်းကျောင်းသားပေါင်း (၂.၈၀) သန်းအနက် (၂.၆၉) သန်းခန့် တိုက်ကျွေးနိုင်ခဲ့သဖြင့် လွှမ်းခြုံမှုရာခိုင်နှုန်း (၉၆.၁၃%) ရှိခဲ့ပါသည်။

စာသင်ခန်းများတွင် ကျောင်းသားတစ်ဦးချင်းစီအား သန်ချဆေးတိုက်ကျွေးခြင်းကို ဆရာ/ဆရာမများက ဆောင်ရွက်ကြပြီး ကျောင်းအလိုက် သန်ချဆေးတိုက်ကျွေးမှုကို ကျန်းမာရေးဝန်ထမ်းများက ကျောင်းများသို့ ကြီးကြပ်စစ်ဆေးပါသည်။

## မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီလ (၁၄)ရက်နေ့တွင် ဗဟိုစာရင်းအင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အမှာစကားပြောကြားပါသည်။

ပြည်ထောင်စုဝန်ကြီးက "မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများသည် တိုင်းပြည်အတွက် အလွန်အရေးပါပြီး အခြေခံကျသည့် စာရင်းဇယားများဖြစ်ကြောင်း၊ လူဦးရေဆိုင်ရာမူဝါဒတစ်ရပ် ပေါ်ပေါက်လာရေး အပြင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် အရေးပါသည့် လုပ်ငန်းများအတွက် မဟာဗျူဟာနှင့် စီမံချက်များ ရေးဆွဲရာတွင် ဤစာရင်း ဇယားများ၏ မှန်ကန်မှုရှိလျှင်ရှိသကဲ့သို့၊ အချိန်နှင့်တစ်ပြေးညီရရှိမှု ရှိလျှင်ရှိသကဲ့သို့ ထိရောက်အောင်မြင်မှုများ ရရှိပြီး ရေရှည်တွင်လည်း အကျိုးဖြစ်ထွန်းမည်ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။

ထို့နောက် အဖွဲ့အတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က ရှင်းလင်းတင်ပြခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသူဇာချစ်တင်က ၂၀၁၇ ခုနှစ်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ် (၁၄) မြို့နယ်တွင် Verbal Autopsy နည်းလမ်းဖြင့် ကောက်ယူရရှိသော Cause of Death ရလဒ်များနှင့် မိဘိုင်းဖုန်း Birth Registration ကို ရှင်းလင်းတင်ပြပါသည်။ အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ UNICEF၊ Bloomberg D4H နှင့် Vital Strategies တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) အကောင်အထည်ဖော်ဆောင်ရွက်နေမှုတင်ပြအစီရင်ခံခြင်း



အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအား တင်ပြအစီရင်ခံခြင်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ကောင်းမွန်ပါကြောင်း၊ လုပ်ငန်းများကို ယခုထက် ပိုမိုထိရောက်စွာဆောင်ရွက် နိုင်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်များ၏ လမ်းညွှန်ကြီးကြပ်မှုကို ခံယူပြီး စီမံချက်မန်နေဂျာများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဖြစ်ပေါ်တိုးတက်မှုများကို တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနများအား အမြဲအသိပေးရန် လိုအပ်ပါကြောင်း" ပြောကြားခဲ့ပါသည်။

လက်ထောက်အတွင်းဝန်၊ ဒေါက်တာသန့်စင်ထူးက ပထမနှစ် လုပ်ငန်းစီမံချက် (၂၀၁၇-၂၀၁၈)အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ဒုတိယနှစ် လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၁၉) ခုနှစ်အတွက် လျာထားသည့် အဓိကလုပ်ငန်းကြီး (၇) ခု၊ လုပ်ငန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ရမည့်ဌာနများနှင့် အခက်အခဲများ၊ စဉ်းစားဆုံးဖြတ်ပေးရမည့်ကိစ္စများကို တင်ပြပြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်နှင့် တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြပါသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အမျိုးသားကျန်းမာရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့ (NIMU) မှ ပညာရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

## အစာအိမ် အူလမ်းကြောင်းနှင့် အသည်းရောဂါဆိုင်ရာ နိုင်ငံတကာနှင့် အာဆီယံအဆင့် ဆွေးနွေးပွဲကျင်းပခြင်း




အစာအိမ် အူလမ်းကြောင်းနှင့် အသည်းရောဂါဆိုင်ရာ (၅) ကြိမ်မြောက် နိုင်ငံတကာနှင့် အာဆီယံအဆင့် ဆွေးနွေးပွဲ (5th Myanmar GI & Liver International Scientific Meeting and ASEAN Perspective in Liver Diseases - APLD) ၏ ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ(၁၇)ရက်နေ့တွင် ရန်ကုန်မြို့၊ Novotel Yangon Max Hotel ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက "မြန်မာနိုင်ငံတွင် (၂၀၁၁) ခုနှစ်မှ (၂၀၁၅) ခုနှစ်အတွင်း၌ ဆေးရုံများတွင် တက်ရောက်ကုသခဲ့သောလူနာများ၏ (၁၀) ရာခိုင်နှုန်းခန့်သည် အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါလူနာများဖြစ်ပြီး နှစ်စဉ် တိုးတက်များပြားလာသည်ကို တွေ့ရှိရကြောင်း" ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း၊ အစာအိမ်၊ အူလမ်းကြောင်းနှင့်အသည်းရောဂါအဖွဲ့၊ နာယကပါမောက္ခဒေါက်တာခင်မောင်ဝင်းနှင့် အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာကျော်စိုးထွန်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ အမေရိကန်၊ ကနေဒါ၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ဩစတြေးလျ၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်၊ တိုင်ဝမ်၊ မွန်ဂိုလီးယား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့မှ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ (၃၀၀) ဦးခန့် တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဖေဖော်ဝါရီလ (၁၆) ရက်နေ့မှ (၁၇) ရက်နေ့အထိ ကျင်းပခဲ့ပါသည်။

## သုတေသနအမူအကျင့်ကောင်းများ၊ သုတေသနကျင့်ဝတ်များနှင့်ပတ်သက်၍ ဆရာဖြစ်သင်တန်းပို့ချခြင်း

ဆေးသုတေသနဦးစီးဌာန၊ လူပုဂ္ဂိုလ်များအပေါ် သုတေသနစမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ်ကော်မတီမှ ကြီးမှူးကျင်းပသော "Training of Trainer (TOT) on Responsible Conduct of Research (RCR) and Research Ethics" ဖွင့်ပွဲအခမ်းအနားအား ဖေဖော်ဝါရီလ (၁၅)ရက်နေ့တွင် အဆင့်မြင့်မော်လီကျူးသုတေသနဌာန အစည်းအဝေးခန်းမ(၂)၌ ကျင်းပပြုလုပ်ရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာကျော်ဇင်သန့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် သင်တန်းကို (၁၅-၂-၂၀၁၈) မှ (၁၆-၂-၂၀၁၈)ရက်နေ့ အထိ (၂) ရက်ကြာကျင်းပခဲ့ပြီး သင်တန်းတက်ရောက်သူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။




အဆိုပါ အခမ်းအနားသို့ ဆေးတက္ကသိုလ်များ၊ နီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့်ERC အဖွဲ့ဝင်များ၊ ဆေးသုတေသနဦးစီးဌာန လူပုဂ္ဂိုလ်များအပေါ် သုတေသနစမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ်ကော်မတီ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဖေသက်ခင်နှင့် အဖွဲ့ဝင်များ၊ ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း (၉၀)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

## ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ရဟန်းသံဃာတော်များအား ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင်ကွင်းဆင်း ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်အဖြစ် ဖေဖော်ဝါရီလ (၂၁) ရက်နေ့တွင် ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မဟာဝိဇိတာရုံ၊ မင်္ဂလာရာမကျောင်းတိုက်ရှိ ဓမ္မဝိဇိတဗိမာန်တော်ကြီးတွင် သံဃာတော်များ၊ ရှင်သာမဏေများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ဘုန်းတော်ကြီးကျောင်းများတွင် ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အကျင့်ကောင်းများဖြစ်သည့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ အာဟာရဖွံ့ဖြိုးရေး၊ သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်များ ပေါ်ထွန်းလာစေရေးကို ဦးတည်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးဌာနခွဲ၊ အာဟာရဖွံ့ဖြိုးရေးဌာနခွဲ၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ၊ သွားနှင့်ခံတွင်းကျန်းမာရေးဌာနခွဲ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးများ၊ အရေပြားအထူးကု ဆရာဝန်ကြီးများနှင့် မျက်စိအထူးကုဆရာဝန်ကြီးများပူးပေါင်း၍ သံဃာတော်နှင့် ရှင်သာမဏေစုစုပေါင်း (၁၁၂) ပါးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြပါသည်။

## ကျား/မ အခြေပြု အကြမ်းဖက်ခံခဲ့ရသော လူနာများအား ကူညီစောင့်ရှောက်ခြင်းဆိုင်ရာ ဆေးလူမှုဆက်ဆံရေးသင်တန်းဖွင့်လှစ်ခြင်း

ကုသရေးဦးစီးဌာန၊ ကုသမှုအထောက်အကူပြုဌာနခွဲ၊ ဆေးလူမှုဆက်ဆံရေးဌာနစိတ်က ကျင်းပသော "ကျား/မ အခြေပြု အကြမ်းဖက်မှု ခံစားခဲ့ရသော လူနာများအား ပံ့ပိုးကူညီစောင့်ရှောက် ခြင်းဆိုင်ရာဆေးလူမှုဆက်ဆံရေးသင်တန်း" (Training of Social Mentorship on Gender Based Violence Sector for Medical Social Workers - 1/2018) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ (၂၂) ရက်နေ့တွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ကျင်းပရာ အမြဲတမ်းအတွင်းဝန်၊ ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း တက်ရောက် အဖွင့် အမှာစကားပြောကြားပါသည်။



အမြဲတမ်းအတွင်းဝန်က "ဆေးရုံများတွင် မကြာမီ ဖွင့်လှစ်တော့မည့် One Stop Crisis Center များမှ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အဓိကကျပြီး ကျား/မရေးရာနှင့် နှီးနွယ်အကြောင်းအရာများကိုလည်း လေ့လာထားရန်လိုအပ်ကြောင်း၊ သင်တန်းကို (၉) ကြိမ်ခွဲပြီး ကျင်းပပြုလုပ်မည်ဖြစ်ပြီး တစ်ကြိမ်လျှင် (၃၀) ဦးအား သင်တန်းပေးရန် ရည်ရွယ်ထားကြောင်း" ပြောကြားခဲ့ပါသည်။ ထို့နောက် Akhaya Women Organization, Akhaya (Myanmar) မှ Founder/ Director ဒေါ်ထားထားက နှုတ်ခွန်းဆက်စကား ပြောကြားပါသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ NGO များမှကိုယ်စားလှယ်များ၊ ဆေးလူမှုဆက်ဆံရေးဝန်ထမ်း သင်တန်းသားများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

## USAID ၏ HIV/AIDS Flagship (UHF) Project စီမံချက် စတင်ဆောင်ရွက်ခြင်းအခမ်းအနားကျင်းပခြင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်၊ မင်းတုန်းခန်းမ၌ ဖေဖော်ဝါရီလ (၂၅)ရက်နေ့တွင် ကျင်းပသော USAID HIV/AIDS Flagship (UHF) Project စတင်ဆောင်ရွက်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ရာ “HIV/ AIDS ကာကွယ်နှိမ်နင်းရေးနှင့် ပညာပေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် HIV/ AIDS ကူးစက်ပြန့်ပွားနေသူများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် ယင်းတို့၏အခန်းကဏ္ဍကို မြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ ဤစီမံချက်သည် မြန်မာနိုင်ငံ၏ HIV/AIDS ရောဂါကူးစက်ဖြစ်ပွားမှု ဝန်ထုပ်ဝန်ပိုးကို လျှော့ချရေးတွင် များစွာ အထောက်အကူဖြစ်မည်ဟု ယုံကြည်ကြောင်း” ပြောကြားခဲ့ပါသည်။

ထို့နောက် အမေရိကန်သံအမတ်ကြီး၊ USAID နှင့် အပြည်ပြည်ဆိုင်ရာ လူထုမိတ်ဆက်အဖွဲ့အစည်းမှ တာဝန်ရှိသူများကဆွေးနွေးတင်ပြခဲ့ကြပါသည်။ ဤစီမံကိန်းသည် အမျိုးသား ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်၏လမ်းညွှန်မှုဖြင့် Community Partners International (CPI) နှင့် မိတ်ဖက်အဖွဲ့အစည်းများက HIV ပိုးရှိသူများနှင့် HIV ကူးစက်နိုင်ခြေများသော “ဦးတည် အုပ်စုဝင်” များအား ရောဂါ ကာကွယ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်သည်။ အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ လူမှုရေးအဖွဲ့အစည်းနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## ကုလသမဂ္ဂအထောက်အပံ့အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းခြင်း



မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂအထောက်အပံ့ အဖွဲ့အစည်းများ၊ အလှူရှင်အသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားပါသည်။

ပြည်ထောင်စုဝန်ကြီးက “INGO ၏လုပ်ငန်း ဆောင်ရွက်မှုများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးစားပေးလုပ်ငန်းများ၊ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) တွင်ပါဝင်သော မဟာဗျူဟာများ၊ လုပ်ငန်းများနှင့် သင့်လျော်ကိုက်ညီမှုရှိရန်လိုအပ်ကြောင်း” ပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစုစုလင်းက ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာကြသူများက အကြံပြု ဆွေးနွေးကြပါသည်။ ညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့်အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ စီမံချက်မန်နေဂျာများ၊ ကုလသမဂ္ဂအထောက်အပံ့ အဖွဲ့အစည်းများ၊ အလှူရှင်အသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးကြပါသည်။

## Interagency Coordination Committee (ICC) (၁/၂၀၁၈) အစည်းအဝေးကျင်းပခြင်း



Interagency Coordination Committee (ICC) (၁/၂၀၁၈) အစည်းအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီလ (၂၈)ရက်တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "Gavi အဖွဲ့က (၂၀၁၇)ခုနှစ်၌တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် ကာကွယ်ဆေးနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် စုစုပေါင်း အမေရိကန်ဒေါ်လာ (၃၂.၈) သန်း ထောက်ပံ့ပေးခဲ့ပြီး ထိုပမာဏသည် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် စုစုပေါင်း ကုန်ကျစရိတ်၏ (၇၆) ရာခိုင်နှုန်း ရှိသည့်အတွက် Gavi အဖွဲ့ကို အသိအမှတ်ပြု ကျေးဇူးတင်ရမည်ဖြစ်ပါကြောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအောင်မြင်ပါ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါ (၁၁) မျိုးဖြစ်ပွားမှုနှင့် သေဆုံးမှုများ ကျဆင်းမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

ယင်းနောက် Unicef နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုးချဲ့ကာကွယ်ဆေးထိုး စီမံချက်မန်နေဂျာ ဒေါက်တာထားထားလင်းနှင့် တာဝန်ရှိသူများက Gavi အဖွဲ့၏ ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ထောက်ပံ့ပေးမည့် အမေရိကန်ဒေါ်လာ (၆၀) သန်း HSS-II ရန်ပုံငွေအား စီမံခန့်ခွဲအကောင်အထည်ဖော်ရေး ဆွေးနွေးတင်ပြကြပါသည်။ ထို့နောက် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်နှင့် ICC အဖွဲ့ဝင်များက တင်ပြချက်များနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးကြပြီး (၂၀၁၈) ခုနှစ်အတွက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းက ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြပါသည်။

## ပြည်သူ့ကျန်းမာရေးအရေးပေါ်ကိစ္စရပ်များဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

ပြည်သူ့ကျန်းမာရေး အရေးပေါ်ကိစ္စရပ်များ ကာကွယ်စောင့်ကြည့်တုံ့ပြန်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်အတွက် ကုန်ကျစရိတ်တွက်ချက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (Workshop on Costing of National Action Plan on Health Security) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ (၂၈)ရက်တွင် နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့ရာ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အမြဲတမ်းအတွင်းဝန်က "မြန်မာနိုင်ငံအနေဖြင့် ကူးစက်ရောဂါကာကွယ်စောင့်ကြည့်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းများအား ပြန်လည်ဆန်းစစ်လေ့လာခြင်း Joint External Evaluation (JEE) လုပ်ငန်းကို (၂၀၁၇) ခုနှစ်၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာနိုင်ငံသည် JEE လုပ်ငန်းကို တတိယမြောက်ဆောင်ရွက်နိုင်ခဲ့သောနိုင်ငံဖြစ်ပြီး ပြည်သူ့ကျန်းမာရေး အရေးပေါ်ကိစ္စရပ်များ ကာကွယ်စောင့်ကြည့်တုံ့ပြန်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ပထမဆုံးရေးဆွဲနိုင်ခဲ့သောနိုင်ငံဖြစ်ကြောင်း" ပြောကြားသည်။



ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွန်းအောင်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများကရှင်းလင်းတင်ပြခဲ့ပြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်နှင့် အခမ်းအနားတက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

## ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်များကို တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်များ (Standardized Health Messages) ကို တိုင်းရင်းသားဘာသာများသို့ ပြန်ဆိုနိုင်ရေး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ မတ်လ (၅) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က အမှာစကား ပြောကြားရာ "ညီနောင်သားချင်း တိုင်းရင်းသားလူမျိုးများအထိ လက်လှမ်းမီရောက်ရှိပြီး ကျန်းမာရေးအသိပညာများ မြင့်မားလာစေရေးအတွက် တိုင်းရင်းသားဘာသာစကားများဖြင့် ပြန်ဆိုနိုင်ရန်ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း" ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းအေးကိုက "ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ဘာသာပြန်ဆိုကြမည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အဖွဲ့များအနေဖြင့် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို မိမိတို့ကိုယ်တိုင် ရှင်းလင်းစွာနားလည်မှ



ဘာသာပြန်ဆိုသည့် နေရာမှာ လွယ်ကူနိုင်မှာဖြစ်သည့်အတွက် အချက်အလက်များကို သဘောပေါက်သိရှိနိုင်ရေး ဆွေးနွေးကြဖို့ တိုက်တွန်းလိုပါကြောင်း" ပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ INGO များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲအား မတ်လ (၆) ရက်နေ့ထိ (၂)ရက်ကြာကျင်းပခဲ့ပါသည်။

## ကျောင်းကျန်းမာရေးဗဟိုကော်မတီအစည်းအဝေး (၁/၂၀၁၈) ကျင်းပခြင်း



မတ်လ (၆) ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျောင်းကျန်းမာရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၁၈) ကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "အားကစားလေ့ကျင့်ခြင်းသည် ကျန်းမာရေးအတွက် ဆေးဝါးကောင်းတစ်ခု ဖြစ်သည်ဆိုသောအချက်ကို ကျောင်းသားများ ကျယ်ပြန့်စွာ ကျင့်သုံးလာစေရန်အတွက် အားကစားလေ့ကျင့်ခြင်း ဘာသာရပ်ကို ကျောင်းသင်ခန်းစာတွင် ထည့်သွင်းသင်ကြားစေလိုကြောင်းနှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျောင်းများကို အားကစားပစ္စည်းများ ထောက်ပံ့ပေးရန်စီစဉ်နေကြောင်း" ပြောကြားခဲ့ပါသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမျိုးသိမ်းကြီးက "မြန်မာတစ်နိုင်ငံလုံးတွင် အခြေခံပညာကျောင်းပေါင်း (၄၆,၄၆၈) ကျောင်းရှိပြီး ပုဂ္ဂလိကနှင့် ဘုန်းတော်ကြီး ပညာသင်ကျောင်းများမှ ကျောင်းသားများ အပါအဝင် စုစုပေါင်း အခြေခံပညာကျောင်းသား (၉.၅) သန်းခန့်ရှိကြောင်း၊ ကျောင်းသားမိဘနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ ကျောင်းကျန်းမာရေးလုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ ကျောင်းကျန်းမာရေး ဗဟိုကော်မတီနာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် ဗဟိုကော်မတီအဖွဲ့ဝင်များ၊ စီမံချက် မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြပါသည်။

## Myanmar CDC ဖွဲ့စည်းနိုင်ရေးနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ကွန်ပျူတာစနစ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

မြန်မာနိုင်ငံ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) ဖွဲ့စည်းနိုင်ရေး၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ကွန်ပျူတာစနစ် ဆောင်ရွက်နေမှုအစရှိသည့် ကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မတ်လ(၈)ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက “ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ကွင်းဆင်းဆောင်ရွက်ခြင်း စွမ်းရည်မြှင့်သင်တန်း (Field Epidemiology Training Program-FETP) များသည် ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအတွက်သာမက အခြားပြည်သူ့ကျန်းမာရေး လုပ်ငန်းများ အတွက်လည်း အလွန်အကျိုးရှိကြောင်း၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာကွန်ပျူတာစနစ် (HRH Computerized System) ပြီးစီးပါက ဝန်ထမ်းများနေရာပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ယခုထက် ပိုမိုစနစ်ကျကောင်းမွန်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း” ပြောကြားခဲ့ပါသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေး/ကူးစက်) ဒေါက်တာသန်းထွန်းအောင်က FETP နှင့် Myanmar



CDC ဆိုင်ရာကိစ္စရပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ) ဒေါ်အေးအေးစိန်က HRH ကွန်ပျူတာစနစ်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနပိုင် mail server (https://mail.mohs.gov.mm) စနစ်များ၊ ညွှန်ကြားရေးမှူး (ကူးစက်) ဒေါက်တာထွန်းတင်က ခွေးရူးပြန်ရောဂါဆိုင်ရာ ကိစ္စရပ်များ၊ ဒုတိယညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာဉာဏ်ဝင်းမြင့်က ADB ၏ ချေးငွေဖြင့်ဆောင်ရွက်မည့် GMS Health Security Project တို့အား အသီးသီးရှင်းလင်းပြောကြားခဲ့ပါသည်။

## နိုင်ငံ့ဝန်ထမ်းဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်များအား အကာအကွယ်ပေးရေး အလုပ်ရုံဆွေးနွေးပွဲ(ပထမအကြိမ်)ကျင်းပခြင်း



နိုင်ငံ့ဝန်ထမ်း ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်များအား အကာအကွယ်ပေးရေး အလုပ်ရုံဆွေးနွေးပွဲ (ပထမအကြိမ်) ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ မတ်လ (၈) ရက်နှင့် (၉) ရက်နေ့များတွင် ကျင်းပခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အမှာစကားပြောကြားရာ “မိမိတို့၏ ကျန်းမာရေးဝန်ထမ်းများကို အကာအကွယ်ပေးရေးကိစ္စသည် အလွန်အရေးကြီးပါကြောင်း၊ ကြုံတွေ့လာသော ပြဿနာများကို သေချာခွဲခြမ်းစိတ်ဖြာပြီး ပြဿနာဖြစ်ပွားမှု၏ အခြေခံဇစ်မြစ်ကို ရှာဖွေဖော်ထုတ်ရန်လိုအပ်ကြောင်း၊ ပြည်သူ့ရဲများနှင့် ဥပဒေပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ ဘဝနှင့် အလုပ်ကို ပြည်သူများကို သတိပြုသိရှိလာရန်အတွက် အသိပေးမှုများ ပိုမိုဆောင်ရွက်ပေးရန်လိုကြောင်း” ပြောကြားသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းအလွှာအသီးသီးမှ ကိုယ်စားလှယ်ပညာရှင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားဆေးပညာရှင်များ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ သွားဘက်ဆိုင်ရာဆေးကောင်စီနှင့် သူနာပြုနှင့်သားဖွားကောင်စီတို့မှ ကိုယ်စားလှယ်များစသည့် နယ်ပယ်အစုံမှပညာရှင်များ စုစုပေါင်း (၁၂၀) ကျော် ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

## ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်များ (Standardized Health Messages) စာအုပ်မိတ်ဆက်ပွဲ၊ စံပြဆေးရုံများဆုချီးမြှင့်ပွဲနှင့် ရှမ်းပြည်နယ်ကျန်းမာရေးသံတမန်ခန့်အပ်ပွဲအခမ်းအနားကျင်းပခြင်း



ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ (Standardized Health Messages) စာအုပ်မိတ်ဆက်ပွဲ၊ စံပြဆေးရုံများ ဆုချီးမြှင့်ပွဲနှင့် ရှမ်းပြည်နယ်ကျန်းမာရေးသံတမန်ခန့်အပ်ပွဲ အခမ်းအနားကို မတ်လ (၂၁) ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပခဲ့ပါသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ဒေါက်တာလင်းထွဋ်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပေးပို့ခဲ့သည့် သဝဏ်လွှာအား ဖတ်ကြားတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "ရှမ်းပြည်နယ် ပြည်သူလူထုအတွက် သာမက တစ်နိုင်ငံလုံးရှိ ပြည်သူများအတွက် ကျန်းမာရေးအသိပညာ တိုးမြှင့်ရေးဆောင်ရွက်ပေးနိုင်မည့် အုတ်မြစ်ကောင်းဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ လူမှုရေးဝန်ကြီး၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ် (တောင်ကြီး)၊ ပါမောက္ခချုပ်နှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးတို့က အကောင်းဆုံးစံပြဆု၊ စီမံအုပ်ချုပ်မှုအကောင်းဆုံးဆုနှင့် လူနာစိတ်ကျေနပ်မှုအကောင်းဆုံးဆုရ မြို့နယ်နှင့် တိုက်နယ် ဆေးရုံများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ယင်းနောက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း နှင့် Medi-Tech Biz Co., Ltd မှ Tablets များဝယ်ယူရန် အလှူငွေများ လှူဒါန်းခဲ့ပါသည်။ ပြည်နယ်ဝန်ကြီးချုပ်က Miss Golden Land Myanmar အလှမယ် ရှမ်းတိုင်းရင်းသူ နန်းမွေခမ်းအား ရှမ်းပြည်နယ် ကျန်းမာရေးသံတမန် (Shan State Health Ambassador, 2018) အသိအမှတ်ပြုတံဆိပ်နှင့် ခန့်အပ်လွှာ၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက အသိအမှတ်ပြုစလွယ်ကို ပေးအပ်ခဲ့ပါသည်။

## အဌမအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲကျင်းပခြင်း



တိုင်းရင်းဆေးပညာဦးစီးဌာနက ဦးစီး၍ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)တွင် ကျင်းပသော အဌမအကြိမ် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကို မတ်လ (၂၃) ရက်နေ့နှင့် (၂၄) ရက်နေ့တို့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါစာတမ်းဖတ်ပွဲတွင် သုတေသနပိုစတာ (၅)ခုနှင့် တိုင်းရင်းဆေးသုတေသနစာတမ်း (၁၀)ခု တင်သွင်းဖတ်ကြားခဲ့ပါသည်။ စာတမ်းဖတ်ပွဲတွင် တိုင်းရင်းဆေးသုတေသနအကောင်းဆုံးစာတမ်း၊ ဒုတိယအကောင်းဆုံးနှင့် တတိယအကောင်းဆုံးစာတမ်းများကို တိုင်းရင်းဆေးတက္ကသိုလ်မှ ပညာရှင်များကလည်းကောင်း၊ သိပ္ပံသုတေသနအကောင်းဆုံးစာတမ်းကို ဟသ်ာတတက္ကသိုလ်၊ ရက္ခဗေဒဌာနနှင့် ထွန်းရွှေဝါ တိုင်းရင်းဆေးသုတေသန ပူးပေါင်းဆောင်ရွက် တင်သွင်းမှုကလည်းကောင်း၊ သိပ္ပံသုတေသန ဒုတိယ အကောင်းဆုံးစာတမ်းဆုကို ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်) ရုံးခွဲကလည်းကောင်း၊ သိပ္ပံသုတေသန တတိယအကောင်းဆုံးဆုကို တိုင်းရင်းဆေးတက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ် ပူးပေါင်းဆောင်ရွက်မှုကလည်းကောင်း၊ အကောင်းဆုံး ပိုစတာဆုကို ရုပ်ပိုင်တိုင်းရင်းဆေးသုတေသနဌာနက လည်းကောင်း၊ ဒုတိယအကောင်းဆုံး ပိုစတာဆုကို တောင်ငူတက္ကသိုလ်နှင့် စကြာမင်းတိုင်းရင်းဆေးသုတေသနဌာနကလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။

## ပထဝီအနေအထားတည်နေရာဆိုင်ရာ ဂြိုလ်တုအခြေပြုအချက်အလက်စနစ် (GIS) အစည်းအဝေးကျင်းပခြင်း




ပထဝီအနေအထား တည်နေရာဆိုင်ရာ ဂြိုလ်တုအခြေပြု အချက်အလက်များ (Geographical Information System - GIS) ကို ကျန်းမာရေးဆိုင်ရာ စီမံကိန်းများရေးဆွဲခြင်းနှင့် တိုးချဲ့ ကာကွယ်ဆေးထိုးလုပ်ငန်း အနုစိတ်စီမံချက်များ ရေးဆွဲခြင်းလုပ်ငန်းများတွင် အသုံးပြုရန်တင်ပြသည့် အစည်းအဝေးအား (၂၆-၃-၂၀၁၈)ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာ "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရုံးတွင်းစာများ၊ စာရွက်စာတမ်းများ တတ်နိုင်သမျှလျှော့ချရေးနှင့် ရုံးလုပ်ငန်းများ လျင်မြန်လွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် e-Government နှင့် e-Health စနစ် ဖြစ်ထွန်းပေါ်ပေါက်လာရေး ကြိုးပမ်း ဆောင်ရွက်နေကြောင်း၊ GIS စနစ်ကို အသုံးပြုခြင်းဖြင့် ခက်ခဲဒေသ ပါမကျန် လူအုပ်စုတိုင်းသို့ ကာကွယ်ဆေးထိုးလုပ်ငန်းများ ရောက်ရှိစေရေးနှင့် အနုစိတ်စီမံချက်များ ရေးဆွဲရာတွင် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် e-Health စနစ်ကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရေး အတွက် သတင်းအချက်အလက်ပညာရပ်ဆိုင်ရာ နည်းပညာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ကြောင်း" ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ စီမံချက်မန်နေဂျာ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းနှင့် UNICEF မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပါသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိန်က ကျန်းမာရေး သတင်းအချက်အလက်စနစ်၌ ပထဝီအနေအထားတည်နေရာများ ချိတ်ဆက်ဖော်ပြနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြပါသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အကြံပေးပညာရှင်များ၊ WHO၊ UNICEF၊ ADB၊ 3MDG တို့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

## ပြန်လည်သန်စွမ်းရေး နည်းဗျူဟာနှင့် အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း




ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးသည် မတ်လ (၂၉) ရက်နေ့တွင် ဟိုတယ်မက်စ်နေပြည်တော်၌ ကျင်းပပြုလုပ်သော မြန်မာနိုင်ငံအမျိုးသားအဆင့် ပြန်လည်သန်စွမ်းရေး နည်းဗျူဟာနှင့် အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်သဘောတူညီမှုနှင့် အစီအစဉ်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာ စကားပြောကြားရာ "လူနာများအတွက် ပြန်လည်သန်စွမ်းရေးလုပ်ငန်းများသည် မိမိတို့ အချိန်အခါကာလတွင် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး ရောဂါကာကွယ်ခြင်း၊ ကုသခြင်းလုပ်ငန်းများနှင့်တန်းတူ အရေးကြီးပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအား (၂၀၁၅) ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ယခုအခြေအနေ အချိန်အခါအရ လိုအပ်ချက်များရှိပါက ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ တစ်ဖက်မှလည်း ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်၍ မသန်စွမ်းဖြစ်ရခြင်းများကို လျှော့ချနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း" ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခများ၊ ညွှန်ကြားရေးမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပြန်လည်သန်စွမ်းရေးစီမံချက် ကိုယ်စားလှယ်၊ Livability, ASCoN အဖွဲ့၊ ICRC အဖွဲ့၊ Exceed အဖွဲ့၊ HI အဖွဲ့နှင့် ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို မတ်လ (၃၀) ရက်နေ့အထိ (၂)ရက်ကြာကျင်းပခဲ့ပါသည်။

## ဗဟိုအဆင့် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနား (၂၀၁၈) ခုနှစ် ကျင်းပခြင်း

ဗဟိုအဆင့် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် အခမ်းအနား (၂၀၁၈) ခုနှစ် - World Health Day (2018) ကို ဧပြီလ (၇)ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားပါသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် "ဧပြီလ (၇) ရက်နေ့ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် သတ်မှတ်၍ ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်ကြပါကြောင်း၊ ယခုနှစ် ဆောင်ပုဒ်မှာ "Making Health Coverage Universal" "ပြည်သူအားလုံးကျန်းမာဖို့ စဉ်ဆက်မပြတ်ကြိုးပမ်းစို့" ဖြစ်ပါကြောင်း၊ အဓိကအားဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအသိပညာနှင့် ကျန်းမာရေးစာတတ်မြောက်မှု မြင့်မားလာပြီး တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေးသည် အထူးအရေးကြီးပါကြောင်း" ပြောကြားခဲ့ပါသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်က ဖတ်ကြားခဲ့ပါသည်။ ထို့နောက် နာဂဒေသဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေး



သံတမန် နာဂတိုင်းရင်းသူ မာရီကိုးလ်နှင့် ရှမ်းပြည်နယ် ကျန်းမာရေးသံတမန်နန်းမွေခမ်းတို့အား ဂုဏ်ပြုစလွယ်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျန်းမာရေးလုပ်ငန်းများ စွမ်းဆောင်ရည်ထူးချွန်မြို့နယ်ဆုများကို အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များက အသီးသီးချီးမြှင့်ခဲ့ကြပါသည်။ ယင်းနောက် အခမ်းအနားဒုတိယပိုင်း၏ ပညာရှင်များအမြင် ဆွေးနွေးခြင်းအစီအစဉ် (Panel discussion) ကို ဆက်လက်ကျင်းပခဲ့ပါသည်။

## ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် Patient Safety အစည်းအဝေးသို့ တက်ရောက်ခြင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့်အဖွဲ့သည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ဧပြီလ(၁၃)ရက်နေ့မှ (၁၄)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် Global Ministerial Summit on Patient Safety, 2018 သို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံပေါင်း (၄၆)နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း(၄၀၀) ကျော် တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေးရာ၌ "Patient Safety ကိစ္စသည် ကျန်းမာရေးကဏ္ဍအတွက် အလွန်အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ၌ ပြည်သူများနှင့် လူနာများ အကျိုးရှိစေရန် လိုအပ်သည့် အခြေခံအုတ်မြစ်များ တည်ဆောက်၍ စနစ်တကျ အကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" တင်ပြဆွေးနွေးခဲ့ ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂျပန်နိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍လည်းကောင်း၊ Kameda Kyobashi ဆေးခန်း၊ Kawashira Corperation




အောက်ရှိ Sunny Life သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဌာနနှင့် တိုကျိုမြို့ရှိ Keio တက္ကသိုလ်တို့သို့ သွားရောက်၍လည်းကောင်း မြန်မာနိုင်ငံနှင့်ဆက်စပ်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဆေးတက္ကသိုလ်(၁)၊ဆေးပညာဌာန၊ ပါမောက္ခ/ဌာနမှူး ဒေါက်တာဇော်လင်းအောင်နှင့် လက်ထောက်အတွင်းဝန် (ပြည်တွင်း၊ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေး)၊ ဒေါက်တာကျော်ခိုင်တို့ လိုက်ပါသွားခဲ့ကြပါသည်။

## အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာ ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကျင်းပခြင်း




အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာ ကော်မတီ National Multi-sectoral Steering Committee for combating Antimicrobial Resistance (AMR)၏ ပထမအကြိမ်အစည်းအဝေးကို ဧပြီလ (၁၈)ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားပါသည်။

ပြည်ထောင်စုဝန်ကြီးက"ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးကို ယခုအချိန်တွင် စနစ်တကျထိရောက်စွာ မဆောင်ရွက်ပါက နောင်တစ်ချိန်တွင် ထိန်းချုပ်ကိုင်တွယ် ဆောင်ရွက်နိုင်တော့မည်မဟုတ်ပဲ ပဋိဇီဝဆေးဝါးများ မပေါ်ပေါက်ခင်ကာလကဲ့သို့ ပြန်ဖြစ်သွားနိုင်ပြီး သာမန်ရောဂါများသည် မကုသနိုင်သော ရောဂါများအဖြစ် ပြောင်းလဲသွားနိုင်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တစ်ကမ္ဘာလုံးဆိုင်ရာ ပဋိဇီဝဆေးတိုက်ဖျက်ရေးဆိုင်ရာ စီမံကိန်း (Global Action Plan-AMR) ကို ရေးဆွဲထားပြီး မြန်မာနိုင်ငံအနေဖြင့်လည်း အမျိုးသားအဆင့် ပဋိဇီဝဆေးတိုက်ဖျက်ရေးဆိုင်ရာစီမံကိန်း (National Action Plan-AMR) ကို ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် ညှိနှိုင်းရေးဌာနနှင့် နည်းပညာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့ (၅) ဖွဲ့တို့ကို ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ကြောင်း" ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ပါမောက္ခဒေါက်တာဌေးဌေးတင်က စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုတင်ပြဆွေးနွေးကြကာ အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးဆိုင်ရာ ကော်မတီဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ (၇၀)ဦးခန့် တက်ရောက်ခဲ့ပါသည်။

## အာဆီယံမြို့ကြီးများ၌ အိပ်ချ်အိုင်ဗွီ (HIV) ကင်းစင်ရေး ဒေသဆိုင်ရာအစည်းအဝေးကျင်းပခြင်း




အာဆီယံမြို့ကြီးများ၌ အိပ်ချ်အိုင်ဗွီ (HIV) ကင်းစင်ရေး ဒေသဆိုင်ရာအစည်းအဝေး (ASEAN Cities Getting to Zero, Regional Consultation Meeting) ကို မော်လမြိုင်မြို့၊ ရွှေ့ဂ်ရယ်ဟာဘ်ဟိုတယ်တွင် ဧပြီလ(၂၀)ရက်နေ့၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့ တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် အရှေ့တောင်အာရှ(၈)နိုင်ငံမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မွန်ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။

အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုကာကွယ်တားဆီးရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ အစိုးရဆေးရုံဆေးခန်းများနှင့် ပုဂ္ဂလိကဆေးရုံဆေးခန်းများ ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို မော်လမြိုင်မြို့တွင် ဧပြီလ (၂၂)ရက်နေ့၌ ဆက်လက်ကျင်းပခဲ့ရာ လူမှုရေးဝန်ကြီးဒေါက်တာထိန်လင်းက "မိခင်မှကလေးသို့အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုကာကွယ်တားဆီးရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ (၂၀၂၅) ခုနှစ်တွင် မြန်မာနိုင်ငံသည် မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု လုံးဝကင်းစင်သောနိုင်ငံအဖြစ် ဆောင်ရွက်နိုင်ရေး" ပြောကြားခဲ့ပါသည်။

## လုပ်ငန်းခွင်ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနခွဲ၏ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနခွဲသည် ဇန်နဝါရီလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ တကောင်းတောင် ဖယ်ရိုနီကယ်စက်ရုံရှိ မြန်မာနိုင်ငံသား ဝန်ထမ်း (၉၉၂) ဦးအား ကျန်းမာရေးစစ်ဆေး ပေးခြင်းနှင့် ဖေဖော်ဝါရီလ (၂၆) ရက်နေ့မှ မတ်လ (၂) ရက်နေ့အထိ မုံရွာမြို့၊ မိုးကြိုးဆာလ်ဖျူရစ် အက်ဆစ်စက်ရုံ၏ ပတ်ဝန်းကျင်ရှိ လေ၊ ရေ၊ မြေများ တိုင်းတာ စစ်ဆေးခြင်းနှင့် ဝန်ထမ်း (၈၇) ဦးနှင့် ပတ်ဝန်းကျင်ရှိ ရွာသား (၁၀၂) ဦး တို့အား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ စက်မှုဇုန်ရှိ မြန်မာ့ခဲရည်ကျိုနှင့် ခဲသန့်စင်စက်ရုံအား ဧပြီလ (၁၁) ရက်နေ့နှင့် (၂၃) ရက်နေ့တို့တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး စက်ရုံဝန်းကျင်ရှိ ပြည်သူလူထုတွင် ခဲဆိပ်သင့်နိုင်ခြေ ရှိ/မရှိကို သိရှိနိုင်ရန် ကလေး၊ လူကြီးစုစုပေါင်း (၄၂) ဦး၏ သွေးနမူနာများ ရယူ၍ သွေးအတွင်းခဲဓာတ်ပါဝင်မှုစစ်ဆေးခြင်း၊ ပတ်ဝန်းကျင်ရှိ ရေနမူနာများ ရယူ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ထိန်ပင် အမှိုက်ပုံ မီးလောင်ခြင်းနှင့်ပတ်သက်၍ ဧပြီလ (၂၄) ရက်နေ့မှ စတင် ကွင်းဆင်းဆောင်ရွက်ခဲ့ကာ ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့ အဆိပ်သင့်မှုကို စိစစ်နိုင်ရန် ဆေးရုံတက်လူနာများ၏ သွေးအတွင်းရှိ Carbo-xyhaemoglobin level ကို တိုင်းတာစစ်ဆေးခြင်း၊ ဆေးရုံတက် လူနာအများစုနေထိုင်ရာ ရပ်ကွက်များတွင် လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်း၊ ပြည်သူအများ သတိပြုလိုက်နာစေရန် ကျန်းမာရေးသတိပေးနှိုးဆော်ချက် ပြုစုတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## လျောင်ဆေးနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားသည့်အခါ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးညှိနှိုင်းခြင်း



ဘေးအန္တရာယ်များဖြစ်ပွားသည့်အခါ ပြည်သူလူထုအား အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးကဏ္ဍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေလ (၃)ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက“ဘေးအန္တရာယ်အမျိုးမျိုး အထူးသဖြင့် လျောင်ကဲ့သို့ ကြိုတင်ခန့်မှန်း၍မရနိုင်သော ဘေးအန္တရာယ် ကျရောက်သည့်အခါ ပြည်သူလူထုအား အချိန်နှင့် တစ်ပြေးညီ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် ယခင်ရှိခဲ့သော လုပ်ငန်းလမ်းညွှန်များ၊ စီမံချက်များကိုရရှိခဲ့သော အတွေ့အကြုံများအပေါ်မူတည်၍ အသစ်ပြုပြင်ရေးဆွဲရန်လိုအပ်ကြောင်း၊ ဌာနတွင်းနှင့် အခြားနီးနွယ်ဝန်ကြီးဌာနများနှင့်ချိတ်ဆက် ဆောင်ရွက်မှုအရေးကြီးကြောင်း” အမှာစကားပြောကြားခဲ့ပါသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်(သဘာဝဘေးနှင့်ကူးစက်)ဒေါက်တာသန်းထွန်းအောင်နှင့် အရေးပေါ်ဆေးကုသမှုဆိုင်ရာပညာဌာန၊ ပါမောက္ခ ဒေါက်တာမော်မော်ဦးတို့က ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ လိုအပ်ချက်များနှင့် ယခင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြပါသည်။ အစည်းအဝေးသို့ အမြဲတမ်း အတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ အရေးပေါ်ဆေးကုသမှုဆိုင်ရာ အထူးကုဆရာဝန်ကြီးများနှင့် အရိုးအထူးကုဆရာဝန်ကြီးများ တက်ရောက်ခဲ့ပါသည်။

## မိုးရာသီတွင် အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါအပါအဝင် ရောဂါဖြစ်ပွားမှုများ လျော့နည်းကျဆင်းရေးအတွက် တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မေလ (၇) ရက်နေ့တွင် ရုံးအမှတ် (၄၇)ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ မိုးရာသီတွင် ဖြစ်ပွားမှုများပြားသည့် သွေးလွန်တုပ်ကွေးရောဂါ၊ လတ်တလောအသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါ၊ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ဝမ်းကိုက်ရောဂါစသည့် ရောဂါများ လျော့နည်းကျဆင်းရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်နှင့် အဆိုပါ ရောဂါများကြောင့် သေဆုံးမှုမရှိစေရေးအတွက် ကုသရေးဆိုင်ရာ နှင့် လိုအပ်သော ဆေးဝါးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိနိုင် ရေးအတွက်တာဝန်ရှိသူများနှင့်တွေ့ဆုံညှိနှိုင်းလမ်းညွှန်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးမှ ပြောကြားရာတွင် "မိုးရာသီတွင် အဖြစ်များသောရောဂါများ အများအပြားဖြစ်ပွားလေ့ရှိသော တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်၊ ကျေးလက်ဒေသများကို အထူး ဂရုပြု၍ ကြိုတင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မကူးစက်တတ် သောရောဂါများ (သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကင်ဆာ) ဖြစ်ပွားမှုကို လည်း စောင့်ကြပ်ကြည့်ရှု၍ ပြည်သူလူထုအခြေပြု ကျန်းမာရေး စောင့်ရှောက်မှု ဆေးခန်းများ၏ အရေးပါမှုကို မြှင့်တင်ဆောင်ရွက် ရမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။ အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်တိုင်းရင်းဆေးပညာဦးစီးဌာနတို့ မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခြင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မေလ (၁၂) ရက်နေ့တွင် ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၈ ခုနှစ်၊ အပြည်ပြည် ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြု များနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် "သူနာပြု သင်တန်းသားဦးရေ နှစ်စဉ် (၁၈၀၀)ဦးခန့်သာ သင်ကြားပေးနိုင် ရာမှ ယခုနှစ်မှစတင်၍ (၃၆၀၀)ဦးအထိ တိုးမြှင့်ခေါ်ယူ သင်ကြား ပေးမည့်အပြင် သင်ရိုးညွှန်းတမ်းနှင့် သင်ကြားရေးစနစ်များကို နိုင်ငံတကာအဆင့်အတန်းမီဖြစ်စေရေး ပြောင်းလဲဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ကမ္ဘာတွင် ကျန်းမာရေးလုပ်သားအင်အားစုကြီး၏ (၅၀)ရာခိုင်နှုန်းခန့်သည် သူနာပြုနှင့် သားဖွားများပင်ဖြစ်၍ ကျန်းမာရေးကဏ္ဍအတွက် အလွန်အရေးပါသည့် အင်အားစုကြီး ဖြစ်ပါကြောင်း၊ သူနာပြု/သားဖွားဆိုင်ရာ ကျင့်ဝတ်များကို ခါးဝတ် မြဲသကဲ့သို့ အမြဲတမ်းဦးထိပ်ထား ဆောင်ရွက်စေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သူနာပြု၊ သားဖွားကဏ္ဍကြီးတစ်ခုလုံး ယခုထက် ပိုမိုတိုးတက်အောင် အလေးအနက်ထားဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း" ပြောကြားပါသည်။ ထို့နောက် UNFPA မှ ဌာနေကိုယ်စားလှယ် Ms.Jenet Elizabeth Jackson က အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသည် မေလ (၅)ရက်နေ့တွင် ကျ ရောက်သော အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် မေလ (၁၂) ရက်နေ့တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ သူနာပြု များနေ့ အထိမ်းအမှတ်အဖြစ် ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အခမ်း အနားသို့ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ စုစုပေါင်း (၅၀၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

## ရွေ့လျားဆေးအဖွဲ့များဖြင့် ကျေးရွာများသို့ အလှည့်ကျကွင်းဆင်းဆောင်ရွက်ရေးညှိနှိုင်းခြင်း



နိုင်ငံသားတိုင်း ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံအားကောင်းလာစေရန် Mobile Medical Team ဖြင့် ကျေးရွာများသို့ အလှည့်ကျကွင်းဆင်းဆောင်ရွက်ရေးညှိနှိုင်းအစည်းအဝေးကို မေလ (၁၆) ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနခွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကား ပြောကြားပါသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင်"ကျန်းမာရေးစောင့်ရှောက်မှုအားနည်းသော နေရာဒေသများသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ရောက်ရှိစေရေးနှင့် ပြည်သူအများစု လက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပေါ်ပေါက်လာစေရေးအတွက် ရွေ့လျားဆေးအဖွဲ့ (Mobile Medical Team) များ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ရေရှည်အကျိုးအားဖြင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာပြည်သူများ၏ မျှော်မှန်းသက်တမ်း (life expectancy at birth) (၆၆.၈) နှစ်ရှိနေရာမှ မျှော်မှန်းသက်တမ်းတိုးမြင့်လာပြီး အခြားကျန်းမာရေးဆိုင်ရာအညွှန်းကိန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

ယင်းနောက် အဆိုပါအစည်းအဝေးပွဲသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရွေ့လျားဆေးအဖွဲ့များလုပ်ငန်းဆောင်ရန်အတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပါသည်။

## ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (၂၀၁၈) အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း



ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (၂၀၁၈) အထိမ်းအမှတ်အခမ်းအနားကို မေလ(၃၁) ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနခွဲ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမြင့်ထွေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပါသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် "ကမ္ဘာ့ ကျန်းမာရေးအဖွဲ့မှ မေလ (၃၁)ရက်နေ့ကို ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ဟု သတ်မှတ်ခဲ့ပြီး ၁၉၈၉ ခုနှစ်မှစ၍ ကမ္ဘာတစ်လွှားခွဲ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ ယခုနှစ်ကို နှလုံးသွေးကြောရောဂါကင်းဝေးဖို့ ဆေးလိပ်၊ ဆေးရွက်ကြီးရှောင်ကြဉ်စို့ (Tobacco Breaks Hearts; Choose health, not tobacco) ဆောင်ပုဒ်ဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံး မှုအန္တရာယ်ကို လူအများ ပိုမိုသိရှိ နားလည်သတိပြုလာရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ဆေးလိပ်ရောင်းသူများ၊ ထုတ်လုပ်သူများအနေဖြင့် မိမိတို့သည် ပြည်သူလူထု၏ ကျန်းမာရေးကို အန္တရာယ်ရှိစေသည့် ပစ္စည်းများအား ရောင်းနေသူများ၊ ထုတ်လုပ်နေသူများဖြစ်သည်ကို သိရှိရန်လိုအပ်ကြောင်း" ပြောကြားခဲ့ပါသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာရုံး၊ ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ဖတ်ကြားပြီးနောက် ဆေးလိပ်ငွေ့ကင်းစင် တက္ကသိုလ်တစ်ခွင် လုပ်ငန်းအတိုးတက်ဆုံးဆောင်ရွက်နိုင်ဆုံးသော တက္ကသိုလ်များအား ဆုများချီးမြှင့်ပေးခဲ့ပါသည်။ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာ ဒီပလိုမာသင်တန်းဖွင့်လှစ်ခြင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဇွန်လ (၁)ရက်နေ့တွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသည့် ဂျပန်နိုင်ငံ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်သည့် ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာဒီပလိုမာ (Medical Engineering Diploma) သင်တန်းဖွင့်ပွဲ၌ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးကပြောကြားရာတွင် "ဤသင်တန်း အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ဂျပန်နိုင်ငံအစိုးရ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ ဂျပန်မြန်မာချစ်ကြည်ရေးအသင်း၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ Okayama University နှင့် မိမိအပါအဝင် ဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ဆွေးနွေးညှိနှိုင်းမှုများကို ၂၀၁၇ ခုနှစ်၊ မေလမှ စတင်၍ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြပါကြောင်း၊ ယခုကဲ့သို့ ပြည်တွင်းတွင် ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာ ဘွဲ့ရပညာရှင်ဝန်ထမ်းများ အသုတ်လိုက် မွေးထုတ်နိုင်မည်ဖြစ်ခြင်းသည် နိုင်ငံတော်အတွက် အလွန်အကျိုးအမြတ်ရှိသော ရင်းနှီးမြှုပ်နှံမှုကြီး တစ်ခုဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။




အဆိုပါ ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာဒီပလိုမာ (Medical Engineering Diploma) တစ်နှစ်သင်တန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား/ သင်တန်းသူ ဝန်ထမ်းအင်ဂျင်နီယာ (၁၈)ဦးကို ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)တွင် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပါသည်။

## သွားဘက်ဆိုင်ရာဆရာဝန်များနှင့် တွေ့ဆုံခြင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဇွန်လ (၆)ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပသော သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားပါသည်။

ပြည်ထောင်စုဝန်ကြီးကပြောကြားရာတွင် "ပြည်သူတို့အား သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန် လိုအပ်ပြီး ကျောင်းကျန်းမာရေးလုပ်ငန်းများမှတစ်ဆင့် အဆိုပါ အသိပညာပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပါက ပိုမိုထိရောက်ကောင်းမွန်မည်ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။ ထို့နောက် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူးရေး) ဒေါက်တာဝင်းနိုင်နှင့် ညွှန်ကြားရေးမှူး (သွားကျန်းမာ) ဒေါက်တာခင်မောင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ကျောင်းကျန်းမာ) ဒေါက်တာစန္ဒာတို့က ရှင်းလင်းတင်ပြခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီနှင့် မြန်မာ




နိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်းတို့မှ တာဝန်ရှိသူများ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များမှ ပါမောက္ခ/ဌာနမှူးများ၊ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ လက်ထောက်ညွှန်ကြားရေးမှူး (သွားကျန်းမာ)နှင့် ဖိတ်ကြားထားသူများ (၉၀) ဦးခန့် တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

## ကျောင်းကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျောင်းကျန်းမာရေးလုပ်ငန်းများကို လက်တွေ့ကျစွာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇွန်လ (၁၂)ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားရာတွင် "မြန်မာနိုင်ငံတွင် အခြေခံပညာကျောင်းပေါင်း (၄၇,၀၃၁) ကျောင်းရှိ၍ ကျောင်းသားဦးရေ (၉) သန်းခန့်ရှိကြောင်း၊ ပုဂ္ဂလိကကျောင်းများနှင့် ဘုန်းတော်ကြီး ပညာသင်ကျောင်းရှိ ကျောင်းသားများအပါအဝင်ဆိုလျှင် ကျောင်းသားဦးရေ (၉.၅)သန်းခန့် ရှိပါကြောင်း၊ ကျောင်းသားများ ကျန်းမာရေးကောင်းမွန်မှသာလျှင် သင်ကြားမှုများကိုကောင်းစွာရယူသင်ကြားနိုင်မည်ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားရာတွင် "ကျောင်းကျန်းမာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အလွန်




အကျိုးအမြတ် ပြန်လည်ရရှိမည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်နှင့် (၁-၄-၂၀၁၆)ရက်မှစ၍ ကျောင်းကျန်းမာရေးလုပ်ငန်းသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထိပ်တန်းဦးစားပေးလုပ်ငန်း (၅)ရပ်တွင် ပါဝင်ခဲ့ပါကြောင်း" ပြောကြားခဲ့ပါသည်။ ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးအသီးသီးက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် တင်ပြခဲ့ကြပြီး တက်ရောက်လာသူများမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

## ရန်ကုန်မြို့၊ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းတွင် အရေးပေါ်လူနာများကုသခြင်းနှင့် လွှဲပြောင်းခြင်းဆေးခန်းဖွင့်လှစ်ခြင်း

ရန်ကုန်မြို့၊ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၊ အရေးပေါ်လူနာများ ကုသပေးခြင်းနှင့် လွှဲပြောင်းပေးခြင်း ဆေးခန်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ (၁၇)ရက်နေ့တွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းအတွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းတို့ တက်ရောက်အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးကပြောကြားရာတွင် "အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းသည် နေ့စဉ်ခရီးသည်တင်ဘတ်စ်ကားများစွာ ဝင်ထွက်သွားလာလျက်ရှိရာ ခရီးသည် (၅၀,၀၀၀) ခန့်ရောက်ရှိ ထွက်ခွာလျက်ရှိသည့် နေရာဖြစ်သည့်အတွက် ပြည်သူ့ကျန်းမာရေးရှုထောင့်မှ အလွန်မဟာဗျူဟာကျသည့် အရေးကြီးသော နေရာတစ်ခုဖြစ်ပါကြောင်း၊ ရွှေစင်စကြာကားအသင်း ပိုင်ရှင်နှင့်တကွ ဤဆေးခန်းဖြစ်မြောက်ရေး ဝိုင်းဝန်းကူညီခဲ့သူ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း" ပြောကြားခဲ့ပါသည်။ ထို့နောက် ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ပြောကြားရာတွင် "တိုင်းဒေသကြီး



အစိုးရအနေဖြင့် ပံ့ပိုးကူညီမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအမှုဆောင်အဖွဲ့ဝင်၊ ဗဟိုအမျိုးသမီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်က ဆေးခန်းဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

## ရန်ကုန်နှလုံးရောဂါနှင့် ဦးနှောက်အာရုံကြောရောဂါ အထူးကုဆေးရုံသစ်ကြီး တည်ဆောက်ရေးစီမံကိန်း အသိပေးမိတ်ဆက်ခြင်း




ဂျပန်နိုင်ငံအစိုးရ အထောက်အပံ့ဖြင့် ရန်ကုန်နှလုံးရောဂါနှင့် ဦးနှောက်အာရုံကြောရောဂါ အထူးကုဆေးရုံသစ်ကြီး တည်ဆောက် ရေးစီမံကိန်း (The Project for Construction of New Yangon Specialist Hospital) အသိပေး မိတ်ဆက်ပွဲ အခမ်းအနားကို ဇူလိုင်လ(၂၀)ရက်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "မြန်မာနိုင်ငံတွင် လူနေထိုင်မှုပုံစံများ ပြောင်းလဲလာသည့် အလျောက် များပြားလာသော နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါနှင့် နောက်ဆက်တွဲဖြစ်သော လေဖြတ်ခြင်း အပါအဝင် ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါများအတွက် အဆင့်အတန်းမြင့်မားသော ဆေးကုသစောင့်ရှောက်မှုပေးနိုင်ရေးမှာ ပြည်သူအားလုံးအတွက်ဖြစ်၍ အလွန်အရေးကြီးကြောင်း၊ ဆေးကုသမှုဆောင်ရွက်ခြင်းအပြင် မြန်မာ-ဂျပန် ပညာရှင်များ ပူးပေါင်း၍ (Multi centric Research, Clinical Trial) စသည့် ကုသမှုပိုင်းဆိုင်ရာသုတေသနလုပ်ငန်းများကိုပါလုပ်ဆောင်၍ သုတေသနများမှရရှိသော အချက်အလက်များအား ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် လက်တွေ့အသုံးချသွားနိုင်ခြင်းတို့ကြောင့် ကုသရေးစွမ်းရည်များ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E Mr. Ichiro Maruyama နှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) အကြီးအကဲ Mr. Masayuki Karasawa တို့ကလည်း နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါသည်။

## ဘွဲ့ကြို/ဘွဲ့လွန်သင်တန်း ဝင်ခွင့်ဆိုင်ရာကိစ္စရပ်များ၊ သင်ကြားရေးကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းခြင်း



ဆေးတက္ကသိုလ်များနှင့် ဆေးဘက်ဆိုင်ရာနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဘွဲ့ကြို/ဘွဲ့လွန် သင်တန်းဝင်ခွင့်နှင့် သင်ကြားရေးကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးပွဲကို ဇူလိုင်လ(၂၀)ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်)၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက "အရည်အသွေးပြည့်ဝသော ဘွဲ့လွန်နှင့် ပါရဂူဆေးပညာရှင်များ သင်ကြားလေ့ကျင့်မွေးထုတ်ပေးနိုင်ရေးနှင့် သင်ကြားလေ့ကျင့်ပေးနိုင်မည့် ပါမောက္ခများ၊ ကထိကများ၊ အထူးကုဆရာဝန်ကြီးများ၏ လက်ခံသင်ကြားပေးနိုင်မှု (teaching capacity) တို့အား ချိန်ဆနိုင်းယှဉ်၍ စဉ်းစားရန်၊ နယ်စပ်ဒေသနှင့် ခက်ခဲဒေသတွင် တာဝန်ထမ်းဆောင်နေသူများနှင့် ဝန်ထမ်းလုပ်သက်နှစ်များသူများ ဘွဲ့လွန်သင်တန်းဝင်ခွင့်ဖြေဆိုရာတွင် မျှတမှုရှိစေရေး၊ သက်ဆိုင်ရာဘာသာရပ်အလိုက် ဘွဲ့လွန်ဝင်ရောက်ဖြေဆိုနိုင်မည့် အနည်းဆုံးဝန်ထမ်းလုပ်သက် သတ်မှတ်ရေး၊ ဝေးလံခက်ခဲဒေသများတွင် ပြန်လည်တာဝန်ထမ်းဆောင်မည့်ဒေသခံများ ပိုမိုဝင်ရောက်ခွင့်ရရှိစေရေးနှင့် ကျား/မ အချိုး သတ်မှတ်ရေးစသည့် ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ပြုသင့်သည့် အချက်များကို နိုင်ငံ၏လိုအပ်ချက်နှင့် ပြည်သူတို့၏ ကျန်းမာရေးလုံခြုံမှုတို့အတွက် အားလုံးအတူတကွ ဝိုင်းဝန်းဆွေးနွေးကြရန်" ပြောကြားခဲ့ပါသည်။

ထို့နောက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးက ရှင်းလင်းတင်ပြခဲ့ပြီး ပါမောက္ခချုပ်များက အသေးစိတ်ဝိုင်းဝန်း ဆွေးနွေးခဲ့ကြပါသည်။

## ကလေးသေဆုံး စောင့်ကြပ်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း အကောင်အထည်ဖော်ဆောင်ရွက်မှု လေ့လာဆန်းစစ်မှုအစီရင်ခံစာ အသိပေးဖြန့်ဝေခြင်းအခမ်းအနားကျင်းပခြင်း




ကလေးသေဆုံးစောင့်ကြပ်လေ့လာခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း အကောင်အထည်ဖော်ဆောင်ရွက်မှု လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာ အသိပေးဖြန့်ဝေခြင်း (Dissemination of Findings on Child Death Surveillance and Response (CDSR) Implementation Review) အခမ်းအနားကို ဇူလိုင်လ (၂၃) ရက်နေ့တွင် Grand Amara Hotel၊ နေပြည်တော်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးက "ဤအစီရင်ခံစာကို အသေးစိတ်လေ့လာသုံးသပ်၍ တွေ့ရှိချက်များအပေါ် မူတည်ကာ ကလေးများရောဂါဖြစ်ပွားမှုနှင့် ကလေးသေဆုံးမှုလျော့နည်းရေး ဆောင်ရွက်ရာတွင် အခြားကျန်းမာရေးစီမံချက်အမျိုးမျိုးနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်၊ အစီရင်ခံစာပါ ကိန်းဂဏန်း အချက်အလက်များကို သေချာစွာခွဲခြမ်းစိတ်ဖြာလေ့လာ၍ အသုံးဝင်သော သတင်းအချက်အလက်များအဖြစ် ပြောင်းလဲပြီး လက်တွေ့ဆောင်ရွက်နိုင်သော မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက်သွားရန်လိုကြောင်း" ပြောကြားပါသည်။ ဆက်လက်၍ Unicef အဖွဲ့၊ Health and Nutrition Unit ၏ Chief ဖြစ်သူ Dr. Madani B. Thiam က အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ နီးနွယ်ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆေးတက္ကသိုလ်အသီးသီးမှ ပါမောက္ခ/ဌာနမှူးများ၊ ကလေးအထူးကုနှင့် မွေးကင်းစကလေးအထူးကု ဆရာဝန်ကြီးများ၊ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီးများ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

## ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ကွင်းဆင်းဆောင်ရွက်မှု ကျွမ်းကျင်မှုဆိုင်ရာ (၉)လသင်တန်း စတင်ခြင်း




ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ကွင်းဆင်းဆောင်ရွက်မှုကျွမ်းကျင်မှုဆိုင်ရာ (၉)လသင်တန်း (Field Epidemiology Training Program - Intermediate Course) (၇/၂၀၁၈ -၄/၂၀၁၉) ပထမအကြိမ် စတင်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင်လ(၂၄)ရက်နေ့တွင် Hotel Max နေပြည်တော်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးက "ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးကွင်းဆင်းဆောင်ရွက်မှုပညာရပ် (Field Epidemiology) အား အသုံးပြု၍ မည်သည့်ပြည်သူ့ကျန်းမာရေး ပြဿနာကိုမဆို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းအတွက် US-CDC မှ ရေးဆွဲထားသည့် သင်ရိုးအားအခြေခံ၍ မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီအောင် ပြုပြင်ရေးဆွဲအသုံးပြုခြင်းဖြစ်ပြီး၊ ရှေ့ဆက်ပြုလုပ်မည့်သင်တန်းများအတွက် သင်ရိုးညွှန်းတမ်းများကိုလည်း ပိုမိုကောင်းမွန်စေရန် ပြုပြင် မွမ်းမံမှုများ ပြုလုပ်သွားရန်လိုအပ်ကြောင်း၊ သင်တန်းပြီးမြောက် အောင်မြင်သွားသူများအား ဝန်ကြီးဌာနမှ အသိအမှတ်ပြုလက်မှတ်ချီးမြှင့်မည်ဖြစ်ပြီး ဘဝတက်လမ်းအတွက်လည်း အရေးပါမည်ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံးယာယီတာဝန်ခံ Mr. William Flens တို့ကလည်း အမှာစကားပြောကြားခဲ့ပါသည်။

## မန္တလေးမြို့ရှိ ဈေးချိုတော်အား “ခွင့်မပြုဓာတုဆိုးဆေးကင်းစင်သော ဈေးချိုတော်” အဖြစ် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိ ဈေးချိုတော်အား ခွင့်မပြုဓာတုဆိုးဆေးကင်းစင်သော ဈေးချိုတော်အဖြစ် ကြေညာခြင်းအခမ်းအနားကို ဇူလိုင်လ(၂၅)ရက်နေ့တွင် သီရိမင်္ဂလာခန်းမ(၂)၊မန္တလေး၌ကျင်းပခဲ့ရာတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ စည်ပင်သာယာရေးဝန်ကြီးများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ NGO များ၊ ဈေးအကျိုးတော်ဆောင်များနှင့် ဈေးသူဈေးသားများ (၁၀၀) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

ခွင့်မပြု ဓာတုဆိုးဆေးကင်းစင်သော ဆိုင်စုစုပေါင်း (၉၂) ဆိုင်အား ခွင့်မပြုဓာတုဆိုးဆေးကင်းစင်သောဆိုင် အသိအမှတ်ပြုကတ်ပြားများ ပေးအပ်ခဲ့ပါသည်။



## (၂၀၁၈)ခုနှစ်၊ ဇူလိုင်လ ရေလွှမ်းမိုးမှု ဖြစ်စဉ်များတွင် ပြည်သူများအားကွင်းဆင်းကျန်းမာရေးစောင့်ရှောက်ခြင်း

(၂၀၁၈)ခုနှစ်၊ ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်း၍ ချောင်းရေမြင့်တက်ခြင်းနှင့် မြစ်ရေမြင့်တက်ခြင်းဖြစ်စဉ်များကြောင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး စသည့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေကွပ်ကဲမှုစင်တာကို (၂၄)နာရီ ဖွင့်လှစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များ၊ မြို့နယ်များရှိ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဇူလိုင်လ (၂၆) ရက်နေ့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကရင်ပြည်နယ် ရေဘေးကယ်ဆယ်ရေးခရီးစဉ်တွင် လိုက်ပါ၍လည်းကောင်း၊ ဩဂုတ်လ (၁)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးသို့ ကွင်းဆင်း၍လည်းကောင်း ကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့ပါသည်။

အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော ဗဟိုကွင်းဆင်းအဖွဲ့သည် ဩဂုတ်လ (၂) ရက်နေ့နှင့် (၃)ရက်နေ့များတွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကျိုက်မရောမြို့နယ်များသို့လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင် ဦးဆောင်သော ဗဟိုကွင်းဆင်းအဖွဲ့သည် ဇူလိုင်လ (၃၀)ရက်နေ့တွင် ပဲခူးမြို့သို့လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာမြင့်မြင့်သန်းဦးဆောင်သော ဗဟိုကွင်းဆင်းအဖွဲ့သည် ဩဂုတ်လ(၁၆)ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံနှင့် လှိုင်းဘွဲ့မြို့နယ်တို့သို့လည်းကောင်း ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။



## Health Manpower Database, MoHS Mail Server နှင့် Mobile Tablet လုပ်ငန်းများအား ရှင်းလင်းတင်ပြခြင်း

Health Manpower Database, MoHS Mail Server နှင့် ကျန်းမာရေးဝန်ထမ်းများသို့ ဖြန့်ဝေမည့် Mobile Tablet ဖုန်းများတွင် အချက်အလက်များထည့်သွင်းခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ဩဂုတ်လ(၈) ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးက "မိမိတို့ဝန်ကြီးဌာနသည် ကျန်းမာရေးကဏ္ဍတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို ပိုမိုပီပြင်စွာ အသုံးပြုနိုင်ရေးအတွက် အားဖြည့်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာန၏ website (www.mohs.gov.mm) ကို ပြည်သူများသိရှိနိုင်ရေး အသိပေးလွှင့်တင်လျက်ရှိကြောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်သတင်းစနစ် (Health Manpower Database) ကိုလည်း web-based အနေဖြင့် စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ ဝန်ကြီးဌာနပိုင် email domain ဖြစ်သော (mail.mohs.gov.mm) ကို စတင်အသုံးပြုနေပြီဖြစ်ကြောင်း၊ မြို့နယ်/တိုက်နယ်ဆရာဝန်များနှင့်အခြေခံကျန်းမာရေးဝန်ထမ်းများကို ပေးအပ်သွားမည့် Mobile Tablet ဖုန်းများတွင် online/ offline အသုံးပြုနိုင်သော ကျန်းမာရေးဆိုင်ရာ application များ၊ ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ၊ ဝန်ထမ်းများသိသင့်သိထိုက်သော လမ်းညွှန်များကို ထည့်သွင်းထားသည့်အတွက် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားမှုနှင့် စဉ်ဆက်မပြတ် ဆေးပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။



အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယတိုင်းဒေသကြီး/ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ စုစုပေါင်း (၁၂၀) ဦးခန့် တက်ရောက်ခဲ့ပါသည်။

## တနင်္သာရီတိုင်းဒေသကြီးတွင် ငှက်ဖျားရောဂါ ကပ်ရောဂါအသွင်ဖြစ်ပွားမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းခြင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဩဂုတ်လ (၈)ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ကျင်းပခဲ့သည့် တနင်္သာရီတိုင်းဒေသကြီးတွင် ငှက်ဖျားရောဂါ ကပ်ရောဂါအသွင်ဖြစ်ပွားမှုဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ခဲ့ပါသည်။

အစည်းအဝေး၌ ငှက်ဖျားရောဂါအပါအဝင်ရောဂါနှိမ်နင်းရေးကျွမ်းကျင်မှုဆိုင်ရာ အကြံပေးပညာရှင် ဒေါက်တာစောလွင်က တင်ပြရာတွင် "သရက်ချောင်းမြို့နယ်နှင့် ပုလောမြို့နယ်တို့တွင် (၂၀၁၈) ခုနှစ် ဧပြီလမှ ဇွန်လအထိ *Plasmodium vivax* ရောဂါပိုးကြောင့် ဖြစ်ပွားသော ငှက်ဖျားရောဂါဖြစ်ပွားသူ အရေအတွက်မှာယခင်နှစ်များနှင့်နှိုင်းယှဉ်ပါကမြင့်မားနေပြီး ကပ်ရောဂါအသွင်ဖြစ်ပွားလျက်ရှိကြောင်းနှင့် ရေဖြူ၊ ကော့သောင်းနှင့် ဘုတ်ပြင်းမြို့နယ်တို့တွင်လည်း ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း၊ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြောင်း" ပြောကြားခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် "အဆိုပါ နေရာဒေသများတွင် ရောဂါပိုးသယ်ဆောင် ခြင်ပေါက်ဖွားမှုအား စောင့်ကြပ်ကြည့်ရှုခြင်း (Vector Surveillence) လုပ်ငန်းများနှင့် ငှက်ဖျားရောဂါဖြစ်ပွားစေသော အကြောင်းအရာတို့ကိုလည်း လေ့လာခြင်း လုပ်ငန်းများကို ပိုမိုအားဖြည့်ဆောင်ရွက်ရန် လိုအပ်ကြောင်း" ပြောကြားခဲ့ပါသည်။



အဆိုပါအစည်းအဝေးသို့အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်(ဝန်ကြီးရုံး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ)၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက်မန်နေဂျာနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

## ခါတ်မှန်၊ ခါတ်ရောင်ခြည်၊ အဏုမြူရောင်ခြည်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း

ခါတ်မှန်၊ ခါတ်ရောင်ခြည်၊ အဏုမြူရောင်ခြည်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ (၉) ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ် (ဝန်ကြီးရုံး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)နှင့် ကုသရေးဦးစီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်နှင့် မန္တလေးဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်များမှ ပါမောက္ခ/ဌာနမှူးများ၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မကွေး၊ မြောက်ဥက္ကလာပနှင့် တောင်ကြီး စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတို့၏ ခါတ်မှန်/ ခါတ်ရောင်ခြည်/ အဏုမြူရောင်ခြည်ဌာနများမှ ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ တက်ရောက်ခဲ့ကြပြီး ခါတ်မှန်/ခါတ်ရောင်ခြည်/ အဏုမြူရောင်ခြည်ဆိုင်ရာ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ ခန့်ထားမှု အခြေအနေ၊ လုပ်ငန်းခွင်အခက်အခဲများနှင့် လိုအပ်ချက်များအား ဆွေးနွေးကြပြီး ရေတို၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ခဲ့ပါသည်။



## ထိန်းချုပ်ဆေးဝါးများအား လူနာများအတွက် လိုအပ်သလိုအသုံးပြုနိုင်ရေး အမျိုးသားအဆင့်ဆွေးနွေးပွဲကျင်းပခြင်း



နာကျင်မှုဝေဒနာကို သက်သာပျောက်ကင်းစေနိုင်သော ထိန်းချုပ်ဆေးဝါးများ (Opioids Analgesics နှင့် Psychotropic Drugs) အားလူနာများအတွက် လိုအပ်သလိုအသုံးပြုနိုင်ရေး အမျိုးသားအဆင့်ဆွေးနွေးပွဲ (National Seminar on “Medical Use of Opioids Analgesics and Psychotropic Drugs”)ကို ဩဂုတ်လ(၁၀)ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ကျင်းပရာ အမြဲတမ်းအတွင်းဝန်ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက“နာကျင်မှုဝေဒနာများအတွက် ကုသမှုများပေးရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်သော Opioids Analgesics ဆေးဝါးများနှင့် Psychotropic Drugs များကို လူနာများအတွက် မှန်ကန်စွာနှင့် လိုအပ်သလို အသုံးပြုနိုင်စေရေးနှင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ သုံးစွဲခြင်းများဆိုင်ရာ မူဝါဒများသတ်မှတ်နိုင်ရန် ရည်ရွယ်၍ ဆွေးနွေးပွဲကိုကျင်းပခြင်းဖြစ်ကြောင်း” ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံနာကျင်မှုဝေဒနာကုသရေး အဖွဲ့မှ နာယကပါမောက္ခဒေါက်တာမြင့်သောင်း၊ မူးယစ်ဆေးစွဲရောဂါကုသရေးနှင့် သုတေသနဌာနမှ တာဝန်ခံဆရာဝန်ကြီး/ စီမံချက်မန်နေဂျာ ဒေါက်တာနန္ဒမျိုးအောင်ဝမ်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ဆေးဝါး)၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ အထွေထွေမန်နေဂျာ၊ Asia Pacific Hospice Palliative Care Network (APHN) မှ Professor Cynthia Goh၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ကင်ဆာရောဂါ ခါတ်ရောင်ခြည်ဆေးပညာဌာန၊ မေ့ဆေးပညာဌာန၊ စိတ်ကျန်းမာပညာဌာနနှင့် ဆေးဝါးဗေဒဌာနတို့မှ ပါမောက္ခ/ ဌာနမှူးများက သက်ဆိုင်ရာခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပါသည်။

## သတင်းအချက်အလက်ကို အခြေခံ၍ မူဝါဒများချမှတ်ဆောင်ရွက်ခြင်းဆိုင်ရာ အသိပေးတင်ပြခြင်း




Bloomberg Data for Health Initiative ၏ ပံ့ပိုးမှုဖြင့် ကျင်းပပြုလုပ်သည့် သတင်းအချက်အလက်ကို အခြေခံ၍ မူဝါဒများချမှတ်ဆောင်ရွက်ခြင်းဆိုင်ရာ အသိပေးတင်ပြခြင်း အခမ်းအနား (Data to Policy - Dissemination Session) ကို ဩဂုတ်လ (၁၃) ရက်နေ့တွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးက "သတင်းအချက်အလက်များကို ကောက်ယူခြင်း၊ စုစည်းခြင်း၊ ဆန်းစစ်ခြင်း၊ တင်ပြခြင်းများဆောင်ရွက်ရုံသာမက အဆိုပါသတင်းအချက်အလက်တို့ကို ထိရောက်အကျိုးရှိစွာ လက်တွေ့အသုံးချနိုင်ရန် အထူးအရေးကြီးကြောင်း၊ ဝန်ကြီးဌာနသည် Bloomberg Data for Health Initiative နှင့် ပူးပေါင်း၍ မွေးဖွားမှုနှင့်သေဆုံးမှုဆိုင်ရာမှတ်ပုံတင်ခြင်းစနစ် အချက်အလက်များကောက်ယူမှု အားဖြည့်ဆောင်ရွက်ခြင်းလုပ်ငန်း၊ သတင်းအချက်အလက်များကို ဆုံးဖြတ်ချက်များချမှတ်ရာတွင် ထိရောက်အကျိုးရှိစွာ အသုံးပြုခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်းလုပ်ငန်း၊ လူထုအခြေပြုကင်ဆာရောဂါမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း" ပြောကြားခဲ့ပါသည်။

Vital Strategies အဖွဲ့မှ Dr. Mohammed Khogali က ကျေးဇူးတင်စကားပြောကြားခဲ့ပြီးနောက် ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ပညာရှင်များက လေ့လာသုံးသပ်ချက်နှင့် မူဝါဒအဆိုပြုတင်ပြလွှာများကို အသီးသီးတင်ပြခဲ့ကြပါသည်။ အဆိုပါအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စီမံချက်မန်နေဂျာများ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ WHO၊ US CDC တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

## (၂၀၁၈-၂၀၁၉) ပညာသင်နှစ် ဗဟိုအဆင့် ကျောင်းကျန်းမာရေးသီတင်းပတ် အခမ်းအနားကျင်းပခြင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဩဂုတ်လ(၁၅)ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ပြုလုပ်ကျင်းပသော (၂၀၁၈-၂၀၁၉)ပညာသင်နှစ် ဗဟိုအဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင်ကယားပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်ရှိုက "နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ကျန်းမာရေးနှင့် ပညာရေးအခန်းကဏ္ဍမှာ အဓိကအရေးကြီးကြောင်း"ပြောကြားခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးက "ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းအခြေပြု ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း (ရေ၊ မိလ္လာနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး)၊ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းတွင်း အဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများအန္တရာယ်ကင်းဝေးရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ ကျောင်းတွင်း ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းကို အားပေးရမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ကျောင်း ကျန်းမာ)နှင့် ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးတို့က အသီးအသီးရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းကျန်းမာရေး စံပြကျောင်းဆုရရှိသူများနှင့် ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပါသည်။

## (၁၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍပေါင်းစပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးကျင်းပခြင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည်သြဂုတ်လ (၂၁)ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (Myanmar Health Sector Coordination Committee, M-HSCC) အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက "INGO များအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုနှင့် ရောဂါဖြစ်ပွား/ သေဆုံးမှုဆိုင်ရာ သတင်းအချက်အလက်များ (information and data) ကို ပုံမှန်သတင်း ပေးပို့ရန်လိုအပ်ပြီး ထိုသို့ပေးပို့ရာ၌ ဗဟိုသို့သာမက တိုင်းဒေသကြီး/ပြည်နယ်နှင့် သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာနများသို့ ပေးပို့ရန် လိုအပ်မည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

ဆက်လက်၍ UNAIDS မှ Country Director Mr. Oussama TAWIL၊ ညွှန်ကြားရေးမှူး (တီဘီ ရောဂါတိုက်ဖျက်ရေး) ဒေါက်တာစည်သူအောင်၊ လက်ထောက် အတွင်းဝန်ဒေါက်တာသန့်စင်ထူး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာသောင်းလှိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်တို့က အသီးသီး တင်ပြခဲ့ကြပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကဖြည့်စွက် ဆွေးနွေးခဲ့ကြပါသည်။

## ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်း (၁/၂၀၁၈) ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည်သြဂုတ်လ (၂၂) ရက်နေ့တွင် Max ဟိုတယ်၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်း (Strengthening Public Finance Management Capacity) (၁/၂၀၁၈) သို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် "ဝန်ကြီးဌာန၏ ရည်မှန်းချက်များ၊ စီမံချက်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နည်းပညာနှင့် အတတ်ပညာပိုင်းဆိုင်ရာများ အရေးကြီးသလို ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုသည်လည်း အထူးအရေးကြီးကြောင်း၊ ယခုသင်တန်းသည် ပထမအကြိမ်ပြုလုပ်သော ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းဖြစ်ပြီး (၂၀၁၉) ခုနှစ်၊ ဖေဖော်ဝါရီလအထိ သင်တန်းများ ဆက်လက်ပြုလုပ်ပြီး ဦးစီးဌာနအသီးသီးမှ ဘဏ္ဍာရေးနှင့်စာရင်းကိုင်ဝန်ထမ်းများ စုစုပေါင်း (၁၄၁၃) ဦးကို လေ့ကျင့်သင်ကြားသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။ အဆိုပါသင်တန်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ကမ္ဘာ့ဘဏ်၊ 3MDG Fund တို့နှင့် ပူးပေါင်း၍ (၂၀-၈-၂၀၁၈) ရက်နေ့မှ (၂၃-၈-၂၀၁၈) ရက်နေ့အထိ (၄) ရက်တာပြုလုပ်သွားမည်ဖြစ်ပြီး ဗဟို/ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနတို့မှ ငွေစာရင်းဝန်ထမ်းများ စုစုပေါင်း (၈၂) ဦး တက်ရောက်ခဲ့ကြပါသည်။

## အကျဉ်းထောင်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများမိတ်ဆက်ခြင်း



ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးသည် ဩဂုတ်လ (၂၂)ရက်နေ့တွင် Hotel Max၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် အကျဉ်းထောင်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများမိတ်ဆက်ခြင်း အခမ်းအနားသို့တက်ရောက်၍အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် "ကျန်းမာရေးဆိုင်ရာ ကျင့်ဝတ်များအရ အကျဉ်းသားများကိုလည်း နိုင်ငံအတွင်းရှိ ပြည်သူများနည်းတူ တန်းတူညီမျှသော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ရမည်ဖြစ်ကြောင်း၊ ယခု စံလုပ်ထုံးလုပ်နည်းစာအုပ်သည် ကုလသမဂ္ဂအဖွဲ့၏ (၁၉၉၀) ခုနှစ်က သဘောတူဆုံးဖြတ်ချက် (resolution)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ထုတ်ပြန်ချက်ချက်များအရ အကျဉ်းသားများအပါ အဝင် မည်သူမဆို လူ့အခွင့်အရေး၊ သိက္ခာရပ်များနှင့်အညီ ခွဲခြားမှုမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုများ ကိုရရှိနိုင်ရေးနှင့် လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်အတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်၊ UNODS မှ Ms. Marie Cauchois Pegie၊ 3MDG Fund မှ Fund Director Mr. Oren Ginzburg နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်တို့က ရှင်းလင်းတင်ပြခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသီတာလှနှင့် တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ UNODC၊ WHO နှင့် 3MDG တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

## ရေချိုခရုမှတစ်ဆင့်ကူးစက်သော သန်ပြားကောင် ရောဂါ (Schistosomiasis) ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကွင်းဆင်းတွေ့ရှိချက်နှင့် အကြံပြုချက်များ တင်ပြခြင်း



ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးသည် ဩဂုတ်လ (၃၁)ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့သည့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပညာရှင်များ ပါဝင်သောအဖွဲ့၏ ရေချိုခရုမှတဆင့်ကူးစက်သော သန်ပြားကောင်ရောဂါ (Schistosomiasis) ဖြစ်ပွားမှုနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်နှင့် စစ်တွေမြို့နယ်များသို့ ကွင်းဆင်းလေ့လာ စစ်ဆေးခဲ့မှုနှင့် တွေ့ရှိချက်များအား ရှင်းလင်းတင်ပြသည့် အစည်းအဝေးပွဲသို့ တက်ရောက်ခဲ့ပါသည်။

အဆိုပါရှင်းလင်းတင်ပြပွဲ၌ အဖွဲ့၏ကိုယ်စား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ရုံးချုပ် မှ Technical Officer Dr. Jiagang Guo က (၂၀-၈-၂၀၁၈) ရက်နေ့အထိ ရခိုင်ပြည်နယ်ရှိ မြို့နယ်များမှ Schistosomiasis သန်ပြားကောင်ရောဂါ သံသယလူနာ (၈၂၈)ဦး အနက် ဓာတ်ခွဲအတည်ပြုလူနာ (၄၂၈)ဦး တွေ့ရှိခဲ့မှုအပေါ် သုံးသပ်တွေ့ရှိချက်၊ ဆောင်ရွက်နိုင်သည့် နည်းဗျူဟာများနှင့်အကြံပြုချက်များကိုဆွေးနွေးတင်ပြခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက "Schistosomiasis သန်ပြားကောင်ရောဂါ အကြောင်းသိရှိလာပြီး ရောဂါကူးစက်မခံရစေရန် လိုအပ်သောကာကွယ်တားဆီးမှုများပြုလုပ်နိုင်ရန်အတွက် ပြည်သူလူထုအား ကျန်းမာရေးအသိပညာများ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေသွားရန်လိုအပ်ကြောင်း" ပြောကြားခဲ့ပါသည်။

## ပြည်သူလူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအစည်းအဝေးကျင်းပခြင်း



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးသည် ဩဂုတ်လ (၃၁)ရက်နေ့တွင် မင်္ဂလာသီရိဟိုတယ်၊ နေပြည်တော်၌ကျင်းပပြုလုပ်ခဲ့သော ပြည်သူလူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်း အစည်းအဝေး (Meeting for concept to implementation of Community Health Clinic - CHC Model) သို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက "မိမိအနေဖြင့် ပြည်သူလူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း (Community Health Clinical - CHC) ကို အယူအဆသဘောတရားအဖြစ်မှ ယခုကဲ့သို့ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၏ ထိပ်တန်း ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ်သတ်မှတ်၍ အထူးအလေးပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း (CHC) များကိုတစ်ပြည်လုံး အတိုင်းအတာဖြင့် ကျေးလက်ကျန်းမာရေးဌာန (၁၇၈၆)ခုတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ အကြံပေးပညာရှင်များ၊ ဆေးပညာပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့်တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

## မကူးစက်နိုင်သောရောဂါများနှင့်ပတ်သက်၍ အသိပေးဆွေးနွေးတင်ပြခြင်း




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် စက်တင်ဘာလ (၁၁) ရက်နေ့တွင် လွှတ်တော်ဝင်း၊ သဘင်ဆောင်၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သော မကူးစက်နိုင်သောရောဂါများနှင့် ပတ်သက်၍ အသိပေးဆွေးနွေးတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် "မကူးစက်နိုင်သောရောဂါများသည် အစားအသောက်၊ နေထိုင်မှုပုံစံတို့ကို ပြုပြင်ပြောင်းလဲခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ကြောင်း၊ အဆီများသော၊ အငန်များသော၊ အချိုများသော အစားအစာများ၊ အန္တရာယ်ရှိသော ဆိုးဆေးများ၊ ဓာတုပစ္စည်းများပါဝင်သည့် အစားအစာများကို ရှောင်ကြဉ်ခြင်း၊ အရက်သောက်သုံးမှုနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲမှုကို ရှောင်ကြဉ်ခြင်းနှင့် "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး" ဟူသော ဆောင်ပုဒ်နှင့်အညီ ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ခြင်းတို့ဖြင့် မကူးစက်နိုင်သောရောဂါများကို ကြိုတင်ကာကွယ်နိုင်ပါကြောင်း" ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ညွှန်ကြားရေးမှူးများက လေဖြတ်ရောဂါ၊ နှလုံးသွေးကြောရောဂါ၊ ကင်ဆာရောဂါအမျိုးမျိုး၊ ထိခိုက်မှုအန္တရာယ်ကာကွယ်ရေး၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု လျှော့ချခြင်း၊ ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းတို့နှင့်စပ်လျဉ်း၍ အသီးသီး ရှင်းလင်းတင်ပြခဲ့ပါသည်။ အခမ်းအနားသို့ လွှတ်တော်ရေးရာ ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပါမောက္ခ/ ဌာနမှူးများ၊ တာဝန်ရှိသူများ စုစုပေါင်း (၆၅) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

## သူနာပြုတက္ကသိုလ်၊ မန္တလေး နှစ် (၂၀) ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် စက်တင်ဘာလ (၁၅) ရက်နေ့တွင် သူနာပြုတက္ကသိုလ်၊ မန္တလေး၌ ကျင်းပပြုလုပ်သော သူနာပြုတက္ကသိုလ်၊ မန္တလေး နှစ် (၂၀) ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အားနည်းနေသော လူနာများ၏ အကျိုးကို ရှေးရှု၍ ကြင်နာတတ်သော စိတ်ထား၊ နွေးထွေးသော ဆက်ဆံရေးတို့ဖြင့် ဖလော့ရင့်စ်နိုက်တင်ဂေးနှင့် မာသာထရီဇာ တို့ကဲ့သို့ စေတနာထားကာ ဆေးပညာကျင့်ဝတ်၊ သူနာပြုကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်သွားစေလိုကြောင်း" ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် "သူနာပြုတက္ကသိုလ် (မန္တလေး)ကို စတင်ဖွင့်လှစ်ခဲ့သည့် (၁၉၉၈)ခုနှစ်မှ ယနေ့အထိ သူနာပြု (၃၄၄၇) ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ဝန်ကြီးဌာန၏ ထိပ်တန်းဦးစားပေးလုပ်ငန်းကဏ္ဍ (၃)ရပ်တွင် သူနာပြုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)တို့တွင် ယခင်နှစ်များက နှစ်စဉ် သင်တန်းသား/သူ (၂၀၀) ဦးစီသာ သင်ကြားလေ့ကျင့်ပေးလျက်ရှိရာမှ လာမည့်နှစ်မှ စတင်၍ (၂၅၀) ဦးစီ တိုးမြှင့်ခေါ်ယူ သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ သူနာပြုသင်တန်းကျောင်းများတွင် ယခင်နှစ်များက နှစ်စဉ်သင်တန်းသား (၁၈၀၀)ဦးသာ ခေါ်ယူရာမှ ယခုလာမည့် စာသင်နှစ်မှစတင်၍ (၃၆၀၀)ဦး တိုးမြှင့်ခေါ်ယူမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

## သားဆက်ခြားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လမ်းညွှန်စာအုပ် ဖြန့်ဝေခြင်းအခမ်းအနားကျင်းပခြင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် စက်တင်ဘာလ (၁၉)ရက်နေ့တွင် မင်္ဂလာသီရိဟိုတယ်၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သော သားဆက်ခြား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလမ်းညွှန်စာအုပ် ဖြန့်ဝေခြင်းအခမ်းအနား (Dissemination of National Family Planning Guideline for service providers) သို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက "မိခင်သေဆုံးမှုများ (၁၂)ရာခိုင်နှုန်းမှာ ကိုယ်ဝန်ဖျက်ခြင်း/ပျက်ခြင်း၏ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကြောင့်ဖြစ်ကြောင်း၊ သားဆက်ခြားခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် Family Planning 2020 ၏ ရည်မှန်းချက်ပန်းတိုင်များနှင့် (၂၀၃၀) ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (Sustainable Development Goal) အမှတ် (၃) တို့ကို ကိုက်ညီပြည့်မီစေမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

အိမ်ထောင်သည်အမျိုးသမီးများ ခေတ်မီသားဆက်ခြားဆေးဝါးသုံးစွဲမှုသည် (၂၀၀၇) ခုနှစ်တွင် (၃၈) ရာခိုင်နှုန်း၊ (၂၀၁၅) ခုနှစ်တွင် (၅၁) ရာခိုင်နှုန်းရှိခဲ့ပါသည်။ ကလေးတစ်ယောက်နှင့် တစ်ယောက်အကြား (၃)နှစ်ခြား၍ မွေးဖွားပါက (၅)နှစ်အောက်ကလေးသေဆုံးမှု (၁.၆)သန်းခန့် ကာကွယ်နိုင်ပြီး သားဆက်ခြားနည်းလမ်းများကို အသုံးပြုခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကိုယ်ဝန်ဖျက်ချမှုကြောင့် မိခင်သေဆုံးခြင်း၏ (၈၁) ရာခိုင်နှုန်းကို လျှော့ချနိုင်ပါသည်။

## ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် စက်တင်ဘာလ (၂၇)ရက်တွင် နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံကြီး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက“ကမ္ဘာတွင်နှစ်စဉ်နှလုံးနှင့် သွေးကြောရောဂါလူနာပေါင်း (၁၇.၇) သန်းခန့်သေဆုံးလျက်ရှိကြောင်း၊ ယခု (၂၀၁၈)ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့၏ ဆောင်ပုဒ်များ “My heart, your heart for all our heart” ဖြစ်ကြောင်း” ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ နေပြည်တော်ကောင်စီဝင်၊ နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများ၊ အထူးကု ဆရာဝန်ကြီးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဆေးရုံများမှ ဆေးရုံအုပ်များ၊ ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုများ၊ ပြည်သူများတက်ရောက်ခဲ့ပါသည်။

## တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခြင်း



ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာလ (၂၇)ရက်နေ့တွင် နေပြည်တော်၊ အမျိုးသားပရဆေးဥယျာဉ် အစည်းအဝေးခန်းမ၌ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ (Traditional Medicine Technical Advisory Group-TAG) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဦးမိတ်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက “တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းသည် အလွန်အရေးကြီးပြီး ဆေးသုတေသနဦးစီးဌာန၊အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့နှင့် ပူးပေါင်းလုပ်ဆောင်ကြစေလိုကြောင်း၊ တိုင်းရင်းဆေးပညာရပ် သင်ကြားရေးဆိုင်ရာ ညီလာခံတစ်ခုကိုလည်း ကျင်းပရန်လိုအပ်ကြောင်း” ပြောကြားခဲ့ပါသည်။

ထို့နောက် ပါမောက္ခဒေါက်တာ ဦးမိတ်က “မိမိတို့အဖွဲ့အနေဖြင့် တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်သွေးပြည့်ဝသောကျွမ်းကျင်ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် ရှေးနည်းလည်းမပယ်၊ ခေတ်မီဆန်းသစ်သောနည်း၊ အတွေးအခေါ်များဖြင့် ပေါင်းစပ်ဆောင်ရွက်၍ တိုင်းရင်းဆေးပညာရပ် တိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးစားပြီး အားလုံးစုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း” ပြောကြားခဲ့ပါ သည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပါသည်။

## ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆီသို့ ဆွေးနွေးပွဲကျင်းပခြင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် အောက်တိုဘာလ (၅)ရက်နေ့တွင် ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များဆီသို့ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကာ ပြောကြား ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက“စားသောက်ကုန်များတွင် ထုတ်လုပ်သည့်နေ့စွဲ၊ သက်တမ်းကုန်ဆုံးမည့်နေ့စွဲ၊ ပါဝင်သော ပစ္စည်းများ၊ ထုတ်လုပ်သူ (သို့မဟုတ်) ထုတ်လုပ်သည့်စက်ရုံ၏ လိပ်စာစသည့်အချက်များကို လူအများနားလည်သည့် ဘာသာဖြင့် ထင်ရှားစွာ ရေးသားဖော်ပြနိုင်ရန်အတွက် ယခုတက်ရောက်လျက်ရှိသော အဖွဲ့အစည်းများက ဆွေးနွေးလျက်ရှိသည်ကို သိရှိရသဖြင့် အထူးကျေနပ်အားရမိပါကြောင်း” ပြောကြားခဲ့ပါ သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးမြင့်သောင်းနှင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အမှာစကား ပြောကြားခဲ့ကြပြီး မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ဥက္ကဋ္ဌ ဦးအေးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါသည်။



ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ မြန်မာစားသုံးသူများသမဂ္ဂ၊ အစာအာဟာရဆိုင်ရာသိပ္ပံနှင့် နည်းပညာအသင်းနှင့် စားသောက်ကုန်ဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

## အီလက်ထရောနစ်ကျန်းမာရေးစနစ် ကျောရိုးနောက်ခံပုံစံပေါ်ပေါက်ရေး စုပေါင်းအလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် နိုဝင်ဘာလ (၁) ရက် ရက်နေ့တွင် Horizon Lake View Hotel နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သော အီလက်ထရောနစ် ကျန်းမာရေးစနစ် တည်ဆောက်မှု ကျောရိုးနောက်ခံပုံစံ ပေါ်ပေါက်လာရေး စုပေါင်းအလုပ်ရုံဆွေးနွေးပွဲ (Convergence Workshop for Developing Electronic Health Architecture - Blueprint) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက “အီလက်ထရောနစ် ကျန်းမာရေးစနစ်ကို နိုင်ငံတကာတွင် အသုံးပြုဆောင်ရွက်လျက်ရှိသည့် စနစ်များကို အခြေခံ၍ နိုင်ငံ၏ အခြေအနေများနှင့်ကိုက်ညီ လိုက်လျောညီထွေရှိစေရန် မွမ်းမံပြင်ဆင်ကာ အသုံးချရမည် ဖြစ်ကြောင်း” ပြောကြားခဲ့ပါသည်။ ဆက်လက်၍ Asia eHealth Information Network (AeHIN) အဖွဲ့မှ Dr. Alvin Marcelo က (၂၀၁၇) ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သော Convergence အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးအကြံပြုချက်များ၊ ဆောင်ရွက်ထားရှိမှုများနှင့် နိုင်ငံတကာအတွေ့အကြုံများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ INGO များမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။



## မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်းဌာန ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း




ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်းဌာန (Hemodialysis Center) ဖွင့်ပွဲအခမ်းအနားအား နိုဝင်ဘာ (၄)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ရှေးဦးစွာ ကချင်ပြည်နယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှနှင့် Myanmar Kindness Group ၏ နာယက ဒေါက်တာဆိုင်းလီတို့ကဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပါသည်။ ကချင်ပြည်နယ်၊ အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ဇနီးဒေါက်တာဂျေကော့ဘူတို့မှ ကမ္ပည်းဆိုင်းဘုတ်အား စက်ခလုပ်နှိပ်၍ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ပည်းစာအား အမွှေးနံ့သာများဖြင့် ဖျန်းပက်ခဲ့ကြပါသည်။

မြစ်ကြီးနားမြို့ပြည်သူ့ဆေးရုံကြီး၊ အစည်းအဝေးခန်းမ၌ ဝန်ကြီးချုပ်ဒေါက်တာခက်အောင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှတို့က အမှာစကားများ ပြောကြားခဲ့ပြီး ဒေါက်တာဆိုင်းလီက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ပြီးနောက် Myanmar Kindness Group မှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသို့ လှူဒါန်းပစ္စည်းများနှင့် ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးခဲ့ရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး ဆေးရုံအုပ်ကြီးက ဂုဏ်ပြုအလံများ လက်ရောက်ပေးအပ်ခဲ့ပြီး ကချင်ပြည်နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။

## (၁၇) ကြိမ်မြောက် အာရှဒေသ ကျောရိုးအာရုံကြောမကြီး ဆေးပညာကွန်ရက်ညီလာခံနှင့် (၁၅) ကြိမ်မြောက် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် နိုဝင်ဘာလ (၁၀) ရက်နေ့တွင် ရန်ကုန်မြို့၊ Taw Win Garden Hotel ၌ ကျင်းပပြုလုပ်သည့် (၁၇)ကြိမ်မြောက် အာရှဒေသ ကျောရိုးအာရုံကြောမကြီး ဆေးပညာကွန်ရက် ညီလာခံနှင့် ပူးပေါင်းကျင်းပသည့် (၁၅)ကြိမ်မြောက် ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးပညာညီလာခံ (17th Asian Spinal Cord Network Congress in conjunction with 15th Myanmar Rehabilitation Medicine Conference) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့် အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် "ဆေးပညာကျင့်ဝတ်များအရသော်လည်းကောင်း၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ပဋိညာဉ်စာတမ်း အပိုဒ် (၂၆)အရသော်လည်းကောင်း ကျောရိုးအာရုံကြောမ ဝေဒနာရှင်များကို ပြုစုကုသမှုပေးရန်မှာ အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆေးရုံများတွင် မသန်စွမ်းသူများ အဆင်ပြေစေရန် (disability friendly) လျှောက်လမ်းများထည့်သွင်း တည်ဆောက်ပေးခြင်းနှင့် ကျောရိုးအာရုံကြောမကြီး ထိခိုက်ဒဏ်ရာရရှိသူဝေဒနာရှင်များအတွက်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် အမျိုးသား ကျန်းမာရေးစီမံကိန်းတို့တွင် အဓိက ထည့်သွင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြောင်း" ပြောကြားခဲ့ပါသည်။ အဆိုပါညီလာခံကြီးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် စုစုပေါင်း (၂၁)နိုင်ငံမှ ဆေးပညာရှင်များက အကြောင်းအရာ ခေါင်းစဉ် (၃၄)ခု ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါသည်။

## ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် နိုဝင်ဘာလ(၁၄)ရက်နေ့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2)၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက "ကမ္ဘာတစ်ဝန်းတွင် ဆီးချိုသွေးချိုရောဂါဖြစ်ပွားသူဦးရေ (၃၈၂) သန်းရှိနေပြီး (၂၀၃၀)ခုနှစ်တွင် ဖြစ်ပွားသူဦးရေ (၅၅၀)သန်းခန့် အထိဖြစ်ပွားလာနိုင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် (၂၀၁၄) ခုနှစ်၌ ကောက်ယူခဲ့သော စစ်တမ်းအရ ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနှုန်းမှာ (၁၀.၅%) နှင့် သွေးတိုးရောဂါဖြစ်ပွားနှုန်းမှာ (၂၆.၄%) ရှိနေကြောင်း၊ နိုင်ငံတစ်ဝန်းလုံးရှိတိုက်နယ်နှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆီးချိုသွေးချိုရောဂါနှင့် သွေးတိုးရောဂါကုသရေး ဆေးပေးခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ဆရာဝန်များထံသို့ ဖြန့်ဝေပေးလျက်ရှိသော Mobile Tablet များတွင် ပါဝင်သည့် "Diabetes - ဆီးချိုလမ်းညွှန်" Mobile Application ကိုလည်းအသုံးပြုနိုင်မည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှဒုတိယဝန်ကြီး၊အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ Novo Nordisk၊ UNOPS၊ HelpAge International၊ Union၊ Health Prosperity Fund နှင့် ပြည်တွင်းအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်ပြည်သူများတက်ရောက်ခဲ့ပါသည်။ ယခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်မှာ "မိသားစုတိုင်း ကျန်းမာဖို့ ဆီးချိုကာကွယ်ကုသစို့" ဖြစ်ပါသည်။

## တီဘီရောဂါဖြစ်ပွားမှုကို မပျက်မကွက် သတင်းပေးပို့တိုင်ကြားခြင်းဆိုင်ရာ စတင်ဆောင်ရွက်ခြင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် နိုဝင်ဘာလ (၁၆)ရက်နေ့တွင် Park Royal Hotel၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သော တီဘီရောဂါဖြစ်ပွားမှုကို မပျက်မကွက် သတင်းပေးပို့တိုင်ကြားခြင်း (mandatory TB case notification) ဆိုင်ရာ စတင်ဆောင်ရွက်ခြင်းနှင့် အသိပေးရှင်းလင်းတင်ပြပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။




အဆိုပါအခမ်းအနားတွင် ပြင်ပဆေးရုံများနှင့် ပုဂ္ဂလိကဆေးခန်းများတွင် တီဘီရောဂါလူနာများ လာရောက်ပြသကုသခြင်းခံယူမှု သတင်းအချက်အလက်များကို အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း (National TB Program) သို့ မပျက်မကွက် သတင်းပေးပို့နိုင်ရန်အတွက် ရေးဆွဲထားသော သတင်းပေးပို့မှု ပုံစံ၊ သတင်းပေးပို့မှု လုပ်ငန်းလမ်းညွှန်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တက်ရောက်လာကြသည့် ပြည်သူ့ကျန်းမာရေးပညာရှင်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံချက်မှ တာဝန်ရှိသူများနှင့် NGO/INGO များမှ တာဝန်ရှိသူများက အဖွဲ့ငယ် (၃)ဖွဲ့ ခွဲ၍ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာစည်သူအောင်က ဆွေးနွေးခဲ့မှုများအပေါ် စုစည်းရှင်းလင်းတင်ပြခဲ့ပါသည်။

## (၂၀၁၈) ခုနှစ်၊ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် အိပ်ချ်အိုင်ဗွီ၊ တီဘီရောဂါဆိုင်ရာ ပညာပေးလှုံ့ဆော်မှု အခမ်းအနားကျင်းပခြင်း




(၂၀၁၈)ခုနှစ်၊ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် အိပ်ချ်အိုင်ဗွီ၊ တီဘီရောဂါဆိုင်ရာ ပညာပေးလှုံ့ဆော်မှု အခမ်းအနားအား ဒီဇင်ဘာလ (၁) ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်း၊ ကားရပ်နားစခန်းတွင် ကျင်းပခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပြည်ထောင်စုဝန်ကြီး၏ မိန့်ခွန်းအားဖတ်ကြားခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အမှာစကားပြောကြားပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ၊ SEARO Director မှ ပေးပို့သော သဝဏ်လွှာနှင့် UNAIDS Executive Director မှ ပေးပို့သော သဝဏ်လွှာတို့အား တာဝန်ရှိသူအသီးသီးက ဖတ်ကြားခဲ့ကြပါသည်။ ထို့နောက် ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ပြီး ညနေပိုင်းတွင် HIV နှင့် TB ရောဂါတိုက်ဖျက်ရေးတို့မှ စီမံချက်မန်နေဂျာများပါဝင်သည့် ကျန်းမာရေးစကားဝိုင်းကို ကျင်းပခဲ့ပါသည်။ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ “Know Your Status” “HIV ပိုး ရှိ/မရှိ မိမိက စ သွေးစစ်ကြည့်” ဖြစ်ပြီး အခမ်းအနားသို့ ပြည်သူလူထုလူဦးရေ စုစုပေါင်း (၁၀၀,၀၀၀)ခန့် တက်ရောက်ခဲ့ကြပါသည်။

## မြို့နယ်ပြည်သူ့ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများအတွက် SOP နှင့် Guideline များ ရေးဆွဲပြုစုခြင်း



အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) ၏ Second Year Annual Operational Plan (AOP) အရ မြို့နယ်ပြည်သူ့ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများတွင် ဆောင်ရွက်မည့် အခြေခံကျသည့် မရှိမဖြစ် ကုသရေးလုပ်ငန်းများအတွက် SOP နှင့် Guideline များ ရေးဆွဲပြုစုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ဒီဇင်ဘာလ (၃) ရက်နေ့တွင် ရန်ကုန်မြို့၊ ပန်ဒါဟိုတယ်တွင် ကျင်းပပြုလုပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပါမောက္ခဒေါက်တာမြင့်ဟန်တို့က သဘာပတိများအဖြစ် ဆောင်ရွက်၍ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ National Health Plan Implementation Monitoring Unit မှ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ မြို့နယ်ကုသရေးဦးစီးဌာနမှူးများ၊ တိုက်နယ်ဆရာဝန်များ တက်ရောက်ကြပါသည်။

## ရွေ့လျားဓာတ်ခွဲယာဉ်များအား လွှဲပြောင်းပေးအပ်ခြင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဒီဇင်ဘာလ (၁၁)ရက်နေ့တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့သည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) ၏ ရွေ့လျားဓာတ်ခွဲယာဉ် (Mobile Laboratory Van) (၁၄) စီးအား တိုင်းဒေသကြီးနှင့် ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက "လုပ်ငန်းဆောင်ရွက်မှုများနှင့် ရလဒ်များကို အီလက်ထရောနစ်စနစ်ဖြင့် သတင်းပေးပို့ခြင်း၊ စဉ်ဆက်မပြတ် သုံးသပ်ဆန်းစစ်ခြင်းနှင့် လုပ်ငန်းလမ်းညွှန်များကို လိုအပ်သလို ပြုပြင်မွမ်းမံဖြည့်ဆည်းကာ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာခင်ဇော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (တိုင်းဒေသကြီးနှင့်ပြည်နယ်) ဒေါက်တာဒေါ်ခင်ချစ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြပါသည်။ အဆိုပါ ရွေ့လျားဓာတ်ခွဲယာဉ်များသည် အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများတွင် ပြည်သူများ၏ ကျန်းမာရေးအတွက် ဘေးအန္တရာယ် ဖြစ်စေနိုင်သည့်အရာများ ပါဝင်မှု ရှိ/မရှိကို ပိုမို ကျယ်ပြန့်ထိရောက်စွာ ဈေးကွက်အတွင်းထိတိုင် ရွေ့လျားကွင်းဆင်း၍ စစ်ဆေးပေးနိုင်မည်ဖြစ်ပါသည်။

## ရောဂါပိုးမျိုးသယ်ဆောင်သော ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများကာကွယ်တားဆီးနှိမ်နင်းရေးစီမံချက်၏ (၂၀၁၈) ခုနှစ်အတွက် နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးခြင်း




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဒီဇင်ဘာလ(၁၈)ရက်နေ့တွင် မင်္ဂလာသီရိဟိုတယ်၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် ရောဂါပိုးမျိုးသယ်ဆောင်သော ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်တားဆီးနှိမ်နင်းရေးစီမံချက်၏ (၂၀၁၈) ခုနှစ်အတွက် နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးခြင်း အစည်းအဝေး (VBDC annual review meeting 2018) သို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက "မြန်မာနိုင်ငံတွင် (၂၀၁၇)ခုနှစ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားသူ (၈၅,၀၁၉)ဦးရှိခဲ့ပြီး ရောဂါကြောင့် သေဆုံးသူ (၃၀) ဦးရှိခဲ့ပြီး (၂၀၁၈) ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ဖြစ်ပွားသူ (၃၁,၉၆၄)ဦးနှင့် သေဆုံးသူ (၈)ဦး ရှိခဲ့ကြောင်း၊ (၂၀၃၀) ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသနိုင်ငံများတွင် ငှက်ဖျားရောဂါကင်းဝေးရေး ရည်မှန်းချက်ပြည့်မီရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် (၂၀၁၇) ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ (၃၀,၂၈၈) ဦးနှင့် သေဆုံးသူ (၁၉၂) ဦး ရှိခဲ့ကာ (၂၀၁၈) ခုနှစ်၊ နိုဝင်ဘာလအထိ ဖြစ်ပွားသူ (၂၂,၂၀၄) ဦးနှင့် သေဆုံးသူ (၁၀၇) ဦး ရှိခဲ့ပါကြောင်း၊ (၂၀၂၀) ခုနှစ်တွင် ဆင်ခြေထောက်ရောဂါ ကင်းဝေးစေရေးအတွက် (၂၀၀၁)ခုနှစ်မှ စတင်၍ "လူအားလုံးကို ဆေးကျွေးခြင်းလုပ်ငန်း" ကို ဆောင်ရွက်လျက်ရှိကြောင်း၊ (၂၀၁၇)ခုနှစ်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားသူ (၄၀၄)ဦးရှိခဲ့သော်လည်း (၂၀၁၈)ခုနှစ်တွင် အသက် (၉)လမှ (၁၅)နှစ် အတွင်း ကလေးငယ်များတွင် ကာကွယ်ဆေး လွှမ်းခြုံမှုသည် (၉၂) ရာခိုင်နှုန်းကျော် ရှိသဖြင့် ရောဂါဖြစ်ပွားမှု (၁၀၇)ဦးသာ ရှိခဲ့ကာ သိသာထင်ရှားစွာ လျော့ကျလာပြီ ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။ ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်နှင့် ရောဂါနှိမ်နင်းရေးဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် ဒေါက်တာစောလွင်တို့က အကြံပြုရှင်းလင်းပြောကြားခဲ့ပါသည်။

## မကူးစက်နိုင်သောရောဂါများကြိုတင်ကာကွယ်ရေးအသိပညာပေး Viber Sticker Package မိတ်ဆက်ခြင်း

မကူးစက်နိုင်သောရောဂါများကြိုတင်ကာကွယ်ရေး အသိပညာပေး Viber Sticker Package ဗဟိုအဆင့် စတင်မိတ်ဆက်ပွဲ အခမ်းအနားကို ဒီဇင်ဘာလ (၂၁)ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင်ကျင်းပရာ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အမှာစကားပြောကြားပါသည်။

အမြဲတမ်းအတွင်းဝန်က "Viber Sticker Package ကို "တို့ဘဝအနာဂါတ်လှပဖို့ ကျန်းမာရေးကိုဂရုစိုက်စို့" ဟုအမည်ပေးထားပါကြောင်း၊ အင်္ဂလိပ်ဘာသာပြန်ဆိုရာတွင် Lifestyle for Brighter Nation လို့ ဖော်ပြထားပါကြောင်း၊ မိမိတို့နိုင်ငံ၏ မကူးစက်နိုင်သော နာတာရှည်ရောဂါများကို ကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် ယခု စတင်မိတ်ဆက်သည့် Viber Sticker များကို မိမိနှင့်တကွ မိသားစု၊ ဆွေမျိုး၊ ပတ်ဝန်းကျင်များအကြား အသုံးပြုပေးခြင်း၊ ဖြန့်ဝေပေးခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအသိပညာ မြင့်မားရေးအတွက် အားလုံး ဝိုင်းဝန်းပူးပေါင်းကြပါရန်တိုက်တွန်းပါကြောင်း"ပြောကြားပါသည်။ ယင်းနောက် KOFIH အဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Ahn Jongsoh၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကံကောင်းနှင့် ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာဖြူဖြူအေးတို့က အသီးသီးရှင်းလင်းတင်ပြခဲ့ကြပါသည်။




## ဒဂုံဧရာ အဝေးပြေးယာဉ်ရပ်နားစခန်း ဆေးခန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဒီဇင်ဘာလ(၂၃)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ ဒဂုံဧရာအဝေးပြေး ယာဉ်ရပ်နားစခန်းတွင် ကျင်းပပြုလုပ်ခဲ့သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဒဂုံဧရာ အဝေးပြေးယာဉ်ရပ်နားစခန်း ဆေးခန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက "ဒဂုံဧရာအဝေးပြေး ယာဉ်ရပ်နားစခန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သို့ နေ့စဉ် အဝေးပြေးယာဉ် (၂၂၀)ကျော် အပြန်အလှန်သွားလာနေကာ နေ့စဉ် ခရီးသည် (၃၀၀၀၀)ဦးခန့် ဝင်ထွက် သွားလာလျက်ရှိကြောင်း၊ ဆေးခန်းအတွက်လိုအပ်သည့် ဝန်ထမ်း၊ ဆေး၊ ဆေးပစ္စည်းကိရိယာများ ပြတ်လပ်မှုမရှိစေရန် ဝန်ကြီးဌာနက ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

မြို့တော်ဝန် ဦးမောင်မောင်စိုးက"ယခုကဲ့သို့ခရီးသွားပြည်သူများ ဝင်ထွက်သွားလာမှု များပြားသည့် ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နားစခန်းတွင် ဆေးခန်းဖွင့်လှစ်မှုအပေါ် စေတနာအပြည့်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း" ပြောကြားခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးခန်းနှင့် ဆေးခန်းရှိ လူနာတင်ယာဉ်အသစ်တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။ ဒဂုံဧရာ အဝေးပြေး ယာဉ်ရပ်နားစခန်း ဖွင့်လှစ်ခဲ့သည်မှာ (၁၅)နှစ်ခန့်ရှိပြီဖြစ်ပြီး ယခုအခါ ဆေးခန်းဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။



## DHIS -2 ကို အသုံးပြု၍ အီလက်ထရောနစ်ကျန်းမာရေးသတင်းစနစ်ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြခြင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဒီဇင်ဘာလ (၂၇)ရက်နေ့တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်ခဲ့သော စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေးသတင်းစနစ် (DHIS-2) ကို အသုံးပြု၍ အီလက်ထရောနစ်ကျန်းမာရေးသတင်းစနစ် ဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက "၎င်းကျန်းမာရေးသတင်းစနစ် (DHIS-2) ကို ပိုမိုထိရောက်ကျယ်ပြန့်စွာ အသုံးပြုခြင်းဖြင့် နိုင်ငံတော်မှ ဆောင်ရွက်နေသော e-Government စနစ် ပေါ်ထွန်းလာရေးကို အထောက်အကူပြု နိုင်မည်ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကျန်းမာရေးသတင်းအချက်အလက်) ဒေါက်တာသက်သက်မူနှင့် ဒုတိယညွှန်ကြားရေးမှူး (ကျန်းမာရေးသတင်းအချက်အလက်)ဒေါက်တာလွင်လွင်အောင်တို့က ရှင်းလင်းတင်ပြခဲ့ပါသည်။ စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ် (DHIS -2) ကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ (၆၇) နိုင်ငံခန့်တွင် အသုံးပြုလျက်ရှိပြီး မြန်မာနိုင်ငံတွင် (၂၀၁၄)ခုနှစ်တွင် ကနဦးစမ်းသပ်အသုံးပြုခဲ့ပြီး (၂၀၁၈)ခုနှစ်အတွင်း နိုင်ငံတစ်ဝန်းရှိ မြို့နယ်များအားလုံးနှင့် ဝန်ကြီးဌာနမှ ဆေးရုံ (၅၈၅) ခုနှင့် ပုဂ္ဂလိကဆေးရုံ (၄၃)ရုံတွင် အသုံးပြုနိုင်ခဲ့ကာ ကျေးလက်ကျန်းမာရေးဌာနများအဆင့်အထိ ဆက်လက်အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နော်ဝေနိုင်ငံ၊ University of Oslo မှ နည်းပညာပိုင်းဆိုင်ရာ အကူအညီနှင့် UNOPS၊ 3MDG Fund၊ Global Fund၊ Jhpiego၊ Pact Myanmar၊ JSI အစရှိသည့် အဖွဲ့အစည်းများမှ ရန်ပုံငွေအထောက်အပံ့ပေးအပ်ခဲ့ပါသည်။

## ခေတ်မီဆက်သွယ်ရေးနည်းပညာသုံး ဓာတ်မှန်စက် (Tele-radiology) ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဒီဇင်ဘာလ(၃၀)ရက်နေ့တွင် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် ပြည်သူ့ဆေးရုံ၌ ပြုလုပ်ကျင်းပခဲ့သည့် ခေတ်မီဆက်သွယ်ရေးနည်းပညာသုံး ဓာတ်မှန်စက် (Tele-radiology) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

မွန်ပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက "ယခုကဲ့သို့ ခေတ်မီဆက်သွယ်ရေးနည်း ပညာသုံး ဓာတ်မှန်စက်ကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် မွန်ပြည်နယ် ကျိုက်မရော၊ ဘီးလင်းနှင့် ချောင်းဆုံမြို့နယ်တို့တွင် အသုံးပြုဆောင်ရွက်နိုင်ခြင်းသည် အလွန်ကောင်းမွန်၍ မင်္ဂလာရှိလှပါကြောင်း" ပြောကြားခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးက "၎င်းကဲ့သို့ ခေတ်မီဆက်သွယ်ရေးနည်းပညာကို ကျန်းမာရေးကဏ္ဍတွင် ပိုမိုထိရောက်ကျယ်ပြန့်စွာ အသုံးပြုခြင်းဖြင့် နိုင်ငံတော်မှ ဆောင်ရွက်နေသော e-Government စနစ် ပေါ်ထွန်းလာရေးကို အထောက်အကူပြု နိုင်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်မှုသာ နိုင်ငံတစ်ဝှမ်းတစ်ပြေးညီသော ကျန်းမာရေးလွှမ်းခြုံမှု ပိုမိုအားကောင်းလာမည် ဖြစ်ပါကြောင်း" ပြောကြားခဲ့ပါသည်။

ထို့နောက် 'ရွှေဇနက' အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၏ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်က ရှင်းလင်းပြောကြားခဲ့ပြီး မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းအောင်ကြည်က နှုတ်ခွန်းဆက်ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

## အားကစားနှင့်ကာယပညာဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



အားကစားနှင့် ကာယပညာဦးစီးဌာန၊ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီလ (၉)ရက်နေ့ ရုံးအမှတ်(၃၁) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးမှ လမ်းညွှန်အမှာစကားပြောကြားရာတွင် "အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ အားကစားနည်းအလိုက် သုံးသပ်မှု အခြေအနေ အလွန်ကောင်းမွန်ကြောင်း၊ လိုအပ်ချက်များအား ဖြစ်နိုင်သည့်အချက်များကို လက်တွေ့အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လက်ရွေးစင်အား ကစားသမားများအား ဝန်ထမ်းအဖြစ်ခန့်ထားရေးကို အမြန်ဆုံးကြိုးစားဆောင်ရွက်စေလိုကြောင်း၊ (၂၀၁၈) ခုနှစ်တွင် ဝန်ထမ်းအိမ်ယာများအား အဓိကဦးစားပေး ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးရှိ အားကစားကွင်း၊ အားကစားရုံရေကူးကန်များ ပြန်လည်ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည်များကို စာရင်းပြုစု၍ ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း" လမ်းညွှန်မှာကြားခဲ့ပါသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လုပ်ငန်းအခြေအနေများကိုရှင်းလင်းတင်ပြခဲ့ပါသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ညွှန်ကြားရေးမှူးများ၊ အားကစားနှင့်ကာယပညာသိပ္ပံ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

## ၂၀၁၈ ခုနှစ် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ ကျင်းပပြုလုပ်ခြင်း

ဆဋ္ဌမအကြိမ်မြောက်ကျင်းပသည့် (၂၀၁၈)ခုနှစ် အပြည်ပြည်ဆိုင်ရာ ရိုးမ-ရန်ကုန်မာရသွန်ပြိုင်ပွဲကို ဇန်နဝါရီလ (၂၁) ရက်နေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသား အားကစားရုံ (၁)ရှေ့၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ပါသည်။ အဆိုပါပြိုင်ပွဲတွင် ပြည်တွင်း၊ ပြည်ပမှ အပြေးသမား (၉၀၀၀) ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။




## တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၂)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပခြင်း



(၂၀၁၈) ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၂) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ (၂၂)ရက်နေ့တွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပပြုလုပ်ရာ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်မှ အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသင်း (၁၅)သင်း ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပါသည်။

## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးအမျိုးသမီးဘောလုံးပြိုင်ပွဲကျင်းပခြင်း



မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေး အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်အဖြစ် အား/ကာသိပ္ပံ (မန္တလေး) အသင်းနှင့် မဏိပူရပြည်နယ်အသင်းတို့သည် ဇန်နဝါရီလ (၂၈) ရက်နေ့တွင် မန္တလာသီရိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ ပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီ နာယက ဒေါက်တာဒေါ်ယုယုမေနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

## ၂၀၁၈ခုနှစ်၊ အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲအခမ်းနားကျင်းပခြင်း




ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန အာရှစက်ဘီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပပြီး မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပသော (၂၀၁၈)ခုနှစ်၊ အာရှတာဝေး စက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ (၈)ရက်နေ့တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှေ့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတက်ရောက် အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

၄င်းပြိုင်ပွဲကို အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် စင်ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မလေးရှား၊ တရုတ်၊ ဟောင်ကောင်၊ ဂျပန်၊ ကိုရီးယား၊ တရုတ် (တိုင်ပေ)၊ အိန္ဒိယ၊ အီရန်၊ U.A.E၊ ဘာရိန်၊ မွန်ဂိုလီးယား၊ ဂျော်ဒန်၊ တာဂျစ်ကစ္စတန်၊ ကာဇက်စတန်၊ မကာအိုနှင့် ဆီးရီးယားနိုင်ငံတို့မှ စုစုပေါင်း ပြိုင်ပွဲဝင် အားကစားသမား (၄၁၅)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။

## B.Sc (Sports) သိပ္ပံဘွဲ့ ရရှိသော ကျောင်းသား/သူများနှင့် တွေ့ဆုံခြင်း



၂၀၁၇-၂၀၁၈ခုနှစ်၊ ပညာသင်နှစ်တွင် ဒဂုံတက္ကသိုလ်တို့မှ B.Sc(Sports) သိပ္ပံဘွဲ့ (အားကစားပညာ) ရရှိသော ဘွဲ့ရကျောင်းသား/သူများအား အလုပ်အကိုင် အခွင့်အလမ်း ရရှိစေရေးနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တွေ့ဆုံ လမ်းညွှန်မှု အခမ်းအနားကို ဖေဖော်ဝါရီလ (၂၂)ရက်နေ့ ရုံးအမှတ် (၃၁) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

## ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဝတ္တုတို၊ ဆောင်းပါး၊ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း



၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဝတ္တုတို၊ ဆောင်းပါး၊ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် အတက်ကြွဆုံးလှုပ်ရှားပါဝင်ခဲ့သည့် မြို့နယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ (၂၆)ရက်နေ့တွင် နေပြည်တော်၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁)ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့စည်ပင်သာယာရေးဝန်ကြီးဒေါ်ညွှန့်ညွှန့်ဌေး၊ ကယားပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဝတ္တုတိုဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ ဖိတ်ကြားထားသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အမှုထမ်း၊ အရာထမ်းများတက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့သည်။

## အားကစားနှင့် ကာယပညာဦးစီးဌာနရှိ အားကစားဆေးဘက်ဆိုင်ရာဌာနခွဲမှ ဆရာဝန်များနှင့် တွေ့ဆုံခြင်း



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးမှ အားကစားနှင့်ကာယပညာဦးစီးဌာနရှိ အားကစားဆေးဘက်ဆိုင်ရာ ဆရာဝန်များနှင့် တွေ့ဆုံလမ်းညွှန်မှာကြားခြင်း အခမ်းအနားကို မတ်လ (၂၆)ရက်နေ့တွင် နေပြည်တော်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရုံးအမှတ် (၃၁) အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးက “အားကစားလောကအတွက် အားကစားဆေးဘက်ဆိုင်ရာပညာရပ်များဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာဝန်များသည် အကောင်းဆုံး ဝန်ဆောင်မှုပေး၍ အားကစားဘက်တွင် ရေရှည်တာဝန်ထမ်းဆောင်နေသူများ ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်နေသော ဆရာဝန်များအနေဖြင့် မိမိပညာအရည်အချင်းများ အစဉ်အမြဲ တိုးတက်စေရန် ဆေးပညာရပ်များကို အမြဲဆည်းပူးလေ့လာနေရန်နှင့် နိုင်ငံတကာသို့ အားကစားဆေးဘက်ဆိုင်ရာ ပညာရပ်များ လေ့လာနိုင်ရေး၊ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးနှင့်အတူ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ၊ အားကစားဆေးဘက်ဆိုင်ရာ ဆရာဝန်များ တက်ရောက်ခဲ့ကြပါသည်။

## မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း



မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ (National Sport Seminar) ကို မတ်လ (၂၈)ရက်နေ့နှင့် (၂၉) ရက်နေ့များတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့ တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် "မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် သမိုင်းဝင်မှတ်တိုင်တစ်ခုသဖွယ်ဖြစ်၍ မြန်မာနိုင်ငံ၏ အားကစားဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲဖြစ်ကြောင်း၊ တက်ရောက် ဆွေးနွေးကြမည့် စာတမ်းရှင်များနှင့် သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ကြမည့်သူများသည် အားကစားလောကတွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသူများဖြစ်ကြပြီး တက်ရောက်လာသူအားလုံးမှ မြန်မာ့အားကစားလောက တိုးတက်စေရေးအတွက် ဆွေးနွေးရာတွင် အားမနာတမ်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်း" ပြောကြားခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြင့်ထွေး၊ ဒေါက်တာမျိုးသိမ်းကြီးနှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ သဘာပတိအဖြစ် ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များ၊ မြန်မာ့အားကစားအဖွဲ့ချုပ်အသီးသီးမှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တိုင်း၊ ခရိုင်/မြို့နယ် အားကစားမှူးများ၊ အားကစား ဆပ်ကော်မတီဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

## ၂၀၁၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပခြင်း

၁၈၉၄ ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့မှ စတင်ကာ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီကို စတင်ဖွဲ့စည်းပြီး နှစ်စဉ် ဇွန်လ (၂၃) ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ကို ဂုဏ်ပြုသောအားဖြင့် အဖွဲ့ဝင်နိုင်ငံအသီးသီးက အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်လေ့ရှိပါသည်။

ဇွန်လ (၁၇) ရက်နေ့တွင် ရန်ကုန်မြို့၊ အနော်ရထာ မြင်းပြိုင်ကွင်းလမ်း ကျိုက္ကဆံကွင်းဂိတ်အမှတ် (၉) ၌ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၁၈ခုနှစ်၊အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အားကစားမောင်/မယ်များ၊ အားကစားနည်းပြဆရာများ၊ ကျောင်းသား/ ကျောင်းသူများ၊ မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ဝင်များ၊ ရန်ကုန်ပညာရေးကောလိပ်မှ သင်တန်းသား/သင်တန်းသူများ၊ ပြည်သူများ စုစုပေါင်းအင်အား (၂၀၀၀)




ကျော်ခန့် စုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ အားကစားအဖွဲ့ချုပ်များသည် အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများအဖြစ် အားကစားနည်း (၃၄) မျိုးကို သတ်မှတ်ထားသော အားကစားကွင်း/ အားကစားရုံများ၌ မတ်လ (၂၇) ရက်နေ့မှ ဇူလိုင်လ (၁) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

## သက်ကြီးဝါရင့် အားကစားကလောင်ရှင်ကြီးများအား ဂါရဝပြုကန်တော့ပွဲ အခမ်းအနားကျင်းပခြင်း



အသက် (၇၀)နှစ်အထက် သက်ကြီးဝါရင့်အားကစား ကလောင်ရှင်ကြီးများအား ဂါရဝပြုကန်တော့ပွဲ အခမ်းအနားကို ဇွန်လ (၂၃)ရက်နေ့တွင် ရန်ကုန်မြို့၊ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၊ ပတ္တမြားခန်းမ၌ကျင်းပရာ ကျန်းမာရေးနှင့် အားက စားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက် ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးက “အားကစား စာပေလောကတွင် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေသည့် အားကစား စာပေများကို နှစ်ပေါင်းများစွာရေးသားခဲ့သည့် သက်ကြီး အားကစား ကလောင်ရှင်ကြီးများ၏ စွမ်းဆောင်မှုကို အသိအမှတ် ပြုပါကြောင်း၊ အားကစားစာပေများကို ဖတ်ရှုခြင်းဖြင့် အားက စားသမားများတွင် အနိုင်မခံအရှုံးမပေးစိတ်များလည်း ရရှိလာ နိုင်မည်ဖြစ်ကြောင်း” ဂါရဝပြုပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအားကစားကလောင်ရှင်များ မီဒီယာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးမိုးကျော်က ကန်တော့ပွဲအခမ်းအနား ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စု ဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိ သူများနှင့် အခမ်းအနားတက်ရောက်လာသူများက အသက် (၇၀)နှစ်အထက် သက်ကြီးဝါရင့် အားကစားကလောင်ရှင် (၃၇)ဦး တို့အား ကန်တော့ခံပစ္စည်းများဖြင့် ကန်တော့ခဲ့ကြပါသည်။

## 37th OCA General Assembly သို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ တက်ရောက်ခြင်း



မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားက စားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တို့ သည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ဩဂုတ်လ (၁၉) ရက် နေ့၌ ကျင်းပပြုလုပ်သော 37th OCA General Assembly သို့ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးသို့ OCA ဥက္ကဋ္ဌ SHEIKH AHMAD ALFAHAD နှင့် အာရှ OCA အဖွဲ့ဝင်နိုင်ငံ (၄၅) နိုင်ငံမှ NOC ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ IOC မှအဖွဲ့ဝင်များ၊ OCA အောက်ရှိ Standard ကော်မတီ(၁၄) ခုမှ အဖွဲ့ဝင်များ တက်ရောက်ကြပါသည်။ အစည်းအဝေးတွင် OCA ဥက္ကဋ္ဌက ဦးဆောင်ကျင်းပ၍ အဖွင့်အမှာစကား ပြောကြား ခဲ့ပါသည်။ တက်ရောက်လာကြသည့်နိုင်ငံများက၂၀၂၀ ဂျပန်နိုင်ငံ၊ တိုကျို Olympic Games၊ ၂၀၂၀ တရုတ်နိုင်ငံ၊ Sanya Asian Beach Games၊ ၂၀၂၂ Beijing Winter Olympic Games နှင့် တရုတ်နိုင်ငံ Hangzhou တွင် ၂၀၂၂ 19th Asian Games အောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ပြီး အတည်ပြုခဲ့ကြပါသည်။

ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က IOC နှင့် OCA အဖွဲ့ဝင်များအကြား အားကစားအဖွဲ့အစည်းမှခေါင်းဆောင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်သည့် အကြံပြုချက်များ၊ ပူးပေါင်းဆောင် ရွက်မှုများ၊ အခြားလိုအပ်ချက်များ အကူအညီရရှိစေရေးကိစ္စရပ် များကို ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဆွေးနွေးခဲ့ကြပါသည်။

## ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ (၅) ရက်နေ့တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားလက်ဝှေ့ရုံ၌ ကျင်းပ ပြုလုပ်ရာမြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြလေးစိန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ အမျိုးသားလွှတ်တော်ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ အဖွဲ့ဝင်များ၊ ဒုတိယ အမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူ များ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ချစ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများတက် ရောက်ကြပါသည်။

အမျိုးသား (၅၆)ကီလိုတန်း၊ (၆၂)ကီလိုတန်း၊ (၆၉) ကီလိုတန်း၊ (၇၇)ကီလိုတန်း၊ (၈၅)ကီလိုတန်း၊ (၉၄)ကီလိုတန်း၊ (၁၀၅)ကီလိုတန်း၊ (+၁၀၅)ကီလိုတန်းနှင့် အမျိုးသမီး (၄၈) ကီလို တန်း၊ (၅၃)ကီလိုတန်း၊ (၅၈)ကီလိုတန်း၊ (၆၃)ကီလိုတန်း၊ (၆၉) ကီလိုတန်း၊ (၇၅)ကီလိုတန်း၊ (၉၀)ကီလိုတန်း၊ (+၉၀)ကီလိုတန်း ပြိုင်ပွဲများကို အမျိုးသား (၁၃)သင်း၊ အမျိုးသမီး(၈)သင်းတို့မှ အားကစားသမား စုစုပေါင်း(၉၂)ဦး ဖြင့် (၅.၉.၂၀၁၈) ရက်နေ့မှ (၇.၉.၂၀၁၈)ရက်နေ့အထိ ဝဏ္ဏသိဒ္ဓိအားကစားလက်ဝှေ့ရုံတွင် ယှဉ်ပြိုင်ကစားခဲ့ကြပါသည်။

## "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး" (Exercise is Medicine) Healthy Myanmar အားကစားလှုပ်ရှားမှုကျင်းပခြင်း

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သည် စက်တင်ဘာလ (၁၃) ရက်နေ့တွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ကျင်းပပြုလုပ်သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီး အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ကျင်းပသော "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး" (Exercise is Medicine) Healthy Myanmar အားကစား လှုပ်ရှားမှု အခမ်းအနားကို တက်ရောက်၍ အဖွင့်အမှာစကားပြော ကြားခဲ့ပါသည်။



ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ တွင် "ယခုလိုလှုပ်ရှားမှုများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ်သည်ရန်ကုန်တိုင်းဒေသကြီး၌၂၀၁၈ခုနှစ်တွင် ဦးစွာစတင် နိုင်ခဲ့ပါကြောင်း၊ ငယ်စဉ် ကျောင်းသား/ကျောင်းသူအရွယ်မှစ၍ ကိုယ်လက်လှုပ်ရှား အားကစားများပြုလုပ်ပါက ပိုမိုအကျိုးရှိ ထိရောက်မည်ဖြစ်၍ မိမိ၏သား/သမီးများ၊ တူ/တူမများကို အား ကစားပြုလုပ်ရန် တိုက်တွန်းမှာကြား ပေးစေလိုကြောင်း" ပြော ကြားပြီး အခမ်းအနားအား ဖွင့်လှစ်ပေးခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ ပြည်ထောင်စု ဝန်ကြီးများ၏ ဇနီးများ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ ချုပ်မှတာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း၊ အမှု ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် စုပေါင်းကိုယ်လှုပ်အားကစားလှုပ်ရှားမှုများဖြစ်သော Myanmar Fitness Dance လေ့ကျင့်ခန်းများကို ပြုလုပ်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် ပွင့်လင်းမြင်သာစွာ တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်း




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် အောက်တိုဘာလ (၁၃) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ မြန်မာ့အားကစား လောကယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် ပွင့်လင်းမြင်သာစွာ တွေ့ဆုံညှိနှိုင်း ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် "ဝန်ကြီးဌာနအနေဖြင့် အားကစားသမားများ လေ့ကျင့်မှု ပိုမိုကောင်းမွန်ရန်နှင့် အောင်မြင်မှုများ ပိုမိုရရှိစေရန်အတွက် အထူးအရေးကြီးသည့် အာဟာရဖွံ့ဖြိုးရေးကိစ္စရပ်များကို အထူး အလေးထား၍ အရှိန်အဟုန်ဖြင့် စီမံချက် ရေးဆွဲဆောင်ရွက်လျက် ရှိကြောင်း၊ အမျိုးသားအားကစားမူဝါဒ (National Sports Policy) တစ်ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် အထူးလိုအပ်လျက်ရှိနေကြောင်း" ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များက ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် (၄၅)ဖွဲ့မှ ဥက္ကဋ္ဌများ၊ ဒုဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

## ကမ္ဘာ့ပိုလီယိုကင်းစင်ရေးနေ့အထိမ်းအမှတ် စုပေါင်းလူထုစက်ဘီးစီးနင်းပွဲကျင်းပခြင်း

အောက်တိုဘာ (၂၄) ရက်နေ့တွင် ကျရောက်သည့် ဆဋ္ဌမအကြိမ်မြောက် ကမ္ဘာ့ပိုလီယိုနေ့ အထိမ်းအမှတ် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို နံနက်(၆)နာရီတွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးတွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မြန်မာပြည်ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost၊ ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့မှ မြန်မာပြည်ဌာနေကိုယ်စားလှယ် Ms. June Kunugi Myanmar Polio Plus committee ဥက္ကဋ္ဌ Rotary Club မှ ဒေါ်စန္ဒီလွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် စက်ဘီးစီး အားကစားဝါသနာရှင်(၈၀၀)ကျော် တက်ရောက်ပါဝင်ဆင်နွှဲကြသည်။




မြန်မာနိုင်ငံတွင် ပိုလီယိုကာကွယ်ဆေး(တိုက်ဆေး)ကို (၁၉၈၂)ခုနှစ်မှ စတင်၍ တိုက်ကျွေးခဲ့ပြီး ပိုလီယိုကာကွယ်ဆေး(ထိုးဆေး)ကို ၂၀၁၅ ခုနှစ်တွင် စတင်ထိုးနှံပေးခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါကင်းစင်ပပျောက်သည့် အခြေအနေကို ရောက်ရှိခဲ့ပြီး အဆိုပါအခြေအနေကို ထိန်းသိမ်းရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## (၅)နိုင်ငံဖိတ်ခေါ် Criterium Bike Race 2018 စက်ဘီးပြိုင်ပွဲနှင့် ငြိမ်းချမ်းရေးအထိမ်းအမှတ် လူထုစက်ဘီးစီးပွဲတော်ကျင်းပခြင်း



အားကစားနှင့် ကာယပညာဦးစီးဌာန၊ အာရှစက်ဘီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ပူးပေါင်း၍ ကျင်းပသည့် (၅)နိုင်ငံဖိတ်ခေါ် Criterium Bike Race 2018 စက်ဘီးပြိုင်ပွဲနှင့် ငြိမ်းချမ်းရေးအထိမ်းအမှတ် လူထုစက်ဘီးစီးပွဲတော်ကို နိုဝင်ဘာလ(၁၁)ရက်နေ့တွင် မန္တလေးမြို့ကျုံး မြောက်ဘက် (၁၂)လမ်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

နံနက်(၆)နာရီခွဲတွင် ငြိမ်းချမ်းရေးအထိမ်းအမှတ် လူထုစက်ဘီးစီးပွဲတော်ကို မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မန္တလေးမြို့တော်ဝန်က သေနတ်ပစ်ဖောက် တာလွှတ်ပေးရာ မန္တလေးတိုင်းဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် စက်ဘီးစီးဝါသနာရှင် (၄၀၀)ကျော်တို့သည် တစ်ပတ်တစ်ပါး ပါဝင်ဆင်နွှဲစီးနင်းခဲ့ကြပါသည်။

ဆက်လက်၍ အသက်(၁၉)နှစ်အောက်နှင့် အသက် (၂၃) နှစ်အောက် (၅)နိုင်ငံဖိတ်ခေါ် Criterium Bike Race 2018 စက်ဘီးပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ပါသည်။ ဆက်လက်၍ ပြည်တွင်းအားကစားသမားများ သီးသန့်ပါဝင် ယှဉ်ပြိုင်ရသော အသက် (၄၀)နှစ် အောက်နှင့် အသက်(၄၀)နှစ်အထက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ပါသည်။

## (၂၀၁၈) ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုကာကွယ် ထိန်းသိမ်းရေးနေ့ အကြိုလမ်းလျှောက်ခြင်းနှင့် ကိုယ်ကာယလေ့ကျင့်ခန်းအခမ်းအနားကျင်းပပြုလုပ်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် နိုဝင်ဘာ (၁၄)ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ဆီးချိုသွေးချို ကာကွယ် ထိန်းသိမ်းရေးနေ့ အကြိုလမ်းလျှောက်ခြင်းနှင့် ကိုယ်ကာယလေ့ကျင့်ခန်း အခမ်းအနားကို နိုဝင်ဘာလ (၁၃) ရက်နေ့တွင် နေပြည်တော်၊ MICC II ခန်းမရှေ့တွင် အခြေပြု၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

လမ်းလျှောက်ခြင်း အခမ်းအနားအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E Mr. John Nielsen တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။



အဆိုပါအခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဆေးရုံအုပ်ကြီးများနှင့် အရာထမ်း/ အမှုထမ်းများ၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ Myanmar Diabetes Care Program မှတာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုစုစုပေါင်းလူအင်အား (၁၇၀၀)ခန့် ပါဝင်ဆင်နွှဲခဲ့ကြပါသည်။

## ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒီဇင်ဘာလ ဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပခြင်း

"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစား လောကအဆင့်အတန်းမြင့်မားစေရန် ရည်ရွယ်၍ ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှုများ" အဖြစ် ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်း လူထုစုပေါင်းလမ်းလျှောက်ပွဲများကို နိုင်ငံတစ်ဝှမ်းလုံးရှိ အမြို့မြို့အနယ်နယ်များတွင် ကျင်းပပြုလုပ်လျက်ရှိပါသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းများ၊ လုပ်သားပြည်သူများ၏ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ (၈) ရက်နေ့တွင် နေပြည်တော် မြို့မဈေးရှေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ အမြဲတမ်းအတွင်းဝန်ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ အမြဲတမ်းအတွင်းဝန်ဒေါက်တာသာထွန်းကျော်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ထမ်းများနှင့် နေပြည်တော်ရှိ လုပ်သားပြည်သူများ စုစုပေါင်းအင်အား (၈,၁၂၀) ဦးခန့် တစ်ပျော်တစ်ပါး စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြပါသည်။

ထို့နောက် လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများသည် မဏိရတနာကျောက်စိမ်းခန်းမရှေ့၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး အတွဲ(၁)၊ (၂)နှင့် Free Hand Exercise လေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ခဲ့ကြပါသည်။



## 2018, POCARI SWEAT RUN မာရသွန်အပြေးပြိုင်ပွဲကျင်းပခြင်း




"RUN for HEALTH, RUN TOGETHER" ဆောင်ပုဒ်နှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် POCARI SWEAT RUN Co.,Ltd တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၈ ခုနှစ် POCARI SWEAT RUN မာရသွန်ပြိုင်ပွဲကို ဒီဇင်ဘာလ(၁၆)ရက်နေ့တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ပြေးခုန်ပစ်လေ့ကျင့်ရေး ကွင်းအမှတ်(၁)၌ ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် POCARI SWEAT မှ တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမား (၄၅၀၀၀) ရှေ့သို့ လေဘူးပေါင်းများပစ်ပေး၍ ပြိုင်ပွဲအား စတင်ကျင်းပ ဖွင့်လှစ်ပေးခဲ့ပါသည်။ ဝန်ကြီးချုပ်က (၂၁)ကီလိုမီတာ မာရသွန် အပြေးပြိုင်ပွဲအားလည်းကောင်း၊ ဒုတိယဝန်ကြီးက (၁၀)ကီလိုမီတာ မာရသွန် အပြေးပြိုင်ပွဲအားလည်းကောင်း၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဌေးအောင်က (၆)ကီလိုမီတာ မီနီမာရသွန် အပြေးပြိုင်ပွဲအားလည်းကောင်း အသီးသီး စတင်တာလွှတ်ပေးခဲ့ကြသည်။

# (၂၀၁၈) ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်းဆောင်ရွက်ခဲ့သည့် အစည်းအဝေး/အလုပ်ရုံဆွေးနွေးပွဲ/သင်တန်းများ

## ပြည်သူ့ကျန်းမာရေးဦးစီးဌာန

### ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | (၂၀၁၈)ခုနှစ် ဒုတိယ(၃)လပတ်အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၄၀) ဦး |
| ၂ | ဦးတည်အုပ်စုများအတွင်း အိပ်ချ်အိုင်ဗွီ(HIV)ပိုးကူးစက်ဖြစ်ပွားမှုအခြေအနေကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုခြင်း သုတေသနလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၅၅) ဦး |
| ၃ | အာဆီယံမြို့ကြီးများ၌ အိပ်ချ်အိုင်ဗွီ(HIV)ပိုးကင်းစင်ရေး ဒေသဆိုင်ရာအစည်းအဝေး | အစည်းအဝေး | (၁၉၅) ဦး |
| ၄ | အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အစိုးရဆေးရုံဆေးခန်းများနှင့် ပုဂ္ဂလိကဆေးရုံဆေးခန်းများ ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၁၂၄) ဦး |
| ၅ | Getting to Zero Regional Consultation Meeting | အစည်းအဝေး | (၁၉၅) ဦး |
| ၆ | အိပ်ချ်အိုင်ဗွီ(HIV)ရောဂါပိုးနှင့်ပတ်သက်၍ အစိုးရပုဂ္ဂလိကမိတ်ဖက်ဆိုင်ရာ နိုင်ငံတော်အဆင့် ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၁၂၄) ဦး |
| ၇ | မိခင်မှသန္ဓေသားသို့ အိပ်ချ်အိုင်ဗွီ(HIV)ပိုးကူးစက်ခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်း ပြန်လည်သုံးသပ်သည့် အစည်းအဝေး | အစည်းအဝေး | (၁၃၇) ဦး |
| ၈ | မိခင်မှသန္ဓေသားသို့အိပ်ချ်အိုင်ဗွီ(HIV)ပိုးကူးစက်ခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး | အစည်းအဝေး | (၃၃) ဦး |
| ၉ | ဆေးနှင့်ဆေးပစ္စည်းလစဉ်အသုံးပြုမှု၊ ဆေးဝါးပစ္စည်းလုံလောက်မှု၊ ပြတ်တောက်မှုနှင့် ထပ်မံ လိုအပ်မှုအခြေအနေများအား စီမံခန့်ခွဲမှုဆိုင်ရာသင်တန်း (ဗဟိုအဆင့်) | သင်တန်း | (၃၀) ဦး |
| ၁၀ | အိပ်ချ်အိုင်ဗီ(HIV)ပိုး တားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့အစည်းအဝေး | အစည်းအဝေး | (၂၈) ဦး |
| ၁၁ | Workshop for AEM Exercise for national and sub-national level in Myanmar | အစည်းအဝေး | (၁၁) ဦး |
| ၁၂ | လက်ထောက်ဆရာဝန်များအတွက် ART ကုထုံးစီမံခန့်ခွဲမှုဆိုင်ရာသင်တန်း | သင်တန်း | (၄၃) ဦး |
| ၁၃ | ပြည်နယ်နှင့်တိုင်းများမှ လက်ထောက်ဆရာဝန်များနှင့် HIV Focal ဆောင်ရွက်နေသူများအတွက် ART ကုထုံးစီမံခန့်ခွဲမှုဆိုင်ရာသင်တန်း (အောက်တိုဘာ၊ နိုဝင်ဘာလ) | သင်တန်း | (၇၂) ဦး |
| ၁၄ | ပြည်နယ်နှင့်တိုင်းများမှ လက်ထောက်ကျန်းမာရေးမှူးများနှင့် သူနာပြုများအတွက် ART ကုထုံးစီမံခန့်ခွဲမှုဆိုင်ရာသင်တန်း | သင်တန်း | (၄၂) ဦး |
| ၁၅ | အိပ်ချ်အိုင်ဗွီ(HIV)ပိုး ကာကွယ်တားဆီးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၉၄) ဦး |
| ၁၆ | ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက် နှစ်ပတ်လည် လုပ်ငန်းဆန်းစစ်အစည်းအဝေး | အစည်းအဝေး | (၈၂) ဦး |
| ၁၇ | Global Fund နှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ (Work Plan) ကြိုတင်ပြင်ဆင်ရေး ဆွဲရေးအစည်းအဝေး | အစည်းအဝေး | (၉၃) ဦး |
| ၁၈ | သမားတော်များနှင့်ကလေးအထူးကုဆရာဝန်များအတွက် ARTကုထုံး စီမံခန့်ခွဲမှုဆိုင်ရာသင်တန်း | သင်တန်း | (၄၈) ဦး |

### အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | အကျဉ်းထောင်များအတွင်း တီဘီရောဂါစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၀) ဦး |
| ၂ | ပုဂ္ဂလိကဆေးရုံနှင့်ဆေးခန်းများမှကုသသည့် တီဘီလူနာတိုင်းအား တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းသို့ အစီရင်ခံစာပေးပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၅၀) ဦး |

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၃ | ပုဂ္ဂလိကဆေးရုံ/ဆေးခန်းများ၊ နီးနွယ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုမှ တီဘီရောဂါ ရှာဖွေကုသမှုနှင့်ပတ်သက်၍ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းသို့ မဖြစ်မနေ သတင်းပေးပို့ရန်အတွက် အသိပေးခြင်းအခမ်းအနား | အခမ်းအနား | (၁၀၀) ဦး |
| ၄ | အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် တီဘီရောဂါတိုက်ဖျက်ရေး စီမံခန့်ခွဲမှုသင်တန်း (ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ) | သင်တန်း | (၁,၅၆၀) ဦး |
| ၅ | အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် ဆေးယဉ်ပါးတီဘီရောဂါတိုက်ဖျက်ရေး စီမံခန့်ခွဲမှု သင်တန်း (မတ်၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလ) | သင်တန်း | (၄၈၅) ဦး |
| ၆ | ပြည်သူလူထုအတွင်း တီဘီ၊ ဆေးယဉ်ပါးတီဘီရောဂါဆိုင်ရာ လှုံ့ဆော်အသိပညာပေး လုပ်ငန်းများတွင် ကဏ္ဍစုံရှိအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၁၀၀) ဦး |
| ၇ | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရှိတီဘီအကြံပေးပုဂ္ဂိုလ်များ၏ အရည်အသွေးတိုးတက်ရေးဆိုင်ရာသင်တန်း | သင်တန်း | (၃၀) ဦး |
| ၈ | ပြည်သူလူထုအခြေပြု တီဘီရောဂါစောင့်ရှောက်မှုသင်တန်း | သင်တန်း | (၈၉) ဦး |
| ၉ | တီဘီရောဂါနှင့်ဆီးချိုရောဂါ ဒွန်တွဲဖြစ်ပွားမှုနှုန်းကိုသိရှိနိုင်ရေးနှင့် ကုသရေးနည်းလမ်းများဆိုင်ရာ လုပ်ငန်းလမ်းညွှန်ရေးဆွဲရေး အစည်းအဝေး | အစည်းအဝေး | (၃၀) ဦး |
| ၁၀ | အမျိုးသားအဆင့် ဆေးယဉ်ပါးတီဘီကျွမ်းကျင်ပညာရှင်များ အဖွဲ့အစည်းအဝေး (မတ်၊ ဇူလိုင်၊ အောက်တိုဘာလ) | အစည်းအဝေး | (၁၄၇) ဦး |
| ၁၁ | တီဘီနည်းပညာရှင်များအဖွဲ့အစည်းအဝေး | အစည်းအဝေး | (၆၀) ဦး |
| ၁၂ | Global Fund နှင့် 3MDG ရန်ပုံငွေများဖြင့်ဆောင်ရွက်ခဲ့သည့် တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများအား ပြန်လည်သုံးသပ်ဆန်းစစ်ဆွေးနွေးပွဲ (မတ်၊ ဇွန်၊ စက်တင်ဘာလ) | ဆွေးနွေးပွဲ | (၁၈၀) ဦး |
| ၁၃ | ဓာတ်ခွဲဝန်ထမ်းများအတွက် သလိပ်မှန်ဘီလူးကြည့်ဓာတ်ခွဲသင်တန်း | သင်တန်း | (၂၀) ဦး |
| ၁၄ | အချိန်အဟုန်မြင့်တီဘီရောဂါရှာဖွေခြင်းလုပ်ငန်းများ (TB ACF) ၏ နှစ်ပတ်လည် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၇၀) ဦး |
| ၁၅ | (၁၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေး | အစည်းအဝေး | (၈၀) ဦး |
| ၁၆ | နိုင်ငံတစ်ဝှမ်း တီဘီရောဂါစစ်တမ်းကောက်ယူခြင်း (National TB Prevalence Survey) ၏ နှစ်ဝက်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ဆန်းစစ်ဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၄၉) ဦး |
| ၁၇ | တီဘီနှင့်ခုခံကျ/ကာလသား အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် တီဘီနှင့်အိပ်ချ်အိုင်ဗွီ ဒွန်တွဲဖြစ်ပွားမှုတိုက်ဖျက်ရေးသင်တန်း (မေ၊ ဇူလိုင်၊ အောက်တိုဘာ၊ နိုဝင်ဘာလ) | သင်တန်း | (၂၈၅) ဦး |
| ၁၈ | Gene Xpert စက်ဖြင့် တီဘီရောဂါရှာဖွေရာ၌ အသိပေးခြင်းဆိုင်ရာသင်တန်း | သင်တန်း | (၅၂) ဦး |
| ၁၉ | ခရိုင်အဆင့် အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် တီဘီရောဂါတိုက်ဖျက်ရေးစီမံခန့်ခွဲမှု သင်တန်း | သင်တန်း | (၃၂) ဦး |
| ၂၀ | HIVလူနာများ၌ TBရောဂါရှိ/မရှိရှာဖွေရာ၌ စောလျင်စွာသိရှိနိုင်သည့် နည်းပညာဆိုင်ရာသင်တန်း | သင်တန်း | (၄၂) ဦး |
| ၂၁ | တီဘီဓာတ်ခွဲခန်းများ၏ နည်းစနစ်ပိုင်းဆိုင်ရာကဏ္ဍများတွင် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံ ဆွေးနွေးပွဲ | (၂၇) ဦး |
| ၂၂ | ဆေးယဉ်ပါးတီဘီဆေးဝါးများဆိုင်ရာ ဆွေးနွေးညှိနှိုင်းခြင်း အစည်းအဝေး | အစည်းအဝေး | (၂၂) ဦး |
| ၂၃ | ရင်ခေါင်းတီဘီဓာတ်မှန်ကြည့် (Chest X-ray) လုပ်ငန်းများ၏ အရည်အသွေး ပိုမိုကောင်းမွန်ရေးဆိုင်ရာသင်တန်း | သင်တန်း | (၃၀) ဦး |
| ၂၄ | အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း (NTP) နှင့် Challenge TB Project တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၃၀) ဦး |
| ၂၅ | တီဘီနှင့်ဆီးချိုဒွန်တွဲဖြစ်ပွားနှုန်းသိရှိနိုင်ရန်နှင့် ကုသမှုနည်းလမ်းများဆိုင်ရာသင်တန်း | သင်တန်း | (၅၀) ဦး |
| ၂၆ | ပြည်သူလူထုအတွင်း ဆေးယဉ်ပါးတီဘီရောဂါနှင့် ပတ်သက်သည့် အသိပညာ၊ ဗဟုသုတ ရှိ/မရှိနှင့် စပ်လျဉ်း၍ လေ့လာထားသည့် အချက်အလက်များအားတင်ပြသည့် ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၃၁) ဦး |
| ၂၇ | တီဘီဓာတ်ခွဲဝန်ထမ်းများ နိုင်ငံတကာအဆင့် ISO အသိအမှတ်ပြုလက်မှတ်ရရှိစေရန်ရည်ရွယ်သည့် ရှေးဦးသူနာပြုသင်တန်း | သင်တန်း | (၂၆) ဦး |

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၂၈ | ဆေးယဉ်ပါးတီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံ ဆွေးနွေးပွဲ | (၁၄၃) ဦး |
| ၂၉ | DHIS-2 Software electronics စနစ်ဖြင့် တီဘီရောဂါဆိုင်ရာ Data များကို အသုံးပြုခြင်းသင်တန်း | သင်တန်း | (၁၆) ဦး |
| ၃၀ | ဆေးယဉ်ပါးတီဘီရောဂါဆိုင်ရာ Data များကို Computer အသုံးပြု၍ စာရင်းပြုစုခြင်းလုပ်ငန်းများအား ပြန်လည်ဆန်းစစ်ခြင်း | အစည်းအဝေး | (၅၀) ဦး |
| ၃၁ | သုံးလပတ်အစီရင်ခံစာများအား DHIS-2 စနစ်တွင် Mobile Tablet များဖြင့် စာရင်းပြုစုခြင်းဆိုင်ရာသင်တန်း | သင်တန်း | (၄၀) ဦး |
| ၃၂ | တီဘီရောဂါဆိုင်ရာ Data များကို Tablet များအသုံးပြု၍ electronicsစနစ်ဖြင့် အသုံးပြုနည်းသင်တန်း | သင်တန်း | (၈၈) ဦး |
| ၃၃ | တီဘီလူနာနှင့်အတူနေသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းဆိုင်ရာလုပ်ငန်းလမ်းညွှန် သင်တန်း | သင်တန်း | (၆၀) ဦး |
| ၃၄ | အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းနှင့် Save the Children အဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၀) ဦး |
| ၃၅ | NTP/SRs/ UNOPS တို့၏ Regional TB Grant အတွက် အသေးစိတ် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်ရေးဆွဲခြင်းနှင့် ဘဏ္ဍာရေးတွက်ချက်မှုလုပ်ငန်းများဆိုင်ရာ အစည်းအဝေး | အစည်းအဝေး | (၁၇) ဦး |
| ၃၆ | ဓာတ်ခွဲဝန်ထမ်းများအတွက်တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ ဓာတ်ခွဲသင်တန်း | သင်တန်း | (၄၄) ဦး |
| ၃၇ | တီဘီရောဂါရှာဖွေရာ၌ အသုံးပြုသည့် GxAlert System ဆိုင်ရာ အစည်းအဝေး | အစည်းအဝေး | (၃၅) ဦး |
| ၃၈ | (၂၀၁၇)ခုနှစ် နှစ်ပတ်လည် တီဘီဓာတ်ခွဲဆိုင်ရာလုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ | အစည်းအဝေး | (၁၀၀) ဦး |
| ၃၉ | (၂၀၁၇)ခုနှစ်အတွက် တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ နှစ်ပတ်လည် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ | အစည်းအဝေး | (၁၅၀) ဦး |
| ၄၀ | (၂၀၁၇)ခုနှစ်အတွက် ပြည်သူ့ဆေးရုံကြီးများတွင်ဆောင်ရွက်ခဲ့သည့် တီဘီရောဂါ တိုက်ဖျက်ရေးဆိုင်ရာ နှစ်ပတ်လည် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ | အစည်းအဝေး | (၇၇) ဦး |
| ၄၁ | (၂၀၁၇-၂၀၁၈)ခုနှစ် နိုင်ငံတစ်ဝှမ်းတီဘီရောဂါ စစ်တမ်းကောက်ယူရရှိသည့်စာရင်းများ နောက်ဆုံး ပြန်လည် ဆန်းစစ်ခြင်း အစည်းအဝေး | အစည်းအဝေး | (၂၀) ဦး |
| ၄၂ | (၂၀၁၇)ခုနှစ်အတွက် ဆေးယဉ်ပါးတီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ နှစ်ပတ်လည်လုပ်ငန်းဆန်းစစ် ဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၁၀၀) ဦး |
| ၄၃ | မြန်မာ-ထိုင်းနယ်စပ်မြို့များတွင် တီဘီ၊ ဆေးယဉ်ပါးတီဘီနှင့် တီဘီ/အိပ်ချ်အိုင်ဗွီရောဂါတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများအား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၃၈) ဦး |
| ၄၄ | တီဘီဆေးနှင့် ဆေးပစ္စည်းများအတွက် computer အသုံးပြု၍ တွက်ချက်ရသည့် mSupply System အား ပြန်လည်ဆန်းစစ်ဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၅၀) ဦး |

## ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ဆင်ခြေထောက်ရောဂါကင်းဝေးရေးအတွက် လူအားလုံး သံချဆေးပေါင်းတိုက်ကျွေးခြင်းလုပ်ငန်း အသိပေးဆွေးနွေးခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၇၅) ဦး |
| ၂ | ဗဟိုရပကန သုံးလပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၇၅) ဦး |
| ၃ | ငှက်ဖျားမှန်ဘီလူးကြည့်နှင့် ဓာတ်ခွဲသင်တန်း | သင်တန်း | (၂၀) ဦး |
| ၄ | ဗဟိုရပကနဝန်ထမ်းများ စွမ်းရည်မြှင့်သင်တန်း | သင်တန်း | (၅၀) ဦး |
| ၅ | ငှက်ဖျားလူနာစာရင်းမှတ်တမ်းတင်ခြင်းသင်တန်း | သင်တန်း | (၆၃) ဦး |
| ၆ | Quantum Geographic Information System (QGIS) သင်တန်း | သင်တန်း | (၃၀) ဦး |
| ၇ | mSupply Software သင်တန်းနှင့် ဆေးနှင့်ဆေးပစ္စည်းများဆိုင်ရာ စာရင်းအင်း စီမံခန့်ခွဲမှု သင်တန်း (မတ်၊ စက်တင်ဘာလ) | သင်တန်း | (၁၀၀) ဦး |

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၈ | ငှက်ဖျားရောဂါကွင်းဆင်းစစ်ဆေးခြင်း စီမံခန့်ခွဲမှုသင်တန်း | သင်တန်း | (၂၅) ဦး |
| ၉ | ငှက်ဖျားရောဂါကင်းစင်ရေးဆိုင်ရာသင်တန်း | သင်တန်း | (၂၀) ဦး |
| ၁၀ | ငှက်ဖျားမှန်ဘီလူးကြည့်ဝန်ထမ်းများသင်တန်း (ဇွန်၊ ဇူလိုင်လ) | သင်တန်း | (၄၇) ဦး |
| ၁၁ | ဗဟိုအဆင့်နှစ်ပတ်လည် လုပ်ငန်းသုံးသပ်အစည်းအဝေး | အစည်းအဝေး | (၁၀၀) ဦး |
| ၁၂ | ပြည်သူလူထုအခြေပြုနှင့် ကျန်းမာရေးဌာနအခြေပြု ငှက်ဖျားရောဂါ စစ်တမ်းကောက်ယူခြင်း အတွက် သဘောတူညီမှုစာတမ်းပြန်လည်သုံးသပ်ရေးနှင့်ပေါ်ပေါက်လာရေး အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံ ဆွေးနွေးပွဲ | (၆၀) ဦး |
| ၁၃ | ငှက်ဖျားအရာရှိများ၊ ငှက်ဖျားအဖွဲ့ခေါင်းဆောင်ဆရာဝန်များနှင့် သုံးလပတ်လုပ်ငန်းစီမံကိန်း (Work Plan)ရေးဆွဲရေးနှင့် လုပ်ငန်းပြန်လည်သုံးသပ်ခြင်းအစည်းအဝေး (ဩဂုတ်၊ နိုဝင်ဘာလ) | အစည်းအဝေး | (၁၂၈) ဦး |
| ၁၄ | ငှက်ဖျားမှန်ဘီလူးကြည့် ဝန်ထမ်းများအတွက် စွမ်းရည်မြှင့်သင်တန်း (ဩဂုတ်၊ စက်တင်ဘာလ) | သင်တန်း | (၅၄) ဦး |
| ၁၅ | ငှက်ဖျားမှန်ဘီလူးကြည့်ဝန်ထမ်းများအား နိုင်ငံတော်အဆင့် အကဲဖြတ်ဆန်းစစ်ခြင်း သင်တန်း (စက်တင်ဘာ၊ အောက်တိုဘာလ) | သင်တန်း | (၁၀၈) ဦး |
| ၁၆ | ရွှေ့ပြောင်းလူထုအား ငှက်ဖျားရောဂါဆန်းစစ်လေ့လာခြင်း (ဗဟိုအဆင့်) ဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၆၆) ဦး |
| ၁၇ | ငှက်ဖျားရောဂါအဖြစ်များသောဒေသများတွင် စာရင်းဇယားများနှင့်ကုဒ်စနစ်များ စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်း (ဗဟိုအဆင့်) (နိုဝင်ဘာ၊ ဒီဇင်ဘာလ) | သင်တန်း | (၅၀) ဦး |

## မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | ဆေးပညာမဟာသိပ္ပံ(မျက်စိရောဂါပညာ)တွဲ့လွန် ဒုတိယနှစ်သင်တန်းသား၊ သင်တန်းသူများအား ပို့ချသောသင်တန်း | သင်တန်း | (၃၅) ဦး |
| ၂ | (၂၀၁၇)ခုနှစ် နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၄၀) ဦး |
| ၃ | ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှုသင်ရိုးညွှန်းတမ်း ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၆၀) ဦး |
| ၄ | နားလည်မှုစာချွန်လွှာနှင့် သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးသည့် အခမ်းအနား | အခမ်းအနား | (၃၀) ဦး |
| ၅ | (၆) လပတ် လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၅၀) ဦး |
| ၆ | (၂၀၁၈)ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် မြန်မာဘာသာပြန်ဆိုရန်အတွက် ညှိနှိုင်း အစည်းအဝေး | အစည်းအဝေး | (၃၀) ဦး |
| ၇ | ပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်မှုသင်တန်း (ပခုက္ကူ၊ ညောင်ဦး၊ မော်လမြိုင်၊ ပင်းတယ၊ မိတ္ထီလာ) | သင်တန်း | (၃၃၀) ဦး |
| ၈ | ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှု ဆရာဖြစ်သင်တန်း(တောင်ကြီးမြို့) | သင်တန်း | (၃၀) ဦး |
| ၉ | ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အခမ်းအနား (မော်လမြိုင်မြို့) | အခမ်းအနား | (၄၀၀) ဦး |

## အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် အနာကြီးရောဂါတိုက်ဖျက်ရေးဆိုင်ရာ မွမ်းမံသင်တန်း (စုစုပေါင်း (၁၂) ကြိမ်) (ပျဉ်းမနား၊ တောင်ငူ၊ ဖြူး၊ အရာတော်၊ နတ်တလင်း၊ ကျေးသီမံစံ၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောင်းကုန်း၊ ကန်ကြီးဒေါင့်၊ တန့်ယန်း၊ မိုင်းရယ်) | သင်တန်း | (၁,၃၃၂) ဦး |
| ၂ | Working Visit Meeting for Leprosy Mapping Project in Myanmar | အစည်းအဝေး | (၂၀) ဦး |
| ၃ | သစ်လွင်ကြီးကြပ်(၂)များအတွက် အနာကြီးရောဂါတိုက်ဖျက်ရေးဆိုင်ရာ မွမ်းမံသင်တန်း (စုစုပေါင်း (၆) ကြိမ်) (ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး) | သင်တန်း | (၁၉၄) ဦး |
| ၄ | ၂၀၁၈ခုနှစ် မြန်မာနိုင်ငံတွင်းအနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက် ပြန်လည်သုံးသပ်မှု ရလဒ်ပေါ် အစီရင်ခံအစည်းအဝေး | အစည်းအဝေး | (၂၂) ဦး |

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၅ | အနာကြီးရောဂါတိုက်ဖျက်ရေးဆိုင်ရာ ဗဟိုအဆင့်ညှိနှိုင်းအစည်းအဝေး (၂၀၁၈ ခုနှစ်) | အစည်းအဝေး | (၄၀) ဦး |
| ၆ | အဖွဲ့ခေါင်းဆောင်ဆရာဝန် (တီဘီ၊ အနာကြီး) များအတွက် အနာကြီးရောဂါတိုက်ဖျက်ရေးဆိုင်ရာ သင်တန်း | သင်တန်း | (၁၄) ဦး |
| ၇ | လက်ထောက်အနာကြီးရောဂါစောင့်ရှောက်ရေးမှူးများအတွက် အနာကြီးရောဂါတိုက်ဖျက်ရေး ဆိုင်ရာ မွမ်းမံသင်တန်း (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး) | သင်တန်း | (၃၀) ဦး |
| ၈ | မြန်မာနိုင်ငံအနာကြီးရောဂါတိုက်ဖျက်ရေးအတွက် နည်းပညာအကြံပေးအဖွဲ့အစည်းအဝေး | အစည်းအဝေး | (၁၆) ဦး |

## မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | "Package of Essential Non-communicable Disease Interventions (PEN)" လုပ်ငန်းဆိုင်ရာ မြို့နယ်အဆင့် ဆရာဖြစ်သင်တန်း (တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၁) ခု အတွင်းရှိ မြို့နယ် (၈၄) မြို့နယ်) | သင်တန်း | (၃,၂၇၀) ဦး |
| ၂ | မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲမှ “Package of Essential Non-communicable Disease Interventions (PEN)” လုပ်ငန်းဆိုင်ရာ ဆရာဖြစ်အဆင့်မြင့် သင်တန်း (နေပြည်တော်၊ ရန်ကုန်) | သင်တန်း | (၃၁၆) ဦး |
| ၃ | အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် “Package of Essential Non-communicable Disease Interventions (PEN)” လုပ်ငန်းဆိုင်ရာ မြို့နယ်အဆင့် ဆင့်ပွားသင်တန်း (ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(လားရှိုး)၊ နေပြည်တော်ပြည်ထောင်စုနယ်မြေနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၄၀)မြို့နယ်) | သင်တန်း | (၁,၉၈၀) ဦး |
| ၄ | မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ မှ“Package of Essential Non-communicable Disease Interventions (PEN)” လုပ်ငန်းဆောင်ရွက်မှု နှစ်ပတ်လည်လုပ်ငန်း ဆန်းစစ်မှု အစည်းအဝေး | အစည်းအဝေး | (၁၂၇) ဦး |
| ၅ | STEP Survey (2019) ကောက်ယူရေးဆိုင်ရာ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၁၅) ဦး |
| ၆ | မကူးစက်နိုင်သောရောဂါများကာကွယ်တားဆီးရေး နည်းပညာအကြံပေးအဖွဲ့၏ ပထမအကြိမ် အစည်းအဝေး | အစည်းအဝေး | (၄၅) ဦး |
| ၇ | မကူးစက်နိုင်သောရောဂါများနှိမ်နင်းရေးဆိုင်ရာ စီမံချက်မန်နေဂျာများနှင့် ပထမအကြိမ် ညှိနှိုင်း အစည်းအဝေး | အစည်းအဝေး | (၄၀) ဦး |
| ၈ | “ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးမဟာဗျူဟာ” (FCTC 2030: Myanmar Strategy) ဖွင့်ပွဲ အခမ်းအနားနှင့်ဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၁၁၃) ဦး |
| ၉ | ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဗဟိုအဖွဲ့အစည်းအဝေး | အစည်းအဝေး | (၅၆) ဦး |
| ၁၀ | ဆေးလိပ်နှင့်ဆေးရွက်ကြီးကာကွယ်ထိန်းချုပ်ရေးနှင့် မကူးစက်နိုင်သောရောဂါများ ကာကွယ်ရေး ဆိုင်ရာ အမျိုးသားအဆင့်ညီလာခံ ကျင်းပရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၇) ဦး |
| ၁၁ | ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ရေးနှင့် မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေး ဆိုင်ရာ အမျိုးသားအဆင့်ညီလာခံ | အခမ်းအနား | (၂၅၃) ဦး |
| ၁၂ | ဆေးလိပ်ငွေ့ကင်းစင် တက္ကသိုလ်များ ဖြစ်ပေါ်လာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံ ဆွေးနွေးပွဲ | (၂၉) ဦး |
| ၁၃ | မြန်မာနိုင်ငံအတွင်း ဆေးလိပ်နှင့်ဆေးရွက်ကြီးကင်းဝေးသော မျိုးဆက်ပေါ်ပေါက်လာရေး အလုပ်ရုံ ဆွေးနွေးပွဲ | အလုပ်ရုံ ဆွေးနွေးပွဲ | (၄၆) ဦး |
| ၁၄ | ဆေးလိပ်နှင့်ဆေးရွက်ကြီးကင်းဝေးရေးစီမံချက် - WHO FCTC investment case analysis နှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၁၃) ဦး |
| ၁၅ | ဆေးလိပ်နှင့်ဆေးရွက်ကြီးကင်းဝေးရေးစီမံချက်မှ FCTC Investment Case Handover Mission | အစည်းအဝေး | (၅၆) ဦး |
| ၁၆ | ကွမ်းယာနှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးအတွက် မီဒီယာမှတဆင့် လူထုလှုံ့ဆော် လှုပ်ရှားပွဲ စတင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အခမ်းအနား | အခမ်းအနား | (၁၅၅) ဦး |
| ၁၇ | ကင်ဆာရောဂါတိုက်ဖျက်ရေးစီမံချက်မှကျင်းပသော လူဦးရေအခြေပြုကင်ဆာရောဂါစာရင်းသွင်း ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံ ဆွေးနွေးပွဲ | (၆၇) ဦး |

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁၈ | ကင်ဆာရောဂါတိုက်ဖျက်ရေးစီမံချက်မှ လူဦးရေအခြေပြုကင်ဆာစာရင်းကောက်ယူခြင်း စတင်ဆောင်ရွက်ရန်အတွက် သင်တန်းကျင်းပခြင်း (Course on Setting up Population Based Cancer Registry) (ရန်ကုန်) (ဩဂုတ်၊ ဒီဇင်ဘာလ) | သင်တန်း | (၁၄၀) ဦး |
| ၁၉ | မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါစောင့်ရှောက်ပေးရေးစီမံကိန်း၏လုပ်ငန်းစဉ်ချမှတ်ပေးရေးကော်မတီ အဖွဲ့ (၄) ကြိမ်မြောက် အစည်းအဝေး | အစည်းအဝေး | (၁၈) ဦး |
| ၂၀ | ကမ္ဘာ့ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးနေ့ အခမ်းအနား | အခမ်းအနား | (၁,၆၀၀) ဦး |
| ၂၁ | မြန်မာနိုင်ငံဆီးချိုသွေးချိုရောဂါ စောင့်ရှောက်ပေးရေးစီမံကိန်း (၂၀၁၇-၂၀၂၀)မှ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ - ဆရာဝန်သူနာပြုများအတွက် သင်တန်း | သင်တန်း | (၆၉) ဦး |
| ၂၂ | မြန်မာနိုင်ငံအတက်ရောဂါစီမံချက်မှ ဗဟိုအဆင့်ဆရာဖြစ်သင်တန်း(ရန်ကုန်) | သင်တန်း | (၂၉) ဦး |
| ၂၃ | မြန်မာနိုင်ငံအတက်ရောဂါစီမံချက်မှ ပြည်နယ်အဆင့်ဆရာဖြစ်သင်တန်း (မော်လမြိုင်) | သင်တန်း | (၅၅) ဦး |
| ၂၄ | မြန်မာနိုင်ငံအတက်ရောဂါစီမံချက်မှ မြို့နယ်အဆင့်အသိပေးဆွေးနွေးပွဲ (မွန်ပြည်နယ်အတွင်းရှိမြို့နယ် (၈) မြို့နယ်) | ဆွေးနွေးပွဲ | (၃၅၀) ဦး |
| ၂၅ | နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်မှ နှလုံးသွေးကြောရောဂါဖြစ်စေနိုင်သော အခြေအနေများကိုကာကွယ်ခြင်းနှင့် လေးဘက်နာရောဂါနှင့်လေးဘက်နာ နှလုံးရောဂါကာကွယ်ခြင်း ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (တောင်ကြီး၊ ကျိုင်းတုံ) | အလုပ်ရုံ ဆွေးနွေးပွဲ | (၉၂) ဦး |
| ၂၆ | နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်မှ အခြေခံအသက်ကယ်ပြုစုနည်း (Bystander Resuscitation Training Program) သင်တန်း (စက်တင်ဘာ၊ အောက်တိုဘာလ) | သင်တန်း | (၉၂) ဦး |
| ၂၇ | နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်မှ ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပခြင်း (တောင်ကြီး) | အခမ်းအနား | (၂၀၀) ဦး |
| ၂၈ | လူထုအခြေပြုမသန်စွမ်းမှုကာကွယ်ရေးစီမံချက်မှ Training for safe and barrier free သင်တန်း (အောက်တိုဘာ၊ နိုဝင်ဘာလ) | သင်တန်း | (၈၀) ဦး |
| ၂၉ | လူထုအခြေပြု မသန်စွမ်းမှုကာကွယ်ရေးစီမံချက်မှ CBR Indicator survey သင်တန်း (အောက်တိုဘာ၊ နိုဝင်ဘာလ) | သင်တန်း | (၂၄) ဦး |
| ၃၀ | လူထုအခြေပြု မသန်စွမ်းမှုကာကွယ်ရေးစီမံချက်မှ ထိခိုက်ဒဏ်ရာရှိမှု စောင့်ကြပ်ကြည့်ရှုခြင်းဆိုင်ရာ အချက်အလက်ကောက်ယူခြင်းနှင့် သင်တန်းပေးခြင်း (အောက်တိုဘာ၊ နိုဝင်ဘာလ) | သင်တန်း | (၅၀) ဦး |
| ၃၁ | ထိခိုက်မှုအန္တရာယ်ကာကွယ်ရေးစီမံချက် လုပ်ငန်းကော်မတီအစည်းအဝေးနှင့် သင်တန်း | အစည်းအဝေး နှင့် သင်တန်း | (၂၀) ဦး |
| ၃၂ | နားလေးရောဂါ ကာကွယ်တိုက်ဖျက်ရေးစီမံချက်မှ အခြေခံနားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လမ်းညွှန်စာအုပ် အကောင်အထည်ဖော်ရေး အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၆၀) ဦး |
| ၃၃ | Workshop on sustaining the results of the Myanmar Snakebite Project | အလုပ်ရုံ ဆွေးနွေးပွဲ | (၅၈) ဦး |
| ၃၄ | မြွေကိုက်ရောဂါစီမံချက်မှ To determine the knowledge gap among snakebite victims သင်တန်း (၂) ကြိမ် | သင်တန်း | (၁၂၈) ဦး |
| ၃၅ | မြွေကိုက်ရောဂါထိန်းသိမ်းရေးစီမံချက်မှ ပြည်သူလူထုအခြေပြု အသိပညာပေးသင်တန်း (၂) ကြိမ် | သင်တန်း | (၇၃) ဦး |
| ၃၆ | နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းဆိုင်ရာစီမံချက် - Training on CRD survey | သင်တန်း | (၁၆) ဦး |
| ၃၇ | နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းဆိုင်ရာစီမံချက်မှ နာတာရှည်အဆုတ်ရောဂါ ဆန်းစစ်လေ့လာခြင်းသုတေသန (၂၀၁၈) အတွက် အချက်အလက်ကောက်ယူမည့်သူများအတွက် သင်တန်း | သင်တန်း | (၁၆) ဦး |

## ကျန်းမာရေးသတင်းအချက်အလက်ဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ဆေးရုံများအတွက် အီလက်ထရောနစ်ကျန်းမာရေးသတင်းစနစ် (DHIS-2 Software) ဆရာဖြစ်သင်တန်း | သင်တန်း | (၂၉) ဦး |
| ၂ | တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ဆေးရုံများအတွက် အီလက်ထရောနစ်ကျန်းမာရေးသတင်းစနစ် (DHIS-2 Software) သင်တန်း (တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄) ခု) | သင်တန်း | (၁,၀၄၁) ဦး |

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၃ | ပုဂ္ဂလိကဆေးရုံများအတွက်အီလက်ထရောနစ်ကျန်းမာရေးသတင်းစနစ်(DHIS-2 Software)သင်တန်း<br>- အထက်မြန်မာပြည် (မန္တလေးတိုင်းဒေသကြီး)<br>- အောက်မြန်မာပြည် (ရန်ကုန်တိုင်းဒေသကြီး) | သင်တန်း | <br>(၃၇) ဦး<br>(၄၃) ဦး |
| ၄ | Review and Revise meeting of HMIS Data Set and Data Dictionary at Central Level | အစည်းအဝေး | (၆၄) ဦး |
| ၅ | Review and Revise meeting of HMIS Data Set and Data Dictionary Consultation with State and Regional Health Directors and TMOs | အစည်းအဝေး | (၈၀) ဦး |
| ၆ | HIS Technical Working Group Meeting (မေ၊ စက်တင်ဘာလ) | အစည်းအဝေး | (၄၃) ဦး |
| ၇ | အာရှ - ပစိဖိတ်ဒေသအတွင်းရှိ လူဦးရေဆိုင်ရာ (၆) ကြိမ်မြောက်ညီလာခံ၏ နှစ်လယ် ပြန်လည်ဆန်းစစ်ခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားအဆင့် အစီရင်ခံစာနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၉၇) ဦး |
| ၈ | Consultation Meeting on Review and Revise of HMIS Data Set and Data Dictionary with Basic Health Staffs | အစည်းအဝေး | (၁၃၈) ဦး |
| ၉ | စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ်ပုံစံများနှင့် လက်စွဲစာအုပ် ပြင်ဆင်မွမ်းမံခြင်းဆိုင်ရာ ရွှေ့ပြောင်းစမ်းသပ်ကောက်ယူမှုဆွေးနွေးပွဲ<br>- ဧရာဝတီတိုင်းဒေသကြီး<br>- ရှမ်းပြည်နယ်(မြောက်) | ဆွေးနွေးပွဲ | <br><br>(၁၆၄) ဦး<br>(၁၃၄) ဦး |
| ၁၀ | စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ်ပုံစံများနှင့် လက်စွဲစာအုပ် ပြင်ဆင်မွမ်းမံခြင်းဆိုင်ရာ ရွှေ့ပြောင်းစမ်းသပ်ကောက်ယူမှုရလဒ်များ ဆွေးနွေးပွဲ<br>- ဧရာဝတီတိုင်းဒေသကြီး<br>- ရှမ်းပြည်နယ်(မြောက်) | ဆွေးနွေးပွဲ | <br><br>(၁၆၅) ဦး<br>(၁၃၂) ဦး |
| ၁၁ | စီမံခန့်ခွဲမှုအထောက်အကူပြု ကျန်းမာရေးသတင်းစနစ်ပုံစံများနှင့် လက်စွဲစာအုပ် ပြင်ဆင်မွမ်းမံမှုအတည်ပြုဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၅၈) ဦး |
| ၁၂ | ကျန်းမာရေးသတင်းအချက်အလက် မူဝါဒရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၈၁) ဦး |
| ၁၃ | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့တွင် သင်ကြားပို့ချမည့် ကျန်းမာရေးသတင်းအချက်အလက်နည်းပညာဘာသာရပ် သင်ရိုးညွှန်းတမ်းနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၄) ဦး |
| ၁၄ | DHIS-2အသုံးပြု၍ အီလက်ထရောနစ်ကျန်းမာရေးသတင်းစနစ်(eHMIS) အကြောင်းရှင်းလင်းဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၉၇) ဦး |

### ကျန်းမာရေးအဆင့်မြှင့်တင်ရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | မွေးဖွားမှုနှင့်သေဆုံးမှုဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၁၀) ဦး |
| ၂ | ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း (Community Clinic) လုပ်ငန်းဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံ ဆွေးနွေးပွဲ | (၇၂) ဦး |
| ၃ | ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း လုပ်ငန်းဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲမှ တွေ့ရှိချက်များ (အကျဉ်းချုပ်)အား ဆွေးနွေးပွဲ | ဆွေးနွေးပွဲ | (၃၅) ဦး |
| ၄ | ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုဆေးပေးခန်း လုပ်ငန်းအားဖြည့် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၁၁) ဦး |
| ၅ | ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု ဆေးပေးခန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၈) ဦး |
| ၆ | Meeting for Concept to Implementation of Community Health Clinic (CHC) Model | အစည်းအဝေး | (၇၅) ဦး |
| ၇ | Training on Monitoring and Reporting on Disbursement Linked Indicators (တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၇) ခု) | သင်တန်း | (၁,၃၇၈) ဦး |
| ၈ | Coordination Meeting for DLI Reporting | အစည်းအဝေး | (၂၅) ဦး |
| ၉ | UN/ INGO များနှင့်ပတ်သက်၍ Focal Person သတ်မှတ်ရေးကိစ္စ ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၀) ဦး |
| ၁၀ | (၂၀၁၈)ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အဆောက်အဦ ဦးစီးဌာနနှင့် ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၃၃) ဦး |

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁၁ | Workshop for Community Engagement Manual Modification<br>- 1st Consultation Workshop<br>- 2nd Workshop | အစည်းအဝေး | <br>(၅၃) ဦး<br>(၂၅) ဦး |
| ၁၂ | ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု ဆေးပေးခန်းဆိုင်ရာ ဆောင်ပုဒ်ပြုစုရေး ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၅) ဦး |
| ၁၃ | Local NGO/ INGO များပါဝင်သည့် Platforms များ ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၄၀) ဦး |
| ၁၄ | ကျေးလက်ကျန်းမာရေးဌာန လက်စွဲစာအုပ် ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းဆိုင်ရာ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၃၂) ဦး |
| ၁၅ | Community Engagement Approach Manual Launching Event နှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၈) ဦး |

### အာဟာရဖွံ့ဖြိုးရေးဌာနခွဲ

| စဉ် | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းအမည် | | တက်ရောက်သူ |
|---|---|---|---|
| ၁ | မိခင်နို့စနစ်တကျတိုက်ကျွေးခြင်းလုပ်ငန်းများ မြှင့်တင်ရေးစီမံချက်(Becoming Breastfeeding Friendly BBF) ဆိုင်ရာ အသိပေးခြင်းနှင့်ညှိနှိုင်းအစည်းအဝေး (စုစုပေါင်း - (၄) ကြိမ်) | အစည်းအဝေး | (၁၀၀) ဦး |
| ၂ | ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအဆင့်အာဟာရဖွံ့ဖြိုးရေး ငါးနှစ်စီမံကိန်းရေးဆွဲရေးနှင့် ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းများအတွက် ညှိနှိုင်းအစည်းအဝေး (ဇန်နဝါရီ၊ ဧပြီ၊ မေလ) | အစည်းအဝေး | (၁၉၁) ဦး |
| ၃ | ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအဆင့်အာဟာရဖွံ့ဖြိုးရေး ငါးနှစ်စီမံကိန်းရေးဆွဲခြင်းနှင့် ပတ်သက်၍ ပဏာမအဆင့် စွမ်းရည်အကဲဖြတ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံ ဆွေးနွေးပွဲ | (၃၂) ဦး |
| ၄ | ကဏ္ဍပေါင်းစုံပါဝင်သောအမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာငါးနှစ်စီမံကိန်းရေးဆွဲခြင်းနှင့် ပတ်သက်၍ အတည်ပြုခြင်း အလုပ်ရုံဆွေးနွေးပွဲ | အလုပ်ရုံ ဆွေးနွေးပွဲ | (၆၃) ဦး |
| ၅ | လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်းဆိုင်ရာလမ်းညွှန် ဆရာဖြစ်သင်တန်း (ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ မေ၊ စက်တင်ဘာလ) | သင်တန်း | (၃၅၂) ဦး |
| ၆ | လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်း ဆိုင်ရာလမ်းညွှန် (၂၀၁၇)ခုနှစ်၊ ပြည်နယ်အဆင့် ဆင့်ပွားသင်တန်း (ဇန်နဝါရီ၊ စက်တင်ဘာလ) | သင်တန်း | (၁၂၈) ဦး |
| ၇ | လတ်တလောအာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်း ဆိုင်ရာကုထုံးလမ်းညွှန် မြို့နယ်အဆင့် ဆင့်ပွားသင်တန်း<br>(ဧပြီ၊ မေ၊ ဇွန်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလ) | သင်တန်း | (၁,၉၅၉) ဦး |
| ၈ | ဘက်စုံအာဟာရဖွံ့ဖြိုးမှုစီမံကိန်း ဦးဆောင်ကော်မတီနှင့်နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၂၇) ဦး |
| ၉ | ဘက်စုံအာဟာရဖွံ့ဖြိုးမှုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းစီမံချက်အတွက် ပထမအကြိမ် နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေး | အစည်းအဝေး | (၂၁) ဦး |
| ၅၄ | နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ Physical Fitness Dance / Exercise Training | သင်တန်း | (၁၈၉) ဦး |
| ၅၅ | ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုနှင့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး | အစည်းအဝေး | (၇၀) ဦး |
| ၅၆ | အားကစားစီမံကိန်းနှင့်သုတေသနဌာနခွဲမှ အရာထမ်း/ အမှုထမ်းများအား သုတေသနလုပ်ငန်း၏ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများ၊ လုပ်ငန်းစည်းမျဉ်းနည်းဥပဒေများ သိရှိနားလည်စေရန်နှင့် ဌာနခွဲ၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးအစည်းအဝေး | အစည်းအဝေး | (၅၅) ဦး |
| ၅၇ | အကြောအဆစ်ကုထုံးနှင့် အားကစားသူနာပြုစုခြင်းပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ | ဆွေးနွေးပွဲ | (၅၉) ဦး |

## ပြည်ပသို့ အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ လေ့လာရေးနှင့် သင်တန်းများ စေလွှတ်မှုအခြေအနေ
## ( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ )

| စဉ် | ဦးစီးဌာန | အစည်းအဝေး/ အလုပ်ရုံဆွေးနွေးပွဲ | သင်တန်း | | | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | | Degree | Non-Degree | | |
| | | | | (၆လ) အောက် | (၆လ) အထက် | |
| ၁ | ဝန်ကြီးရုံး | ၄၀ | - | - | - | ၄၀ |
| ၂ | ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၄၆၇ | ၁၂ | ၄၅ | ၁၆ | ၅၄၀ |
| ၃ | ကုသရေးဦးစီးဌာန | ၄၉၂ | ၁၃ | ၂၁၅ | ၂၄ | ၇၄၄ |
| ၄ | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန | ၃၁၃ | ၁၅ | ၉၈ | ၂၅ | ၄၅၁ |
| ၅ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန | ၈၀ | ၁၀ | ၁၂ | ၁၁ | ၁၁၃ |
| ၆ | ဆေးသုတေသနဦးစီးဌာန | ၂၀ | ၄ | ၄ | ၄ | ၃၂ |
| ၇ | တိုင်းရင်းဆေးပညာဦးစီးဌာန | ၄၄ | - | ၄ | ၂ | ၅၀ |
| ၈ | အားကစားနှင့်ကာယပညာဦးစီးဌာန | ၁၃၇ | ၁၀ | ၄၃ | ၁ | ၁၉၁ |
| | **စုစုပေါင်း** | **၁၅၉၃** | **၆၄** | **၄၂၁** | **၈၃** | **၂၁၆၁** |

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ၂၀၁၆ ခုနှစ်၊ ဧပြီလ (၁)ရက်မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့ (၃)နှစ်တာအတွင်း ပြောင်းလဲတိုးတက်မှုအခြေအနေ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ်တွင် ဧပြီလမှစတင်၍ အစိုးရသစ် တာဝန်ယူပြီးသည့်အချိန်မှစ၍ ပြည်သူအားလုံး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို အရည်အသွေးပြည့်ဝစွာနှင့် ငွေကြေးအခက်အခဲမရှိ ရယူနိုင်ရေးအတွက် လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှု (Universal Health Coverage) ရရှိရေးနှင့် ကျန်းမာရေးဆိုင်ရာ Sustainable Development Goals (SDGs) စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်များ ရည်မှန်းချက်ဖြင့် ပြည်သူအားလုံးအတွက် ကျန်းမာရေးအသိပညာမြှင့်တင်ရေး၊ ရောဂါကာကွယ်ရေး၊ ရောဂါဖြစ်ပွားလာပါက ထိရောက်သော ကုသမှုပေးရေး၊ ပြည်သူများ ကုန်ကျရသော ဆေးကုသမှုစရိတ်များကို အတတ်နိုင်ဆုံးလျှော့ချရေးအတွက် ဆေးနှင့်ဆေးပစ္စည်းစရိတ်၊ ဆေးရုံ/ဆေးခန်းများ လိုအပ်သလို ဖြည့်ဆည်းခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

### ထင်ရှားသော တိုးတက်ပြောင်းလဲမှုများ

### ၁။ ကျန်းမာရေးဌာန အဆောက်အဦ/ဆေးရုံ/ဝန်ထမ်းအိမ်ရာ

၂၀၁၆ ခုနှစ်၊ ဧပြီလ (၁)ရက်မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့အတွင်း ဆေးရုံအဆောက်အဦ/ တိုးချဲ့လူနာဆောင်သစ်များ၊ တိုက်နယ်ဆေးရုံအဆောက်အဦ၊ ခွဲစိတ်ခန်းနှင့် ဓာတ်မှန်/ဓာတ်ခွဲဆောင်သစ်အပါအဝင် အဆောက်အဦစုစုပေါင်း (၃၃၉)ခု တိုးချဲ့ဆောက်လုပ်နိုင်ခဲ့ပါသည်။ ၎င်းဆေးရုံအဆောက်အဦသစ်များထဲမှ ကောက်နုတ်တင်ပြရလျှင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် များပြားလှသော ကင်ဆာရောဂါဝေဒနာများနှင့် မိသားစုဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ ဆေးဝါးကုသနိုင်ရေးအတွက် ကင်ဆာရောဂါကုသဆောင် (၅)ထပ်ဆောင်သစ်ကြီးကိုလည်းကောင်း၊ နှလုံးရောဂါဝေဒနာရှင် ကလေးသူငယ်များအား အဆင့်အတန်းမြင့်စွာ ဆေးဝါးကုသမှု/ ခွဲစိတ်ကုသမှုလုပ်နိုင်ရန် Cardiac Complex (၆) ထပ်အဆောက်သစ်ကြီးကို ရန်ကင်း ကလေးဆေးရုံ၌လည်းကောင်း၊ မွေးကင်းစကလေးများအား အထူးကြပ်မတ်ကုသမှုပေးနိုင်ရန် မွေးကင်းစ ကလေးလူနာဆောင်သစ်ကြီးကို ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်၌လည်းကောင်း အသစ်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ဆောက်လုပ်ပြီးစီးခဲ့သော ဆေးရုံများစာရင်း**

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | ဆေးရုံအမည် | ပြီးစီးသည့်နှစ် | တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|
| ၁ | ကချင် | မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံကြီး၊ ကျောက်ကပ်သွေးသန့်စင်ဌာနဖွင့်လှစ်ခြင်း | ၄.၁၁.၂၀၁၈ | - |
| | | တနိုင်းမြို့နယ်ပြည်သူ့ဆေးရုံ(၂)ထပ်လူနာဆောင် ဆောက်လုပ်ခြင်း | ၁၄.၁၂.၂၀၁၆ | ၃၅၀.၀၀၀ |
| | | ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့ (၂)ထပ် လူနာဆောင် ဆောက်လုပ်ခြင်း | ၁၅.၁.၂၀၁၇ | ၅၄၁.၆၀၀ |
| | | ချီဖွေမြို့နယ် ၊ နိုဖုံဘော် တိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်း | ၁၅.၂.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ရွှေကူမြို့နယ် ၊ စီသာ တိုက်နယ်ဆေးရုံစံကိုက် ဆောက်လုပ်ခြင်း | ၁၀.၅.၂၀၁၆ | ၃၉၀.၀၀၀ |
| | | ချီဖွေမြို့နယ် ၊ ပန်ဝါတိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၉.၃.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ဗန်းမော်မြို့နယ်ဆေးရုံတွင် (၂)ထပ် တိုးချဲ့ဆောင် ဆောက်လုပ်ခြင်း | ၁၉.၃.၂၀၁၈ | ၄၄၆.၆၀၀ |
| ၂ | ကရင် | ဘားအံပြည်သူ့ဆေးရုံ တိုးချဲ့ (၄)ထပ်ဆောင် (၁၃၄' x ၅၆') ဆောက်လုပ်ခြင်း | ၂.၆.၂၀၁၇ | ၇၉၇.၇၄၈ |
| | | ဘားအံမြို့နယ်၊ ဖလံတောင်တိုက်နယ်ဆေးရုံစံကိုက် ဆောက်လုပ်ခြင်း | ၂၅.၇.၂၀၁၈ | ၃၉၀.၀၀၀ |
| | | မြဝတီမြို့နယ်ပြည်သူ့ဆေးရုံ တိုးချဲ့(၄)ထပ်ဆောင် ဆောက်လုပ်ခြင်း | ၃၁.၃.၂၀၁၈ | ၅၉၆.၀၀၀ |

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | ဆေးရုံအမည် | ပြီးစီးသည့်နှစ် | တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|
| | ကရင် | မြဝတီမြို့နယ်၊ ဆုံဆည်းမြိုင် တိုက်နယ်ဆေးရုံစံကိုက် ဆောက်လုပ်ခြင်း | ၂၅.၃.၂၀၁၈ | ၃၉၀.၀၀၀ |
| | | လှိုင်းဘွဲ့မြို့နယ်၊ ရွှေဂွန်းတိုက်နယ်ဆေးရုံတွင် တိုးချဲ့ (၁)ထပ်ဆောင် ဆောက်လုပ်ခြင်း | ၂၀.၈.၂၀၁၈ | ၂၂၀.၀၀၀ |
| ၃ | ချင်း | မတူပီမြို့နယ်ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ခန်းပါ တိုးချဲ့(၂) ထပ်ဆောင်နှင့် Imaging Complex နှင့် M.S ရုံးပါတိုးချဲ့(၂)ထပ်ဆောင်ဆောက်လုပ်ခြင်း | ၂၀၁၇-၂၀၁၈<br>၂၅.၂.၂၀၁၈ | ၁၃၉၈.၇၂၀ |
| | | ဟားခါးပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ခန်းပါ(၂)ထပ် တိုးချဲ့ဆောင်နှင့် (၂)ထပ်တိုးချဲ့လူနာဆောင်ဆောက်လုပ်ခြင်း | ၃၁.၃.၂၀၁၈ | ၁၃၇၀.၃၄၉ |
| | | ဖလမ်းမြို့နယ်၊ သီးဘွာလ်တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၂၅.၅.၂၀၁၇ | ၃၉၀.၀၀၀ |
| | | ထန်တလန်မြို့နယ်၊ နာရိမ်တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၂၆.၆.၂၀၁၈ | ၃၉၀.၀၀၀ |
| ၄ | မွန် | ကျိုက်မရောမြို့နယ်၊တရနာတိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း | ၆.၆.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ဘီးလင်းမြို့နယ် ပြည်သူ့ဆေးရုံတွင်တိုးချဲ့(၂)ထပ်ဆောင် ဆောက်လုပ်ခြင်း | ၁၄.၆.၂၀၁၈ | ၄၂၀.၀၀၀ |
| | | ကျိုက်ထိုမြို့နယ်၊ကင်ပွန်းချောင်းတိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၁၀.၇.၂၀၁၇ | ၃၉၀.၀၀၀ |
| | | မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွင်MDR TB (၁)ထပ်ဆောင် ဆောက်လုပ်ခြင်း | ၂၄.၉.၂၀၁၈ | ၅၀.၀၀၀ |
| ၅ | ရခိုင် | မာန်အောင်ပြည်သူ့ဆေးရုံတွင် (၂)ထပ်တိုးချဲ့ဆောင် ဆောက်လုပ်ခြင်း | ၉.၆.၂၀၁၈ | ၄၂၀.၀၀၀ |
| | | ရသေ့တောင်မြို့နယ်၊ မူစကျွန်း(ဦးဂါ)တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၉.၆.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ကျောက်တော်ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ခန်းပါ (၂)ထပ် တိုးချဲ့ဆောင် ဆောက်လုပ်ခြင်း | ၂၀.၃.၂၀၁၈ | ၅၅၈.၀၀၀ |
| | | တောင်ကုတ်မြို့နယ်ဆေးရုံ ခွဲစိတ်ခန်းပါ(၂)ထပ်လူနာဆောင် ဆောက်လုပ်ခြင်း | ၇.၃.၂၀၁၈ | ၅၅၈.၀၀၀ |
| | | သံတွဲမြို့နယ်၊ ရွှေလေ့တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၁၈.၆.၂၀၁၈ | ၃၉၀.၀၀၀ |
| | | မြေပုံမြို့နယ်ပြည်သူ့ဆေးရုံတွင် တိုးချဲ့ (၁)ထပ်ဆောင် ဆောက်လုပ်ခြင်း | ၁၈.၉.၂၀၁၈ | ၂၁၀.၀၀၀ |
| | | မြောက်ဦးပြည်သူ့ဆေးရုံတွင် တိုးချဲ့ (၁)ထပ်ဆောင် ဆောက်လုပ်ခြင်း | ၁၂.၇.၂၀၁၈ | ၂၁၀.၀၀၀ |
| ၆ | ရှမ်း | ဖယ်ခုံမြို့နယ်ပြည်သူ့ ဆေးရုံ (၂)ထပ်လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း | ၁၃.၂.၂၀၁၇ | ၄၂၃.၃၆၀ |
| | | ကလောမြို့နယ် ပြည်သူ့ဆေးရုံတိုးချဲ့(၂)ထပ်လူနာဆောင်ဆောက်လုပ်ခြင်း | ၂၈.၁.၂၀၁၇ | ၃၆၈.၉၀၀ |
| | | ကျိုင်းတုံမြို့နယ် ပြည်သူ့ဆေးရုံ သားဖွားမီးယပ် တိုးချဲ့ (၂) ထပ်ဆောင် နှင့် ကလေးကုသဆောင်နှစ်ထပ် ဆောက်လုပ်ခြင်း | ၃.၁.၂၀၁၈<br>၂၇.၇.၂၀၁၈ | ၈၈၀.၃၄၀ |
| | | သီပေါမြို့နယ်ပြည်သူ့ဆေးရုံတွင် တိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်ခြင်း | ၂၅.၉.၂၀၁၈ | ၄၅၀.၀၀၀ |
| | | တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီးတိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်း | ၃၁.၃.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ဖယ်ခုံမြို့နယ်၊ လအိတိုက်နယ်ဆေးရုံစံကိုက်ဆောက်လုပ်ခြင်း | ၃၁.၃.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ဆီဆိုင်မြို့နယ်၊ နောင်ထော်တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း | ၃၁.၁၀.၂၀၁၇ | ၃၉၀.၀၀၀ |
| | | လားရှိုးမြို့၊ နောင်မွန်းတိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း | ၃၀.၁.၂၀၁၈ | ၃၉၀.၀၀၀ |
| | | မိုင်းညှင်းတိုက်နယ်ဆေးရုံစံကိုက်ဆောက်လုပ်ခြင်း | ၁၈.၇.၂၀၁၇ | ၃၉၀.၀၀၀ |
| ၇ | ရန်ကုန် | သာကေတ(အထူးကု)ဆေးရုံတွင် တိုးချဲ့(၂)ထပ်လူနာဆောင်ဆောက်လုပ်ခြင်း | ၂၄.၉.၂၀၁၈ | ၃၄၀.၀၀၀ |
| | | ရန်ကင်းကလေးရောဂါအထူးကုဆေးရုံကြီးတွင် (၆)ထပ်ဆေးကုသဆောင် ဆောက်လုပ်ခြင်း | ၂၅.၉.၂၀၁၇ | ၄၄၅၂.၂၃၀ |
| | | အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် (၆)ထပ်ဆေးကုသဆောင် ဆောက်လုပ်ခြင်း | ၂၀.၉.၂၀၁၈ | ၁၈၈၈.၂၅၀ |

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | ဆေးရုံအမည် | ပြီးစီးသည့်နှစ် | တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|
| | ရန်ကုန် | အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီးတွင် (၅)ထပ်လူနာဆောင် ဆောက်လုပ်ခြင်း | ၂၆.၂.၂၀၁၈ | ၇၇၀.၀၀၀ |
| | | ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် PET/CT & Cyclotron ကင်ဆာ(၅)ထပ် ဆောင် ဆောက်လုပ်ခြင်း | ၁၀.၁.၂၀၁၉ | ၅၅၈၀.၄၅၆ |
| | | ဗဟိုအမျိုးသမီးဆေးရုံကြီး အဆင့်မြင့်(၅)ထပ် အဆောက်အဦ ဆောက်လုပ်ခြင်း | ၂.၁၂.၂၀၁၆ | ၃၆၂၆.၂၉၀ |
| | | ရန်ကုန်အထူးကုဆေးရုံကြီး(ခုတင် ၅၀၀)တွင် OT Complex (၆)ထပ် အဆောက်အဦ ဆောက်လုပ်ခြင်း | ၁၅.၃.၂၀၁၇ | ၃၂၄၄.၅၂၀ |
| | | ကျောက်တန်းမြို့နယ်၊ ကမာကလုတ်တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၁၉.၉.၂၀၁၈ | ၃၉၀.၀၀၀ |
| | | တွံတေးမြို့နယ်၊ ခတ္တိယတိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း | ၁၂.၉.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ထန်းတပင်မြို့နယ်၊ တက်သစ်တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၄.၁၀.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ထန်းတပင်မြို့နယ်၊ အလိန်လည်တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၂၄.၈.၂၀၁၈ | ၃၉၀.၀၀၀ |
| | | သန်လျင်မြို့နယ်၊ ဒေးဇက်တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း | ၇.၂.၂၀၁၉ | ၃၉၀.၀၀၀ |
| | | သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးတွင် Imaging Complex & OT and Extension Ward (၂)ထပ်ဆောင် ဆောက်လုပ်ခြင်း | ၃.၁.၂၀၁၇ | ၆၉၃.၉၀၀ |
| | | သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးတွင် (၂)ထပ် ပြင်ပလူနာဆောင် (၁)ဆောင်နှင့် (၂)ထပ် တိုးချဲ့လူနာဆောင် (၁)ဆောင် ဆောက်လုပ်ခြင်း | ၃.၁.၂၀၁၇ | ၆၇၈.၉၀၀ |
| ၈ | မန္တလေး | စဉ့်ကိုင်မျက်စိအထူးကုဆေးရုံတွင်တိုးချဲ့(၂)ထပ်ဆောင် ဆောက်လုပ်ခြင်း | ၂၃.၅.၂၀၁၈ | ၄၀၀.၀၀၀ |
| | | တံတားဦးဆေးရုံတွင်တိုးချဲ့လူနာဆောင်ဆောက်လုပ်ခြင်း | ၂၈.၆.၂၀၁၇ | ၈၄.၀၀၀ |
| | | မလှိုင်မြို့နယ်၊ ကျောက်တန်းတိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း | ၂၇.၂.၂၀၁၈ | ၃၉၀.၀၀၀ |
| | | မလှိုင်မြို့နယ်၊ မှရိုးတိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း | ၁၄.၃.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ညောင်ဦးမြို့နယ်၊ စဉ့်ကူးတိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း | ၂၅.၃.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးတိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း | ၁၅.၃.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ပျော်ဘွယ်မြို့နယ်၊ရန်အောင်တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း | ၁၉.၁.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ငါန်းဇွန်မြို့နယ်ပြည်သူ့ဆေးရုံ၊တိုးချဲ့(၂)ထပ်ဆောင်ဆောက်လုပ်ခြင်း | ၁၅.၉.၂၀၁၈ | ၂၀၀.၀၀၀ |
| | | ချမ်းအေးသာစံမြို့နယ်၊စိတ်ကျန်းမာရေးဆေးရုံတွင်တိုးချဲ့(၁)ထပ်ဆောင် ဆောက်လုပ်ခြင်း | ၃၀.၃.၂၀၁၈ | ၂၂၀.၀၀၀ |
| | | သာစည်မြို့နယ် ပြည်သူ့ဆေးရုံတွင် တိုးချဲ့(၁)ထပ်ဆောင် ဆောက်လုပ်ခြင်း | ၃၀.၃.၂၀၁၈ | ၂၀၅.၂၅၀ |
| ၉ | ဧရာဝတီ | ကျောင်းကုန်းမြို့နယ်၊ ချောင်းကြီးတိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၁၃.၈.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ငပုတောတိုးချဲ့(၂)ထပ်ဆောင်ဆောက်လုပ်ခြင်း | ၁၃.၁၂.၂၀၁၇ | ၄၀၈.၅၀၀ |
| | | ငပုတောမြို့နယ်၊ ဂျမ်းကပ်တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၁၄.၃.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ရေကြည်မြို့နယ်တိုးချဲ့(၂)ထပ်ဆောင်ဆောက်လုပ်ခြင်း | ၉.၅.၂၀၁၈ | ၄၀၈.၅၀၀ |
| | | ကျိုက်လတ်မြို့နယ်၊ တရော်တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၁၄.၁၂.၂၀၁၇ | ၃၉၀.၀၀၀ |
| | | ဘိုကလေးမြို့နယ်၊ ကမာကလူတိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၂၃.၉.၂၀၁၇ | ၃၉၀.၀၀၀ |
| | | မြောင်းမြပြည်သူ့ဆေးရုံကြီးတိုးချဲ့(၄)ထပ်ဆောင် ဆောက်လုပ်ခြင်း | ၂၃.၃.၂၀၁၈ | ၁၁၁၈.၀၀၀ |
| | | ညောင်တုန်းမြို့နယ်၊ သပြေချောင်းတိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၂၁.၉.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ဓနုဖြူမြို့နယ်၊ စံကင်းတိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၆.၃.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ဇလွန်မြို့နယ်ဆေးရုံတွင် တိုးချဲ့(၂)ထပ်ဆောင် ဆောက်လုပ်ခြင်း | ၁၈.၉.၂၀၁၈ | ၄၀၉.၀၀၀ |
| | | ကျုံပျော်မြို့နယ်ပြည်သူ့ဆေးရုံတွင် တိုးချဲ့(၂)ထပ်ဆောင် ဆောက်လုပ်ခြင်း | ၂၇.၉.၂၀၁၈ | ၄၄၁.၀၀၀ |
| | | ညောင်တုန်းမြို့နယ်၊ ၄က်ပျောက္ကျန်းတိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၁၂.၁၁.၂၀၁၆ | ၃၉၀.၀၀၀ |

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | ဆေးရုံအမည် | ပြီးစီးသည့်နှစ် | တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|
| ၁၀ | စစ်ကိုင်း | ကလေးဝမြို့နယ်ဆေးရုံ ဓာတ်မှန်ခန်းပါ (၂)ထပ်တိုးချဲ့ဆောင် ဆောက်လုပ်ခြင်း | ၂၆.၃.၂၀၁၈ | ၄၅၁.၀၀၀ |
| | | အင်းတော်မြို့နယ်၊ မဲဇာတိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်း | ၇.၂.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ခန္တီးမြို့နယ်ဆေးရုံ (၂)ထပ်လူနာဆောင် ဆောက်လုပ်ခြင်း | ၃၀.၅.၂၀၁၈ | ၄၀၅.၀၀၀ |
| | | လဟယ်မြို့နယ်ဆေးရုံ တိုးချဲ့လူနာဆောင် (၁၃၄' x ၅၆') ဆောက်လုပ်ခြင်း | ၂၈.၅.၂၀၁၈ | ၁၈၁.၀၀၀ |
| | | မြောင်မြို့နယ်ဆေးရုံ(၂)ထပ်လူနာဆောင်ဆောက်လုပ်ခြင်း | ၂၆.၃.၂၀၁၇ | ၄၀၃.၀၀၀ |
| | | တမူးမြို့နယ်ဆေးရုံခွဲစိတ်ခန်းနှင့် ICU ပါ (၂)ထပ် လူနာဆောင် ဆောက်လုပ်ခြင်း | ၅.၇.၂၀၁၇ | ၄၄၅.၀၀၀ |
| | | ချောင်းဦးမြို့နယ်ဆေးရုံ (၂)ထပ်လူနာဆောင် ဆောက်လုပ်ခြင်း | ၂၅.၉.၂၀၁၈ | ၄၀၃.၀၀၀ |
| | | ကျွန်းလှမြို့နယ်၊ ကုက္ကိုကုန်းတိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်း | ၂၆.၂.၂၀၁၈ | ၃၉၀.၀၀၀ |
| | | တန့်ဆည်မြို့နယ်၊ စိန်နန်းတိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်း | ၃၀.၅.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ပုလဲမြို့နယ်၊ ချင်ပြစ်တိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်း | ၈.၂.၂၀၁၉ | ၃၉၀.၀၀၀ |
| ၁၁ | မကွေး | မကွေးမြို့ခုတင်(၂၀၀) ဆံ့ သင်ကြားရေးဆေးရုံကြီး အထပ်မြင့် တိုးချဲ့ဆောင် ဆောက်လုပ်ခြင်း (၁၈၀၀၀) စ/ပေ နှင့် ရေ၊ မီးရရှိရန် ဆောင်ရွက်ခြင်း | ၂၈.၁၂.၁၇ | ၅၁၈.၀၀၀ |
| | | ချောက်မြို့နယ်(၂၅)ခုတင်ဆံ့ဆေးရုံအား ခုတင်၅၀ အဆင့်မြှင့်တင်ရန် အတွက် (၂) ထပ်တိုးချဲ့ဆောင် (၁၅၀' x ၅၆') ဆောက်လုပ်ခြင်းနှင့် ရေ၊ မီး ရရှိရန် ဆောင်ရွက်ခြင်း | ၁၉.၂.၂၀၁၈ | ၄၀၉.၅၀၀ |
| | | ချောက်မြို့နယ်၊ လင်းတကိုင်းတိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်း | ၂၆.၂.၂၀၁၈ | ၆၃၃.၇၇၀ |
| | | တောင်တွင်းကြီးမြို့နယ်၊ ကိုးပင်တိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်း | ၂၈.၂.၂၀၁၈ | ၆၃၃.၇၇၀ |
| | | တောင်တွင်းကြီးမြို့နယ်၊ ပရပ်ကြယ်တိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်း | ၂၈.၂.၂၀၁၈ | ၆၃၃.၇၇၀ |
| | | စလင်းမြို့နယ်၊ သရက်တောတိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်း | ၁၂.၃.၂၀၁၈ | ၆၃၃.၇၅၀ |
| | | ပွင့်ဖြူမြို့နယ်သရက်တောတိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်း | ၁၄.၃.၂၀၁၈ | ၆၄၆.၈၀၀ |
| | | ကံမမြို့နယ်ပြည်သူ့ဆေးရုံ (၂၅) ခုတင်ဆံ့မှ ခုတင် (၅၀) ဆံ့အဖြစ် အဆင့်မြှင့်တင်ရန်အတွက် တိုးချဲ့ဆောင် (၁၃၄' x ၅၆') ဆောက်လုပ်ခြင်း နှင့် ရေ၊ မီးရရှိရန် ဆောင်ရွက်ခြင်း | ၂၀.၃.၂၀၁၈ | ၁၈၃.၁၀၀ |
| | | မင်းလှမြို့နယ်၊ လက်ပံတခါးတိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်း | ၁၃.၃.၂၀၁၈ | ၆၃၃.၈၀၀ |
| ၁၂ | ပဲခူး | ကျောက်ကြီးမြို့နယ်၊ကျွန်းပင်စိပ်တိုက်နယ်ဆေးရုံစံကိုက်ဆောက်လုပ်ခြင်း | ၁၉.၆.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်တိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်း | ၁၅.၆.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ထန်းတပင်မြို့နယ်၊ လှည်းလမ်းကူးတိုက်နယ်ဆေးရုံ တိုးချဲ့လူနာဆောင် ဆောက်လုပ်ခြင်း | ၂၃.၃.၂၀၁၈ | ၂၀၉.၀၀၀ |
| | | ဖြူးမြို့နယ်၊ ဇေယျာဝတီတိုက်နယ်ဆေးရုံတွင် တိုးချဲ့လူနာဆောင် ဆောက်လုပ်ခြင်း | ၂၂.၃.၂၀၁၈ | ၁၈၆.၉၀၀ |
| | | ပေါက်ခေါင်းမြို့နယ်၊ ခမ္ဘသော်တိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်း | ၂၄.၃.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ပေါက်ခေါင်းမြို့နယ်၊ တောင်လယ်တိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်း | ၂၃.၃.၂၀၁၈ | ၃၉၀.၀၀၀ |
| | | ပန်းတောင်းမြို့နယ်၊ ထုံးဘိုတိုက်နယ်ဆေးရုံ စံကိုက် ဆောက်လုပ်ခြင်း | ၃၁.၃.၂၀၁၈ | ၃၉၀.၀၀၀ |
| | | မိုးညိုမြို့နယ်ဆေးရုံတွင် တိုးချဲ့(၂)ထပ် လူနာဆောင် ဆောက်လုပ်ခြင်း | ၁၄.၇.၂၀၁၈ | ၄၀၅.၀၀၀ |

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | ဆေးရုံအမည် | ပြီးစီးသည့်နှစ် | တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|
| ၁၃ | တနင်္သာရီ | ထားဝယ်မြို့နယ်ပြည်သူ့ဆေးရုံတွင် တိုးချဲ့(၂)ထပ်ဆောင် ဆောက်လုပ်ခြင်း | ၃၁.၁၀.၂၀၁၆ | ၃၄၅.၀၀၀ |
| | | တနင်္သာရီမြို့နယ်ပြည်သူ့ဆေးရုံတွင် တိုးချဲ့(၁)ထပ်လူနာဆောင် ဆောက်လုပ်ခြင်း | ၁.၃.၂၀၁၈ | ၂၅၄.၅၀၀ |
| | | ကျွန်းစုမြို့နယ်၊ တာရပိုင်းတိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း | ၁.၁.၂၀၁၈ | ၃၉၀.၀၀၀ |
| | | သရက်ချောင်းမြို့နယ်ဆေးရုံတွင် တိုးချဲ့(၂)ထပ်ဆောင် ဆောက်လုပ်ခြင်း | ၂၅.၄.၂၀၁၈ | ၄၀၀.၀၀၀ |

ထို့အပြင် ကျေးလက်ဒေသနေပြည်သူလူထုအတွက် ပဏာမကျန်းမာရေး စောင့်ရှောက်မှုပေးရာ ကျေးလက်ကျန်းမာရေးဌာန (၇၁)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (၂၀)ခုကို တိုးချဲ့ဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပြည်သူများ အသုံးပြုလျက်ရှိသော အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်း နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲစမ်းသပ်နိုင်ရန် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲအဆောက်အဦကိုလည်းကောင်း၊ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အားကစားနှင့်ကာယသိပ္ပံကျောင်း (၂)ကျောင်း၊ အားကစားကွင်း (၁၈)ကွင်းနှင့် အားကစားရုံ(၄၉)ရုံကိုလည်းကောင်း၊ တိုင်းရင်းဆေးရုံ (၁)ရုံနှင့် တိုင်းရင်းဆေးကုခန်း (၄)ခုကိုလည်းကောင်း ဝန်ထမ်းအိမ်ရာအခန်းပေါင်း (၂,၂၄၇)ခန်းကိုလည်းကောင်း ဆောက်လုပ်ပေးနိုင်ခဲ့ပါသည်။

## ၂။ ဘဏ္ဍာငွေ

နိုင်ငံတော်အစိုးရသည် ပြည်သူများအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် နှစ်စဉ်ဘဏ္ဍာငွေတိုးတက်ခွင့်ပြုလျက်ရှိရာ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စုစုပေါင်း ကျပ်သန်း (၇၄၈,၂၇၈)သန်းကိုလည်းကောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ကျပ်သန်း (၈၅၃,၉၄၂) သန်းကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ် (၆)လတာအတွင်း ကျပ်သန်း (၃၅၇,၈၈၃)သန်းကိုလည်းကောင်း ခွင့်ပြုသုံးစွဲခဲ့ပါသည်။ အဆိုပါ ဘဏ္ဍာငွေဖြင့် ဆေးရုံ/ ကျန်းမာရေးဌာန/ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ ဆေးဝါး/ဆေးပစ္စည်း/ စက်ကိရိယာပစ္စည်းများ ဝယ်ယူခြင်းအပြင် ဝန်ထမ်းများ၏ အရည်အသွေး ပိုမိုတိုးတက်စေရေးနှင့် နိုင်ငံတကာအတွေ့အကြုံရရှိစေရန် **ပညာသင်စေလွှတ်ခြင်း** အတွက်ပါ သုံးစွဲခဲ့ရာ ၂၀၁၆ ခုနှစ်၊ ဧပြီလမှစ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်း စုစုပေါင်း မြန်မာငွေ (၃၁၉)သန်း အကုန်အကျခံ ပံ့ပိုးပေးခဲ့ပါသည်။

တန်ဖိုးကြီးဆေးရုံသုံးပစ္စည်းများဖြစ်သည့် MRI Scan/ CT Scan / Oxygen Plant/ Cobalt 60 Machine ဓာတ်ရောင်ခြည်စက်အပါအဝင် စုစုပေါင်း (၈,၀၄၆) သန်းသုံးစွဲ၍ ဝယ်ယူဖြည့်ဆည်းပေးခဲ့ပါသည်။ ထို့အပြင်ကင်ဆာရောဂါဝေဒနာရှင်များ ကင်ဆာဆေးဝါးများကြောင့် ငွေကုန်ကြေးကျများနေရခြင်း မဖြစ်စေရန်အတွက် ဝန်ကြီးဌာနဘဏ္ဍာငွေဖြင့် ကင်ဆာဆေးဝါးများကို ကျပ် (၆,၄၂၁) သန်းကျော်ကို အကုန်ကျခံဝယ်ယူ ဖြည့်ဆည်းပေးခဲ့ပါသည်။

သုတေသနဖွံ့ဖြိုးတိုးတက်မှုသာ မိမိတို့ဝန်ထမ်းများနှင့် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတိုးတက်မည်ဖြစ်သဖြင့် ၂၀၁၆ ခုနှစ်၊ ဧပြီလမှစ၍ သုတေသနလုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေကို ဝန်ကြီးဌာနမှ ပံ့ပိုးလျက်ရှိရာ -

- ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း (၁,၀၀၀)
- ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စတင်ဘာလအထိ ကျပ်သန်းပေါင်း (၅၀၀)
- ၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း (၁၅၀၀) ပံ့ပိုးပေးခဲ့ပါသည်။

## ၃။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ

### ဝန်ထမ်းသစ်ခန့်ထားခြင်း

၂၀၁၆ ခုနှစ်၊ ဧပြီလမှစတင်ပြီး ဝန်ထမ်းသစ်ခန့်ထားခြင်းမှာ လက်ထောက်ဆရာဝန် (၂,၇၂၇) ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် (၄၃၄)ဦး၊ လက်ထောက်ကျန်းမာရေးမှူး (၆၀၀) ဦး၊ သူနာပြု/သားဖွားဆရာမ (၈,၈၁၀) ဦး၊ သူနာပြုအကူ (၁,၀၈၄) ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) (၃,၀၀၀) ဦး၊ ဆေးဘက်ကျွမ်းကျင် (၈၉၆) ဦးအပါအဝင် အရာထမ်း (၃,၁၉၂) ဦးနှင့် အမှုထမ်း (၂၁,၁၄၈) ဦး စုစုပေါင်း ဝန်ထမ်း (၂၄,၃၄၀) ဦး အသစ်ထပ်မံခန့်ထားနိုင်ခဲ့ပါသည်။

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ သင်ကြားရေး၊ လေ့ကျင့်ရေးနှင့် မွေးထုတ်ရေးဆောင်ရွက်ချက်**

**ဘွဲ့ကြိုသင်တန်းအသစ်(၂)ခုတိုးချဲ့ဖွင့်လှစ်ခြင်း**

ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ကျန်းမာရေးသတင်းအချက်အလက်နည်းပညာ) B.Med.Tech (Health Information) နှင့် ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဓာတ်ရောင်ခြည်ကုသမှုနည်းပညာ) B.Med.Tech (Radiotherapy Technology) ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (၂)ခုတွင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်ဖွင့်လှစ် သင်ကြားလျက်ရှိပါသည်။

**ဘွဲ့လွန်သင်တန်းအသစ်(၁၀)မျိုးတိုးချဲ့ဖွင့်လှစ်ခြင်း**

**မဟာသိပ္ပံသင်တန်း(၆)မျိုး**

(၁) ကျန်းမာရေးမဟာသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး)
(၂) ဆေးဝါးမဟာသိပ္ပံ (ပရဆေးဗေဒ)
(၃) ဆေးဝါးမဟာသိပ္ပံ (ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ)
(၄) ဆေးဝါးမဟာသိပ္ပံ (ဆေးဝါးဖော်စပ်ရေးဗေဒ)
(၅) ဆေးဝါးမဟာသိပ္ပံ (ဆေးလက်တွေ့ဆေးဝါးသိပ္ပံ)
(၆) သူနာပြုမဟာသိပ္ပံ (အထွေထွေသူနာပြု)

**ပါရဂူဘွဲ့သင်တန်း(၄)မျိုး**

(၁) ဆေးလက်တွေ့ပါရဂူဘွဲ့ (စိတ်ကျန်းမာပညာ)
(၂) ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းနှင့်သည်းခြေလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုပညာ)
(၃) ဆေးလက်တွေ့ပါရဂူဘွဲ့ (အပူပိုင်းကူးစက်ရောဂါပညာ)
(၄) သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့်မျက်နှာ မေးရိုးခွဲစိတ်ကုပညာ)

- ❖ လက်ရှိတွင် ဒီပလိုမာဘွဲ့လွန်သင်တန်း (၁၁)ခု၊ မဟာသိပ္ပံသင်တန်း (၅၈)ခု၊ ပါရဂူဘွဲ့လွန်သင်တန်း (၁၄)ခု၊ ဆေးလက်တွေ့ ပါရဂူဘွဲ့သင်တန်း (၄၃)ခု၊ စုစုပေါင်း ဘွဲ့လွန်သင်တန်းပေါင်း (၁၂၆)ခု ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။

**သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်လျော်ညီစွာ ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲခြင်း**

- ❖ သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်) နှင့် (ပေါင်းကူး) သင်တန်းများ၊ သူနာပြု/သားဖွား ဒီပလိုမာ (၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်းများ၏ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာနှင့်အညီဖြစ်စေရေးအတွက် ပြန်လည်သုံးသပ်၍ **(Semester Credit System)** ဖြင့်အညီ သင်ကြားပေးရန် ပြင်ဆင်ရေးဆွဲပြီး ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် သူနာပြုဘွဲ့(ပုံမှန်) သင်တန်းမှစ၍ သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားပေးပြီး၊ ဒီပလိုမာသင်တန်းများအတွက် ၂၀၁၈ ပညာသင်နှစ်မှစ၍ သင်ကြားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
- ❖ B.N.Sc (Bridge) Off-Campus (၂)နှစ် သင်တန်းကို ၂၀၁၉ ပညာသင်နှစ်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းအတွက် စုစုပေါင်း (၃၂၅)ဦး တက်ရောက်ခွင့်ပြုခဲ့ပါသည်။
- ❖ ဆေးတက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းကိုလည်း Integrated Curriculum ဖြင့် သင်ကြားနိုင်ရေး ပြင်ဆင်ရေးဆွဲလျက်ရှိပြီး၊ ၂၀၁၈ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် သင်တန်းများမှစ၍ သင်ကြားပို့ချမည်ဖြစ်ပါသည်။

## (၂၀၁၆) ခုနှစ်၊ ဧပြီလမှ (၂၀၁၈)ခုနှစ်၊ ဒီဇင်ဘာလအထိ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် မွေးထုတ်နိုင်မှုအခြေအနေ

| စဉ် | သင်တန်းအမျိုးအစား | မွေးထုတ်ဦးရေ ၂၀၁၆-၂၀၁၇ | မွေးထုတ်ဦးရေ ၂၀၁၈ |
|---|---|---|---|
| ၁။ | ဆေးပညာဘွဲ့ | ၃၇၄၇ | ၁၈၆၄ |
| ၂။ | သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ | ၂၅၁ | ၂၃၁ |
| ၃။ | ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ | ၂၃၁ | ၂၄၅ |
| ၄။ | ဆေးဝါးသိပ္ပံဘွဲ့ | ၂၁၆ | ၁၉၅ |
| ၅။ | သူနာပြုသိပ္ပံဘွဲ့ | ၅၃၉ | ၈၀၀ |
| ၆။ | ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာ) | ၁၀၉ | ၁၃၆ |
| ၇။ | သူနာပြုဒီပလိုမာ | ၂၉၂၃ | ၁၈၂၆ |
| ၈။ | အထူးပြုသူနာပြုဒီပလိုမာ | ၃၀၉ | - |
| ၉။ | သွားတုလုပ်ငန်းကျွမ်းကျင်မှုဒီပလိုမာ | ၁၉ | ၁၂ |
| ၁၀။ | သားဖွားဆရာမ | ၂၅၅၀ | ၁၂၆၄ |
| ၁၁။ | အမျိုးသမီးကျန်းမာရေးဆရာမ | ၂၉၉ | ၁၄၉ |
| ၁၂။ | ဒီပလိုမာ | ၅၀၈ | ၆၁ |
| ၁၃။ | ဆေးပညာမဟာသိပ္ပံ | ၁၃၃၆ | ၁၀၈ |
| ၁၄။ | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ | ၆၇ | ၄၈ |
| ၁၅။ | ဆေးဝါးမဟာသိပ္ပံ | ၁၉ | ၇ |
| ၁၆။ | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ | ၃၄ | ၁၁ |
| ၁၇။ | သူနာပြုမဟာသိပ္ပံ | ၈၄ | - |
| ၁၈။ | ပါရဂူ | ၄၇ | ၁၆ |
| ၁၉။ | ဆေးလက်တွေ့ပါရဂူ | ၁၃၈ | ၃၉ |
| ၂၀။ | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ | ၁၆ | ၁ |
| ၂၁။ | ကျန်းမာရေးမဟာသိပ္ပံ (အခြေခံကျန်းမာရေး) | - | ၃ |
| ၂၂။ | လက်ထောက်ကျန်းမာရေးမှူး (အကျဉ်းချုံး) | - | ၁၂၂ |

**ကျန်းမာရေးလုပ်ငန်းဆိုင်ရာအလုပ်အကိုင်ကျွမ်းကျင်မှုသင်တန်းများပေါ်ပေါက်လာရေး ကြိုးပမ်းမှု**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)အောက်ရှိ ကျန်းမာရေးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင် ကျွမ်းကျင်မှု“စံ” သတ်မှတ်ရေးကော်မတီမှ ရေးဆွဲမည့်အလုပ်အကိုင် (၆)မျိုး အနက် **အကူသူနာပြုအလုပ်အကိုင်နှင့် သက်ကြီးရွယ်အိုစောင့်ရှောက်သူအလုပ်အကိုင်** ကျွမ်းကျင်မှုဆိုင်ရာ “စံ” များ သတ်မှတ်ရေးဆွဲရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို (၂၉-၁-၂၀၁၈) မှ (၂-၂-၂၀၁၈)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ အကူသူနာပြုနှင့် သက်ကြီးရွယ်အို စောင့်ရှောက်ပေးသူအလုပ်အကိုင်များ၏ ကျွမ်းကျင်မှု“စံ”များကို အတည်ပြုပြီးမြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် **သက်ကြီးရွယ်အိုစောင့်ရှောက်မှုသင်တန်းကို ၂၀၁၉ ခုနှစ်၊ မတ်လတွင်** စတင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။

**သူနာပြုနှင့်သားဖွားလောကဖွံ့ဖြိုးတိုးတက်ရေး**

ကျန်းမာရေးစောင့်ရှောက်မှုတွင် ဆရာဝန်များနည်းတူ အဓိကကျသော သူနာပြုများနှင့် နေရာအနှံ့ပြည်သူလူထုကို ရှေ့တန်းမျက်နှာမှ ကျန်းမားရေးစောင့်ရှောက်မှုပေးလျက်ရှိသော သားဖွားဆရာမများ အရည်အသွေးတိုးတက်စေရေးအတွက် မြန်မာတစ်နိုင်ငံလုံးရှိ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (၅၀)အတွက် ခေတ်မီသင်ကြားရေးဆိုင်ရာ ဘာသာရပ်စာတမ်းများ၊ ခေတ်မီသင်ထောက်ကူပညာများ ပံ့ပိုးခြင်း၊ အာဆီယံနှင့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများကို အသစ်ပြုပြင်ရေးဆွဲ၍ ၂၀၁၈ ခုနှစ်မှစ၍ အကောင်အထည်ဖော် သင်ကြားနိုင်ခဲ့ခြင်း၊ Midwifery Workpfore Policy and Planning Framework ကို ပြုစုနိုင်ခဲ့ခြင်း၊ သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး) (၂) နှစ်သင်တန်းနှင့် (၁)နှစ် သင်တန်းများဖွင့်လှစ်နိုင်ခြင်း၊ သူနာပြု/သားဖွားဝတ်စုံစရိတ်နှင့် စားစရိတ်တို့ တိုးမြှင့်ခံစားစေခဲ့ခြင်း၊ ပြည်ပနိုင်ငံများသို့ပညာတော်သင်တန်း Ph.D သင်တန်းအတွက် (၁၀)ဦး၊ M.N.Sc သင်တန်းအတွက် (၁၅)ဦး၊ စေလွှတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ၄။ e-Government ဆိုင်ရာဆောင်ရွက်ချက်များ

နိုင်ငံတော်အစိုးရသည် e-Government အသွင် ကူးပြောင်းဆောင်ရွက်နည်းတူ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် စီမံခန့်ခွဲမှုစနစ်များ ပိုမိုထိရောက် အောင်မြင်စေရန်၊ ကျန်းမာရေး သတင်းအချက်အလက်၊ ကျန်းမာရေးအသိပညာပေးရာတွင် အချိန်နှင့်တစ်ပြေးညီ ကောင်းမွန်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေလျက်ရှိပါသည်။

- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website Address - www.mohs.gov.mm မှတစ်ဆင့် ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ သတင်းကြေညာချက်များ၊ ထုတ်ပြန်ချက်များ၊ ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များ၊ ကျန်းမာရေး သတင်းအချက်အလက်များ၊ ကျန်းမာရေးစီမံကိန်းများနှင့် နည်းဗျူဟာများ၊ စီမံချက်များ၊ လုပ်ငန်းလမ်းညွှန်များ၊ အစီရင်ခံစာများအား အချိန်နှင့်တစ်ပြေးညီ အများပြည်သူသို့ အသိပေးလွှင့်တင်ခြင်း၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ဆေးနှင့်ကျန်းမာရေးဆိုင်ရာတက္ကသိုလ်များတွင်လည်း Website များထူထောင်ခြင်း၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၊ ဆေးရုံများအား အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ရန်၊ သတင်းအချက်အလက်များ ပေးပို့ရာတွင် ပိုမိုလုံခြုံစိတ်ချရန်နှင့် လျင်မြန်ချောမွေ့စေရန်အတွက် ဝန်ကြီးဌာန၏ Mail Exchange Server (mail.mohs.gov.mm) အား တည်ထောင်ဆောင်ရွက်ခြင်း၊
- ဝန်ထမ်းရေးရာကိစ္စရပ်များအား ပိုမိုထိရောက်အောင်မြင်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်အင်အားစာရင်း (Health Manpower Database) အား ဆောင်ရွက်ခြင်း၊

- ကျေးလက်ကျန်းမာရေးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ၊ ကျန်းမာရေးသတင်းအချက်အလက်လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ခေတ်မီပြောင်းလဲတိုးတက်လာသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များနှင့်အညီ စံပြုကျန်းမာရေးဆိုင်ရာ အချက်အလက်များ စာအုပ်အပါအဝင် အသိပညာပေးအချက်အလက်များ၊ Application များ ထည့်သွင်းထားသည့် မိုဘိုင်းဖုန်း Tablet များ အသုံးပြု၍ ပိုမို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
    - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် (၂၁-၁၀-၂၀၁၈) ရက်နေ့တွင် ကယားပြည်နယ်၊ (၅-၁၁-၂၀၁၈) ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ (၁၂-၁၁-၂၀၁၈) ရက်နေ့တွင် မွန်ပြည်နယ်၊ (၂၀-၁၁-၂၀၁၈) ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ (၉-၁၂-၂၀၁၈) ရက်နေ့တွင် ကရင်ပြည်နယ်၊ (၃၁-၁၂-၂၀၁၈) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ (၁၃-၁-၂၀၁၉) ရက်နေ့တွင် ရခိုင်ပြည်နယ်တို့မှ မြို့နယ်/တိုက်နယ်ဆရာဝန် စုစုပေါင်း (၄၀၂) ဦးနှင့် အခြေခံကျန်းမာရေးဝန်ထမ်းစုစုပေါင်း (၁၀,၇၈၄) ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ စာအုပ်စာတမ်းများနှင့် Application များ ထည့်သွင်းထားသည့် Mobile Tablet များ ဖြန့်ဝေပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။
- ဆေးနှင့်ဆေးပစ္စည်း စီမံခန့်ခွဲမှုစနစ် (Logistics Management Information System) ရေးဆွဲ ဆောင်ရွက်ခြင်း၊
- DHIS-2 Web-based Platform အသုံးပြု၍ အီလက်ထရောနစ် ကျန်းမာရေးသတင်းစနစ်လုပ်ငန်း (Electronic Health Management Information System: e-HMIS) အနေဖြင့် ပြည်သူ့ကျန်းမာရေးသတင်းစနစ် (Public Health Statistics) အား မြို့နယ်အားလုံးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဆေးရုံသတင်းစနစ် (Hospital Statistics) အား စမ်းသပ်ဆောင်ရွက်လျက်ရှိခြင်း၊
- Geographic Information System (GIS) နည်းပညာအသုံးပြု၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၏ Geo-database နှင့် တည်နေရာပြမြေပုံများ ပြုစုခြင်းနှင့် ကျန်းမာရေးဌာနစာရင်း (Electronic Health Facility Registry) ပြုစုခြင်း၊
- Online CME ပို့ချမည့်အစီအစဉ်အား World Medical Association နှင့် Myanmar Medical Association တို့ပူးပေါင်း၍ ၂၀၁၉ ခုနှစ်အတွင်း စတင်ဆောင်ရွက်မည်ဖြစ်ခြင်း၊
- **ခေတ်မီဆက်သွယ်ရေး နည်းပညာသုံး ဓာတ်မှန်စက် (Tele-radiology) ဖွင့်လှစ်နိုင်ခြင်း၊**
    - (၂၀၁၈)ခုနှစ်၊ ဒီဇင်ဘာလ (၃၀)ရက်နေ့တွင် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ပြည်နယ်များတွင် ပထမဆုံးအဖြစ် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် မွန်ပြည်နယ်ရှိ ကျိုက်မရော၊ ဘီးလင်းနှင့် ချောင်းဆုံမြို့နယ် (၃)မြို့နယ်တွင် အသုံးပြုရန် Digital ဓာတ်မှန်စက်များနှင့် ဆက်စပ်ပစ္စည်းများအတွက် ဝန်ကြီးဌာနမှ ဘဏ္ဍာငွေ ကျပ် သိန်း(၄,၂၀၀) ခန့် ကျခံသုံးစွဲ၍ ဆောင်ရွက်ခဲ့ပါသည်။
    - ယင်းသို့ Digital ဓာတ်မှန်စက်ကို အသုံးပြု၍ ဓာတ်မှန်ဆရာဝန်မရှိသည့် နေရာဒေသတစ်ခုတွင် ရိုက်ကူးထားသော ဓာတ်မှန်ကို အဝေးတစ်နေရာရှိ ဓာတ်မှန်ပါရဂူကြီးတစ်ဦးက ရောဂါအဖြေရှာ စစ်ဆေးပေးနိုင်ကာ ပိုမိုအရည်အသွေး ပြည့်ဝသော ကုသမှုမျိုးပေးနိုင်မည် ဖြစ်သဖြင့် ပြည်သူများ အထူးသဖြင့် သွားလာရခက်ခဲသော နေရာဒေသတွင် နေထိုင်သူများအတွက် လွန်စွာအကျိုးရှိမည်ဖြစ်ပါသည်။ မွန်ပြည်နယ်တွင် ခေတ်မီဆက်သွယ်ရေး နည်းပညာသုံးဓာတ်မှန်စက် (Tele-radiology) အသုံးပြု ဆောင်ရွက်မှုများကို ဆန်းစစ်သုံးသပ်ပြီး ၎င်းအတွေ့အကြုံများကို အခြေခံ၍ သွားလာရ ခက်ခဲသော ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်များကို ဦးစားပေးသတ်မှတ်ကာ အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
    - ဝန်ကြီးဌာနမှ ဖြန့်ဝေလျက်ရှိသည့် Mobile Tablet များကို အသုံးပြု၍ ယခုကဲ့သို့ ခေတ်မီဆက်သွယ်ရေးနည်းပညာသုံး ဓာတ်မှန်စက် (Tele-radiology)ဖြင့် ရောဂါစစ်ဆေးအဖြေထုတ်ခြင်းလုပ်ငန်းများတွင် ဆောင်ရွက်သွားနိုင်ရန်လည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၅။ အမျိုးသားကျန်းမာရေးစီမံကိန်းအကောင်အထည်ဖော်ခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် အစိုးရသစ်လက်ထက် ကျန်းမာရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ရပ်အား စတင်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ် စက်တင်ဘာလမှစ၍ စီမံကိန်းရေးဆွဲရေး ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များကို အသီးသီး ဖွဲ့စည်းလျက် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်အဆင့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ လူထုဗဟိုပြုအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့များ၊ ဖွံ့ဖြိုးမှု မိတ်ဆက်အဖွဲ့များ၊ ပညာရှင်အသင်းအဖွဲ့များနှင့်ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍများ အားလုံးပူးပေါင်းပါဝင်လျက် အမျိုးသားကျန်းမာရေး စီမံကိန်းအား ၂၀၁၇-၂၀၂၁ ကာလအတွက် ပြုစုရေးဆွဲခဲ့ကြပါသည်။ ၎င်းအမျိုးသားကျန်းမာရေးစီမံကိန်း၏ အသိပေးဖြန့်ဝေခြင်း အခမ်းအနားကို ၂၀၁၆ ခုနှစ် မတ်လတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ အဖွင့်မိန့်ခွန်း ပြောကြား၍ ဝန်ကြီးဌာနမှ တာဝန်ရှိသူများမှ ရှေ့ဆက်လုပ်ဆောင်ရမည့် စီမံကိန်း၏ လုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြားခဲ့ပါသည်။

၎င်းအမျိုးသားကျန်းမာရေးစီမံကိန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အသေးစိတ် အကောင်အထည်ဖော်ရမည့် နှစ်အလိုက် စီမံကိန်းများ (Annual Operational Plan)များအဖြစ် အသွင်ပြောင်းပြီး ချမှတ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရ၏ (၃)နှစ်တာကာလအတွင်း အဓိက ဆောင်ရွက်ထားရှိမှုများမှာ -

- ကျေးလက်ကျန်းမာရေးဌာနများနှင့် ဌာနခွဲများအား အမျိုးသားကျန်းမာရေးစီမံကိန်း ပထမနှစ်နှင့် ဒုတိယနှစ် မြို့နယ်များတွင် ဆောက်လုပ်မှု ဘက်ဂျက်ဦးစားပေး ရရှိစေရန်အတွက် ကျန်းမာရေးဌာနဆိုင်ရာ ဆန်းစစ်ချက်များ၊ ပြည်နယ်တိုင်း ကျန်းမာရေး ဌာနများနှင့် ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံကိန်းများ ရေးဆွဲခဲ့ခြင်း၊
- အခြေခံကျသော မရှိမဖြစ်ကျန်းမာရေးစောင့်ရှောက်မှုအစုဖွဲ့ (BEPHS) တွင် ပါဝင်မည့် ကျန်းမာရေးစောင့်ရှောက်မှုစာရင်းအား အပြီးသတ် အတည်ပြုခဲ့ခြင်း၊
- အခြေခံကျသော မရှိမဖြစ်ကျန်းမာရေးစောင့်ရှောက်မှု (Basic EPHS) (ကုသရေးပိုင်း) အတွက် ကုသရေးလမ်းညွှန်များအား ဘာသာရပ်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများနှင့်ဆွေးနွေး၍ ရေးဆွဲပြုစုခြင်း၊
- အခြေခံကျသော မရှိမဖြစ်ကျန်းမာရေးစောင့်ရှောက်မှုအစုဖွဲ့ (BEPHS) တွင် ပါဝင်မည့် ကျန်းမာရေးစောင့်ရှောက်မှုများအား ကုန်ကျစရိတ် တွက်ချက်ခြင်း၊
- ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ မဟာဗျူဟာ(၂၀၁၈-၂၀၂၂) အား ရေးဆွဲအတည်ပြုချက်ရယူခဲ့ခြင်း၊
- အခြေခံကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းတာဝန်ဝတ္တရားများအား ပြန်လည်ဆန်းစစ်၍ လက်ရှိကာလနှင့် လိုက်လျောညီထွေ စွာ ပြန်လည်ရေးဆွဲ ထုတ်ပြန်ခဲ့ခြင်း၊
- ကျေးလက်ဒေသများတွင် ကျန်းမာရေးဝန်ထမ်းများ တာဝန်ထမ်းဆောင်မှုရှိစေရန်အတွက် မူဝါဒများရေးဆွဲလျက်ရှိခြင်း၊
- မြန်မာကျန်းမာရေးဘဏ္ဍာဆိုင်ရာ အခြေအနေဆန်းစစ်ချက်အား ရေးဆွဲခဲ့ခြင်း၊
- ကျန်းမာရေးစောင့်ရှောက်မှုများ ပြည်သူလူထုမှရယူရာတွင် ငွေကြေးအခက်အခဲ တစ်စုံတစ်ရာမဖြစ်စေဘဲ ရရှိနိုင်ရန်အတွက် ရည်ရွယ်၍ မြန်မာကျန်းမာရေး ဘဏ္ဍာဆိုင်ရာ မဟာဗျူဟာအား ရေးဆွဲလျက်ရှိခြင်း။

## ၆။ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အလှူရှင်အဖွဲ့အစည်းများဖြစ်သည့် Giva, Global Fund, Access to Health Fund, DFID, USAID, World Bank စသည့် အဖွဲ့အစည်းများနှင့်လည်းကောင်း၊ WHO, UNICEF, UNAIDS, UNDP, FAO, WFP စသော UN Agency တို့နှင့်လည်းကောင်း၊ TICA, JICA, KOICA စသည့် အကူအညီပေးရေးအေဂျင်စီများနှင့်လည်းကောင်း ပူးပေါင်း ဆောင်ရွက်၍ ကျန်းမာရေးစီမံချက်ပေါင်းများစွာကို မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့သို့ ဆောင်ရွက်ရာတွင် ပြင်ပအကူအညီများကို ထိရောက်စနစ်ကျစွာ သုံးစွဲနိုင်ရေး၊ ဆောင်ရွက်နေသော ဒေသ/စီမံချက်များ ထပ်တူညီနေခြင်းမျိုး မဖြစ်စေရေးအတွက် Geographical and Technical Mapping များပါဝင်သော 'Health Partners Profile 2018' ကိုလည်း ပြုစုထုတ်ဝေ ၍ နိုင်ငံတော် အကြီးအကဲများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ မိတ်ဘက်အဖွဲ့အစည်းများထံ ဖြန့်ဝေမျှဝေခြင်း ဆောင်ရွက်လျက်ရှိပါသည်။

**(ဦးစီးဌာနအသီးသီး၏ တိုးတက်အောင်မြင်မှုများကို သတင်းလွှာ အတွဲ (၄)၊ အမှတ် (၂)တွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။)**

https://mohs.gov.mm






**ဆက်သွယ်ရန်လိပ်စာ**

(အကြံပြုချက်များပေးပို့နိုင်ပါသည်)

အယ်ဒီတာအဖွဲ့၊ ရုံးအမှတ် (၄)နှင့် (၄၇)၊

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နေပြည်တော်

ဖုန်း - ၀၆၇ ၃၄၃၁၀၇၁၊ ၀၆၇ ၃၄၃၁၀၈၀၊

ဖက်စ် - ၀၆၇ ၃၄၃၁၃၆၉

Email: newsletter@mohs.gov.mm

Website: https://mohs.gov.mm

Facebook: https://facebook.com/MinistryofHealthandSportsMyanmar